

# နှစ် ၃၀ မြန်မာ့အသံ

ဦးကျော်ညိမ်း၊ မာတလိ၊

၁၇၇၈

# နှစ် ၃၀ မြန်မာ့ အသံ

ဦးကျော်ညိန်း (မာတလိ)

အဖုံးပန်းချီ - ဦးစိန်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမနှိပ်ခြင်း၊ ၁၉၇၉၊ အုပ်ရေ ၂၂,၀၁၁

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးကျော်အုံးက
(မှတ်ပုံတင်အမှတ် ၀၂၃၂၆) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၂၁၅၁)ဖြင့် ထုတ်ဝေသည်။

# မာတိကာ


စာရေးသူ၏အမှာ

၁။ ။အင်္ဂလိပ်ခေတ်အသံလွှင့်လုပ်ငန်း(၁၉၃၇-၁၉၄၂) ၁

ဝန်ထမ်းများဖွဲ့စည်းပုံ ... စတင်အသံလွှင့်ပုံ...
အသံလွှင့်ရုံဖွင့်ပွဲ အစီအစဉ်များတိုးချဲ့ပုံ ...
ဒုတိယကမ္ဘာစစ်ဖြစ်ချိန်

၂။ ။ဂျပန်ခေတ် အသံလွှင့်လုပ်ငန်း(၁၉၄၂-၁၉၄၅) ၁၃

အသံလွှင့်လုပ်ငန်းပြန်စခြင်း ချင်းချောင်း
အသံလွှင့်ရုံ အသံလွှင့်ဌာနပါပြင်လာပြီ ...
အစီအစဉ်များကွပ်ကဲပုံ လေကြောင်းရန်
ပြင်ဆင်ထားခြင်း ငိုအားထက် ရယ်အား
သန်စေ တိုက်ရိုက်အသံလွှင့်ခြင်း ... ဂျပန်
အသံလွှင့်ရုံဇာတ်သိမ်း

၃။ ။အရှေ့တောင်အာရှစစ်ဌာနချုပ်အသံလွှင့်လုပ်ငန်း (၁၉၄၅-၁၉၄၆) ၂၆

၄။ ဗမာ့အသံ တည်ထောင်စ အချိန်(၁၉၄၆-၁၉၄၈) ၂၉

ဗမာ့အသံနှင့် လွတ်လပ်ရေး ကြိုးပမ်းမှု ...
ဗိုလ်ချုပ်တို့ကျဆုံးချိန် မြန်မာ့လွတ်လပ်
ရေးကြေငြာခြင်း

၅။ ။ဝင်ဒါမီယာမှ ဗမာ့အသံ (၁၉၄၈–၁၉၅၈) ၄၇

အသံလွှင့်ချိန်နှင့်အစီအစဉ်များ... ဘောလုံးပွဲ တိုက်ရိုက်အသံလွှင့်ခြင်း.... ကျောင်းသင်ခန်းစာ အသံလွှင့်ခြင်း....လွှတ်တော်မှ တိုက်ရိုက်အသံလွှင့်ခြင်း....

၆။ ။အိမ်စောင့်အစိုးရလက်ထက် မြန်မာ့အသံ (၁၉၅၈–၁၉၆၀) ၅၉

ဗမာ့အသံမှ မြန်မာ့အသံသို့....တွဲဘက် အစီအစဉ် ပေါ်လာခြင်း.... သတင်းဌာန ပေါ်လာခြင်း .... သောတရှင်မဂ္ဂဇင်း ထုတ်ဝေခြင်း.... နိုင်ငံရေးပါတီများ အသံလွှင့်ရခြင်း....

၇။ ။ပြည်လမ်း အသံလွှင့်ရုံသစ်ကြီး (၁၉၆၀–၆၂) ၆၇

ပရိသတ်ရှေ့မှအသံလွှင့် အစီအစဉ်များ.... သတင်းအဖွင့်တီးလုံး.... နိုင်ငံတော်သီချင်း ဓာတ်ပြားသစ်.... ကျွန်းဆွယ်ပွဲမှရလဒ်....

၈။ ။တော်လှန်ရေး အစိုးရနှင့် မြန်မာ့အသံ (၁၉၆၂–၁၉၇၃) ၇၅

ကာကွယ်ရေးဦးစီးချုပ်၏ ကြေငြာချက်.... သတင်းဖတ်သူအမည်ကြေငြာခြင်း....ကြေငြာအစီအစဉ်.... တီထွင်ခြင်း .... အိမ်တိုင်

ယာရောက်နှိုးနှောပလှယ်ပွဲများ....အစီအစဉ်
သစ်များ တီထွင်ခြင်း.... အသံလွှင့်ချိန်တိုး
ခြင်း .... လုပ်ငန်းခွင်သင်တန်းများ....

၉။ ။ယနေ့ မြန်မာ့အသံ ၉၂
မြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန ..
သောဘာရှင်သုတေသနပြုခြင်း ....

နောက်ဆက်တွဲ ၁၀၃
အသံလွှင့်ရုံတခွင် လှည့်လည်မည်ဆိုလျှင်

# စာရေးသူ၏အမှာ

ကျွန်တော်တို့နိုင်ငံတွင် မြန်မာ့အသံဟုဆိုလျှင် ကလေး လူကြီးက အစ မသိသူ မရှိပေ။ ရေဒီယိုရှိလျှင် သို့မဟုတ် ရေဒီယိုသံ ကြားလျှင် မြန်မာ့အသံနှင့် ရင်းနှီးပြီး ဖြစ်နေသည်။

သတင်းစာကို နေ့စဉ်မဖတ်ရလျှင် မနေနိုင်သူများရှိသကဲ့သို့ ရေဒီယိုကို တနေ့မဖွင့်ရ နားမထောင်ရလျှင် မနေနိုင်သူများ ဤနိုင်ငံတွင် အများအပြား ရှိနေကြသည်။ ရေဒီယိုမှ ဟောပြောချက်များ၊ ဇာတ်လမ်းများနှင့် တေးသီချင်းများကိုသာမက အချို့ဆိုလျှင် ရေဒီယိုမှ အသံလွှင့်သမျှ အစီအစဉ်အားလုံးကို နံနက် ၇ နာရီမှ ည ၉ နာရီ မြန်မာပိုင်း အစီအစဉ်များ နိဂုံးချုပ်သည်အထိ တနေ့လုံး အချိန်ပြည့်ဖွင့်၍ နားထောင်ရမှ ကျေနပ်သူများကိုလည်း အများအပြား တွေ့ဘူးပါသည်။

သို့သော် ဤမျှအထိ သောတရှင်များကို ဖမ်းစားထားသော မြန်မာ့အသံ အကြောင်းကိုမူကား သေချာကျနစွာ သိချင်မှသိကြပေလိမ့်မည်။ မြန်မာ့အသံပေါ် စကာလမှယနေ့အထိ မြန်မာ့အသံအကြောင်းကို သိရှိကြသူများ အလွန်နည်းပါးလိမ့်မည် ထင်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်နှင့် တွေ့ကြုံကြသည့် မိတ်ဆွေ အများအပြားကပင် ကျွန်တော့်အား မြန်မာ့အသံအကြောင်းကို နောင်လာနောက်သားများ သိရှိကြစေရန် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တခုတည်းသာ ရှိသော အသံလွှင့်ရုံ (မြန်မာ့အသံ) အကြောင်းကို စာအုပ်တအုပ် အဖြစ် မှတ်တမ်းတင် ရေးသားရန် တိုက်တွန်းပြောဆိုကြပါသည်။ ကျွန်တော်ကလည်း "ဟုတ်ကဲ့၊ ကျွန်တော်ရေးပါမည်" ဟူ၍သာ ပြန်လည်ဖြေကြားခဲ့ပြီးနောက် အချိန်အတန်ကြာသည့်တိုင်အောင် မရေးဖြစ်ခဲ့ပေ။

ထို့နောက် ၁၉၆၇ ခုနှစ်လောက်တွင် စာပေဗိမာန်မှ ညွှန်ကြားရေးမှူး ဦးထင်ကြီးနှင့် တွေ့ဆုံရာ၌လည်း မြန်မာ့အသံအကြောင်း စာအုပ်တအုပ် ရေးသားပြုစုရန် တိုက်တွန်းပြောဆိုခဲ့ပြန်သည်။ သို့သော် စာအုပ်အဖြစ် ရေးသားရန် ရုတ်တရက် မစနိုင်ခဲ့သေး။ တနေ့နေ့တွင် ရေးဖြစ်အောင် ရေးမည်ဟူ၍သာ ဆုံးဖြတ်ထားခဲ့ပါသည်။

ကျွန်တော့်မိတ်ဆွေများက ကျွန်တော့်အား မြန်မာ့အသံအကြောင်း စာအုပ် ရေးသားရန် တိုက်တွန်းကြခြင်းမှာ ကျွန်တော်သည် ၁၉၄၆ ခုနှစ် ဗမာ့အသံဟူ၍ စတင် ပေါ်ပေါက်ခဲ့သည့်အချိန်မှစ၍ ယနေ့အထိ (ဗမာ့အသံ) မြန်မာ့အသံအကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ပြည့်ပြည့်စုံစုံ သိရှိနေသည့် ပုဂ္ဂိုလ်တဦး ဖြစ်ရုံသာမက မြန်မာနိုင်ငံတွင် ရေဒီယို (အသံလွှင့်ရုံ)စတင်ပေါ်ပေါက်ခဲ့သည့် စစ်မဖြစ်မီ ၁၉၃၁ ခုနှစ်ခန့်မှစ၍ အင်္ဂလိပ်အစိုးရ အသံလွှင့်ဌာနတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်ခေတ်အစိုးရအသံလွှင့်ဌာနတွင်လည်းကောင်း အမှုထမ်းခဲ့ဘူးသူ ဖြစ်သဖြင့် မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်းအကြောင်းကို ကျွန်တော်သာလျှင် ပြည့်စုံစွာရေးသား ဖော်ပြနိုင်သိမ့်မည်ဟု ယုံကြည်မျှော်လင့် နေကြသောကြောင့်ဖြစ်ပါသည်။

ကျွန်တော့်မိတ်ဆွေများ၏ ယုံကြည် မျှော်လင့်ထားချက် အတိုင်း မြန်မာ့အသံအကြောင်းကို ဤစာအုပ်တွင် ပြည့်စုံအောင် ကျွန်တော်ကြိုးစား၍ ရေးသားထားပါသည်။ မြန်မာ့အသံ အကြောင်းသာမက၊ မြန်မာ့အသံအား သန္ဓေတည်စေခဲ့သော မြန်မာနိုင်ငံတွင် အသံလွှင့်လုပ်ငန်း စတင်ခဲ့သည့် ၁၉၃၇ ခုနှစ် အင်္ဂလိပ်ခေတ် အသံလွှင့်လုပ်ငန်း၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ စစ်အတွင်း ဂျပန်ခေတ် အသံလွှင့်လုပ်ငန်းတို့ကိုပါ ထည့်သွင်း ဖော်ပြရေးသား ထားပါသည်။

ကျွန်တော်သည် ငယ်ရွယ်စဉ် တက္ကသိုလ် ကျောင်းသားဘဝကပင် နေ့စဉ် မှတ်တမ်း ဒိုင်ယာရီ ရေးမှတ်ခြင်းအလေ့အထ ရှိခဲ့သူတဦးဖြစ်၍ ကျွန်တော်၏ အမှုထမ်းသက် တလျှောက်လုံးတွင် အရေးကြီးသော အချက်အလက်များကို နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ခဲ့ပါသည်။ ဤသို့ နေ့စဉ်မှတ်တမ်း ရေးမှတ်သည့် အလေ့အကျင့်ကြောင့် ယခု ဤစာအုပ်

ကို ပြုစုရေးသားရာတွင် ဒိုင်ယာရီစာအုပ်ပေါင်း ၃၆ အုပ်မှ မှတ်သား ထားချက်များ၏ အကူအညီဖြင့် နေ့စွဲ ရက်စွဲ အတိအကျကို မှန်မှန် ကန်ကန် ဖော်ပြနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ဤစာအုပ်သည် မြန်မာ့အသံ သမိုင်း၏ မှန်ကန်တိကျသော အချက်အလက်များ ပါဝင်သည်ဟု တထစ်ချ ယူဆယုံကြည်စေလိုပါသည်။

ထို့ပြင် အသံလွှင့်ရုံသည် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက် တွင် တိုင်းပြည်အတွက် အဖက်ဖက်မှ ပါဝင်ဆောင်ရွက်ခဲ့ရသည် ဖြစ် သည့်အတိုင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်းကောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်းကောင်း၊ သောင်းကျန်း မှု နှိမ်နင်းရေးလုပ်ငန်းများတွင်လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး လုပ်ငန်းများတွင်လည်းကောင်း မြန်မာ့အသံမှ ဝိုင်းဝန်း ကြိုး ပမ်း ဆောင်ရွက်ပေးခဲ့ပုံများနှင့် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တက်ရောက်လာပြီးနောက် နိုင်ငံတော်အား ဆိုရှယ်လစ်စနစ်သို့ ဦးတည် ချီတက်သွားနိုင်ရန်အတွက် မြန်မာ့အသံက အဖက်ဖက်မှ ပါဝင် လှုံ့ ဆော် ပေးခဲ့ပုံများကိုပါ ဤစာအုပ်တွင် တွေ့မြင်ဖတ်ရှုကြရမည် ဖြစ်ပါ သည်။ သို့ဖြစ်၍ ဤစာအုပ်သည် မြန်မာ့အသံအကြောင်းကို သာမက မြန်မာနိုင်ငံသမိုင်း၏ ဖြစ်စဉ်ဖြစ်ရပ်များကိုပါ မှတ်တမ်းတင်ထားသည့် စာအုပ်တအုပ်အဖြစ် စာဖတ်သူများက ယူဆကြမည်ဆိုလျှင်ပင် ဤ စာအုပ်ကို ရေးသားရကျိုး နပ်ပြီဟု ကျွန်တော်ယုံကြည်မိပါသတည်း။

နောက်ဆုံးတွင် ဤစာအုပ် ပုံမနှိပ်မီ လိုအပ်သေးသည့် အချက် အလက်များကို ဖြည့်စွက်ရေးသားပေးရန် ထောက်ပြပြီး စိတ်ရှည်လက် ရှည်နှင့် တည်းဖြတ် ပြုစုကူညီပေးသော မြန်မာ့အသံ အမှုထမ်းဟောင်း စာပေ ဗိမာန်လက်ထောက် စာတည်း ဦးမောင်မောင်မြင့်အား ကျေးဇူး အထူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

၁၉၇၆ ၊ ဩဂုတ် ၃၀

ကျော်ညိန်း
ညွှန်ကြားရေးမှူး (အသံလွှင့်)
မြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန

## အခန်း - ၁

# အင်္ဂလိပ်ခေတ် အသံလွှင့် လုပ်ငန်း (၁၉၃၇–၁၉၄၂)

**သောတရှင်များ.... ကျန်းမာတော်မူကြပါစခင်ဗျား....။ ရန်ကုန်မြို့ မြန်မာနိုင်ငံအစိုးရ အသံလွှင့်ဌာနမှ XYZ ၄၉ မီတာနှင့် XYZ ၈၆ မီတာတို့မှ နံနက်ပိုင်း အစီအစဉ်များကို စတင်အသံလွှင့်နေပါတယ်။**

ကြည်လင်ပြတ်သားသည့် အမျိုးသား အသံများဖြင့် အထက်ပါနှုတ်ခွန်းဆက်စကားသံများကို ၁၉၃၉ ခုနှစ် နှစ်ကုန်လောက်တွင် မြန်မာနိုင်ငံရှိ ရေဒီယိုများမှ နံနက်( ၈ နာရီတွင်)တကြိမ်၊ နေ့လည် (၁၂ နာရီတွင်)တကြိမ်၊ ညနေ (၆ နာရီတွင်)တကြိမ် စတင်ကြားခဲ့ကြရလေသည်။

ဤသည်ကား မြန်မာနိုင်ငံတွင် အသံလွှင့်လုပ်ငန်းဟူ၍ မယ်မယ်ရရစတင်၍ အသံလွှင့်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုအချိန်မတိုင်မီက မြန်မာနိုင်ငံတွင် အင်္ဂလိပ်အစိုးရသည် ၁၉၃၃ ခုနှစ်မှစ၍ ကြေးနန်းဆက်သွယ်ရေးဌာနမှ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဝိုင်ယာလက်ကြေးနန်းဆက်သွယ်ရာတွင် အသုံးပြုနေသော မာကိုနီအသံလွှင့်စက်လေးတလုံးဖြင့် နံနက်ပိုင်း၊ ညနေပိုင်းများတွင် အသံလွှင့်ကြေငြာသူဟူ၍ မရှိပါပဲ အသံစမ်းသည့်သဘောဖြင့် စမ်းသပ် အသံလွှင့်ခဲ့သည်ဟု သိရပါသည်။ ထိုစဉ်က အသံလွှင့်စက်နှင့် အသံလွှင့်ရုံကို

မင်္ဂလာဒုံတွင် ထားရှိခဲ့သည်။ ထိုသို့ အစမ်းသဘော အသံလွှင့်ရာတွင် အင်္ဂလိပ်သီချင်းဓါတ်ပြားများနှင့် မြန်မာသီချင်းဓါတ်ပြားများကိုသာ အချိန်ပြည့်နီးပါးမျှ အသံလွှင့်ခဲ့သည်ဖြစ်ရာ ယင်းကို မြန်မာနိုင်ငံရှိ သောတရှင်များက ဝမ်းပမ်းတသာ ဖမ်းယူနားဆင်ကြသဖြင့် အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် အသံလွှင့်ရုံတခု တည်ဆောက်ပြီး ပုံမှန်အသံလွှင့် လုပ်ငန်းများကို ဆောင်ရွက်ရန်အချိန်သင့်ရောက်ပြီဟု ယူဆမိလေသည်။

ထိုသို့ မြန်မာနိုင်ငံတွင် အသံလွှင့်လုပ်ငန်းကို စတင်ပျိုးထောင်ရန် လိုအပ်ပြီဟု အင်္ဂလိပ်အစိုးရက ယူဆသည့်အတိုင်း ၁၉၃၇ ခုနှစ်တွင် နောက်ဆုံးပေါ် ၁၀ ကီလိုဝပ်အားရှိ ဖီးလစ်အမျိုးအစား အသံလွှင့်စက်တလုံးကို ရန်ကုန်၊ မင်္ဂလာဒုံတွင် တပ်ဆင်ထားရှိရန် ဆုံးဖြတ်ခဲ့လေသည်။ တချိန်တည်းမှာပင် ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ ဗဟိုကြေးနန်းရုံးကြီး အောက်ထပ်ရှိ အခန်းအချို့ကို အသံလွှင့်ရုံအဖြစ် ပြောင်းလဲဖန်တီးရန်ကိုလည်း စီစဉ်ကြလေတော့သည်။ ထိုအချိန်တွင်စာတိုက်နှင့်ကြေးနန်းဌာနလက်အောက်ရှိ ကြိုးမဲ့ကြေးနန်းဌာနခွဲမှ စက်ဖက်ဝန်ထမ်းများကလည်း ဝပ် ၅၀၀ အားရှိသော အသံလွှင့်စက်တလုံးကို တည်ဆောက်လျက် ရှိနေကြလေသည်။

ထိုသို့ အစိုးရက အသံလွှင့် လုပ်ငန်းအတွက် အဖက်ဖက်က စီမံဆောင်ရွက်လျက်ရှိနေချိန်တွင် ထိုလုပ်ငန်းအတွက် လိုအပ်သော စက်ဖက် ဝန်ထမ်းများ၊ အစီအစဉ်ပိုင်းဆိုင်ရာဝန်ထမ်းများကို ခန့်ထားနိုင်ရန် ဥပဒေပြု အောက်လွှတ်တော်တွင် တောင်းဆိုခဲ့ရလေသည်။ အောက်လွှတ်တော်မှ သဘောတူအတည်ပြုချက်အရ စက်ဖက်ဝန်ထမ်းများကို ဆက်သွယ်ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးဌာန၊ ကြိုးမဲ့ကြေးနန်းဌာနခွဲတွင် သွတ်သွင်းခန့်ထားပြီး အစီအစဉ်ပိုင်းဆိုင်ရာ အသံလွှင့်ဝန်ထမ်းများကို ပြည်ထဲရေးနှင့်ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်အောက်တွင် သွတ်သွင်းခန့်ထားရန် စီစဉ်ကြလေတော့သည်။ တနည်းဆိုရသော်အသံလွှင့်စက်မှုလုပ်ငန်း

နှင့် သက်ဆိုင်သမျှကို စာတိုက်နှင့်ကြေးနန်းဌာနအား တာဝန်ယူစေလျက် အသံလွှင့်သည့် အစဉ်အစဉ် လုပ်ငန်းနှင့်သက်ဆိုင်သမျှကို ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနအား တာဝန်ယူစေခြင်း ဖြစ်ပါသည်။ သို့ဖြစ်ခြင်းကြောင့် ထိုစဉ်က အသံလွှင့်ဌာနကို စီမံအုပ်ချုပ်ပုံမှာ ဝန်ကြီးဌာန နှစ်ခုအောက်တွင် ရှိခဲ့သည်ဟု ဆိုရပါမည်။

## ဝန်ထမ်းများ ဖွဲ့စည်းပုံ

၁၉၃၉ ခုနှစ် နှစ်လယ်လောက်တွင် နိုင်ငံခြားမှ မှာယူခဲ့သော ၁၀ ကီလိုဝပ်အားရှိ ဖီးလစ်အမျိုးအစား အသံလွှင့်စက်နှင့် ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးဌာနခွဲမှ ဝန်ထမ်းများ တည်ဆောက်ခဲ့သော ဝပ် ၅၀၀ အားရှိ အသံလွှင့်စက်တို့ကို မင်္ဂလာဒုံတွင် တပ်ဆင်ခဲ့ပြီး ဖြစ်လေသည်။ ရန်ကုန်မြို့၊ ၃၆ လမ်းရှိ ဗဟိုကြေးနန်းရုံးကြီး အောက်ထပ်ရှိ အခန်းအချို့ကိုလည်း အသံလွှင့် (စတူဒီယို) ခန်းများ၊ အသံထိန်းခန်းများအဖြစ် ပြုပြင်ပြောင်းလဲခဲ့ပြီး ဖြစ်သည်။ ထို့ပြင် အသံလွှင့်ရန်အတွက် စန္ဒယားများ၊ မြန်မာသီချင်း ဓာတ်ပြား၊ အင်္ဂလိပ်သီချင်း ဓာတ်ပြားများ၊ ဟိန္ဒူစတန်နီ သီချင်း ဓာတ်ပြားများ အများအပြားကိုလည်း ဝယ်ယူခဲ့လေသည်။

ယင်းသို့ အသံလွှင့်လုပ်ငန်းများစတင်ရန် အသင့်ဖြစ်နေချိန်တွင် ပြည်ထဲရေးနှင့်ကာကွယ်ရေးဝန်ကြီးဌာန တွဲဘက်အတွင်းဝန် ဦးကျော် (I.C.S.) သည် ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန် ဦးထွန်းညိုအား အစီအစဉ် ညွှန်ကြားရေးဝန်အဖြစ် ပူးတွဲတာဝန် ပေးအပ်ကာ အသံလွှင့်အစီအစဉ်များကို ကွပ်ကဲကြီးကြပ် စေသည်။

ဝန်ထမ်းများအဖြစ် မြန်မာဘာသာဖြင့် အသံလွှင့်ရန် ဦးတင်လှိုင်နှင့်ဦးမောင်မောင်တို့အား ခန့်ထားခဲ့၏။ အင်္ဂလိပ်ဘာသာဖြင့် အသံလွှင့်ရန် ဝန်ထမ်းများမှာကား ကြိုးမဲ့ကြေးနန်းဌာနခွဲမှ မစ္စတာကေဂျေမက်ကိုင်း ဆိုသူနှင့် မစ္စတာလာဇရီး ဆိုသူတို့အား တာဝန်ပူးတွဲ ထမ်းရွက်စေသည်။ မစ္စတာမက်ကိုင်းမှာ အသားမည်း တဦးဖြစ်သော်လည်း အင်္ဂ

လိပ်ဘာသာဖြင့် သတင်းများဖတ်ရာတွင် မှင်မောင်းကောင်းသဖြင့် အလွန်လူကြိုက်များခဲ့သူ ဖြစ်သည်။ အသံကြည်လင်ပြတ်သား၍ အောင်မြင်ခန့်ညားသည်။ ဟိန္ဒူစတန်နီဘာသာဖြင့် အသံလွှင့်ရန် ဝန်ထမ်းကိုမူ အိန္ဒိယ သတင်းစာတိုက် ဟတိုက်မှ သတင်းစာဆရာ မစ္စတာမာလစ် ဆိုသူအား ခန့်ထားခဲ့သည်။

ဤသို့ အဖက်ဖက်က ပြင်ဆင်ပြီးစီးခဲ့ပြီဖြစ်သည့်အတိုင်း ၁၉၃၉ ခုနှစ်၊ ဇွန်လ (ရက်စွဲမမှတ်မိတော့ပါ) တွင် မြန်မာနိုင်ငံတော် အစိုးရ အစမ်းအသံလွှင့်ရုံ (Burma State Experimental Broadcasting Service) ဟူ၍ အသံလွှင့်ရုံတခု ပေါ်ပေါက်လာခဲ့ပါသည်။

## စတင် အသံလွှင့်ပုံ

၁၀ ကီလို ဝပ်အားရှိ ဖီးလစ်အသံလွှင့်စက်သစ်ဖြင့် မြန်မာနိုင်ငံတဝန်းလုံးသို့ ၆၀၀၇ ကီလိုဆိုင်ကယ် - ၄၉ မီတာတို့ဖြင့် အသံလွှင့်ပေးခဲ့ပြီး ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ တည်ဆောက်သည့် ဝပ် ၅၀၀ အားရှိ အသံလွှင့် စက်ကလေးဖြင့် ရန်ကုန်မြို့နှင့်ဆင်ခြေဖုံး ရပ်ကွက်များအတွက် ၇၆ မီတာတို့မှ အသံလွှင့် ပေးခဲ့လေသည်။

ဤသို့ခနစဉ် နံနက်တကြိမ်၊နေ့လည်တကြိမ်နှင့်ညနေတကြိမ်စမ်းသပ်အသံလွှင့်ရာတွင် အဓိကအားဖြင့် သီချင်းဓာတ်ပြားများကိုသာ အချိန်အများဆုံးယူ၍ အသံလွှင့်ပေးခဲ့ပြီး နေ့လည်ပိုင်းနှင့် ညပိုင်းများတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာ သတင်းများကို ကြေငြာ ပေးခဲ့သည်။ သို့သော် ထိုစဉ်က အသံလွှင့်လုပ်ငန်းအတွက် သတင်းဌာနဟူ၍ သီးသန့်မရှိခဲ့သဖြင့် အသံလွှင့်ရန် အင်္ဂလိပ်နှင့် မြန်မာဘာသာ သတင်းများကိုဗဟို ကြေးနန်းရုံးကြီးနှင့် မျက်နှာချင်းဆိုင် ပန်းဆိုးတန်းလမ်းပေါ်ရှိ ရိုက်တာကြေးနန်းသတင်းဌာန (Reuter News Agency) မှ ဝယ်ယူရ၏။ စာရေးသူမှာ ထိုအချိန်က အဆိုပါ ကြေးနန်းသတင်းဌာနတွင်

လက်ထောက်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်နေသဖြင့် မြန်မာဘာသာဖြင့် အသံလွှင့်ရန် သတင်းများကို ဘာသာပြန်ဆို ပေးခဲ့ရလေသည်။

## အသံလွှင့်ရုံ ဖွင့်ပွဲ အခမ်းအနား

ဖီးလစ်အသံလွှင့်စက်သစ်ဖြင့် ဖော်ပြသည့်အတိုင်း သုံး၊လေးလခန့်မျှ စမ်းသပ်အသံလွှင့်ကြည့်ရာ ကျေနပ်ဘွယ်ရာ အောင်မြင်မှု ရရှိခဲ့လေသည်။ မြန်မာနိုင်ငံတဝန်းလုံးမှလည်း ကောင်းစွာ အသံကြားနိုင်ခဲ့၏။ အထူးသဖြင့် ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်သို့ အသံလွှင့်ခဲ့သော ဂဇ မီတာ အသံလွှင့်စက်ကလေးမှာလည်း ကျေနပ်လောက်အောင် ကောင်းမွန်ခဲ့လေသည်။ ထို့ကြောင့် အသံလွှင့်ရုံကို မြန်မာနိုင်ငံတော် အစိုးရ **အသံလွှင့်ဌာန** (Burma State Broadcasting Service) ဟု ကင်ပွန်းတပ်ပွဲနှင့် အသံလွှင့်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် ဗဟိုကြေးနန်းရုံးကြီး၌ ကျင်းပခဲ့ပါသည်။

အသံလွှင့်ရုံဖွင့်လှစ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဘုရင်ခံ ဆာအာချီဘောကော့ကရိန်း ကိုယ်တိုင်ကြွရောက်ပြီး နန်းရင်းဝန် ဦးပု၊သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဂဠုန်ဦးစော၊ အခွန်တော်ဝန်ကြီး ဆာပေါ်ထွန်း၊ ပြည်ထဲရေးဌာနဝန်ကြီး ဦးဘဘော၊ အတွင်းဝန်များ၊ စာတိုက်နှင့် ကြေးနန်းဌာနမှ အကြီးအကဲများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်ကို မှတ်မိပါသည်။ ဘုရင်ခံ ဆာအာချီဘောကော့ကရိန်းက အသံလွှင့်ရုံအဝင်ဝရှိ ဖဲကြိုးကိုဖြတ်၍ အသံလွှင့်ရုံဖွင့်လှစ်ကြောင်း ကြေငြာပြီးသောအခါတွင် ဘုရင်ခံနှင့်အတူ ဧည့်သည်တော်များသည် အသံလွှင့်ရုံအတွင်းသို့ဝင်ရောက်၍ အသံလွှင့်ခန်းများကို လှည့်လည်ကြည့်ရှုကြ၏။

အသံလွှင့်ခန်းများဟူ၍ ရေးသားလိုက်ရသော်လည်း များများစားစား မဟုတ်ပါ။ ၂၅ ပေ×ပေ ၃၀ အကျယ်အဝန်းရှိ အခန်းနှစ်ခန်းကို

အသံလွှင့်ခန်းများအဖြစ် ဖန်တီးထားပြီး ထိုအခန်းနှစ်ခန်းအကြား တွင် အသံလွှင့်ကြေငြာသူအတွက် အသံထိန်းစက်ခန်းတခန်းသာ ရှိပါ သည်။ အသံလွှင့်ကြေငြာသူသည် ယင်းစက်ခန်းမှပင် အစီအစဉ်များ ကိုလည်းကြေငြာ၊ သတင်းများကိုလည်းဖတ်ကြား၊ သီချင်းဓာတ်ပြား များကိုလည်း ကိုယ်တိုင်ဖွင့်ရပါသည်။

ထိုအသံလွှင့်ရုံမှာ အမှန်ရေးရလျှင် အမေရိကန်ပြည်ထောင်စုရှိ ( Commercial Station ) စီးပွားရေးကြော်ငြာများ အသံလွှင့်သော အသံလွှင့်ရုံများနှင့် အလားတူပါသည်။ လူတယောက်တည်း သတင်း လည်းဖတ်၊ အစီအစဉ်လည်းကြေငြာ၊ ဓာတ်ပြားလည်း ဖွင့်ရသော Disc Jockey ၏ ကဲ့သို့ပင် ဖြစ်ပါသည်။ ယခု မြန်မာ့အသံမှာ ကဲ့သို့ စက်ခန်းမှ စက်ဖက်ဝန်ထမ်းများကတခန်း၊ အသံလွှင့်သူကတခန်း ဟူ၍ သီးသန့်အခန်းများ ဖွဲ့ထားခြင်းမရှိပါ။ ယင်းအသံထိန်းစက်ခန်းမှပင် အသံလွှင့်အခန်းကြီးနှစ်ခန်းသို့ မှန်ပေါက်များမှတဆင့် မြင်နေရ၍အသံ လွှင့်သည့်အစီအစဉ်များကို အသံထိန်းပေးရပါသည်။

## အစီအစဉ်များ တိုးချဲ့ပုံ

အခမ်းအနားဖြင့် အသံလွှင့်ရုံဖွင့်လှစ်ပြီးသည်မှစ၍ အသံလွှင့်အစီ အစဉ်များကို တိုးချဲ့၍အသံလွှင့်ရန် ပြန်ကြားရေး ညွှန်ကြားရေးဝန် ဦးထွန်းညိုက စီစဉ်ပါတော့သည်။ ယခင်ကလွှင့်နေသော သတင်းနှင့် သီချင်းဓာတ်ပြားများ အစီအစဉ်များအပြင် ညနေပိုင်းများတွင် ဟောပြောချက်များ တီးဝိုင်းများကိုပါ ထည့်သွင်း အသံလွှင့်ခဲ့လေ သည်။

ဟောပြောချက်အခန်းတွင် အမြဲမပြတ် အသံလွှင့်ကြသောပုဂ္ဂိုလ် များမှာ ပညာဝန် ဦးစိန်ရှက်၊ ပညာဝန် ဦးဖိုးကျား၊ ရွှေပြည်တော် တင်၊ ဦးဖိုးလတ်၊ သီဟိုဠ်ဦးနိုင်ငံ မြန်မာသံအမတ်ကြီးဟောင်း ဦးတင်၊ ဦးဘဆွေ၊ မြန်အောင် ဦးတင်၊ ဦးထွန်းညို၊ ဒေါ်မမခင် စသည်တို့ဖြစ်ကြ သည်။ ပညာအုပ်ဒေါ်မြရွှေက အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ခလေးများ

အခန်းကို အသံလွှင့်ရလေသည်။ ဥပုသ်နေ့များတွင် နိုင်ငံကျော် ဓမ္မကထိက ကျိုက်ဝိုင်းဦးဣန္ဒက အစရှိသော ဆရာတော်များက တရားတော်များကို ဟောကြား အသံလွှင့်ကြသည်။

တီးဝိုင်းများ အသံလွှင့်ရာ၌လည်း ကာလပေါ်တီးဝိုင်းများ၊ သီချင်းကြီးတီးဝိုင်းများကို အသံလွှင့်စေခဲ့ပါသည်။ ကာလပေါ်သီချင်းများကို အပတ်စဉ်မှန်မှန် အသံလွှင့်ရသောတီးဝိုင်းမှာ စန္ဒယားဆရာ ရွှေပြည်အေးခေါင်းဆောင်သော အသံလွှင့်ဌာန တူရိယာအဖွဲ့ဖြစ်လေသည်။ ယင်းတူရိယာအဖွဲ့ကို အသံလွှင့်ဌာနမှ တကြိမ်အသံလွှင့်လျှင် ၁၅ ကျပ်ပေး၍ အသံလွှင့်ရန် အမြဲတန်းဌားရမ်းထားသည့်အတွက် ကြောင့် အသံလွှင့်ဌာနတူရိယာအဖွဲ့ ( Studio Orchestra ) ဟု အမည်ပေးထားခြင်းဖြစ်ပါသည်။ ထိုတီးဝိုင်းတွင် အမြဲတန်းအဆိုတော်များအဖြစ် အဆိုတော် ကိုကြီးမြင့်နှင့်ဘိုကလေးစိန် (ခေတ်ပြားအဆိုတော်မအေးစိန်) တို့ပါဝင်ကြပြီး ဆရာရွှေပြည်အေး၏ ခေတ်ဆန်သောတေးသီချင်းများ၊ တီးလုံး တီးကွက်များကြောင့် အလွန် လူကြိုက်များခဲ့လေသည်။

အခြားလူကြိုက်များသော ကာလပေါ်တီးဝိုင်းများမှာ အေဝမ်းခင်မောင်အဖွဲ့၊တက္ကသိုလ်စိုးအဖွဲ့၊ ဂီတာဗဇောကြည်အဖွဲ့၊ စာဆိုတော်ရွှေတိုင်ညွန့်အဖွဲ့၊ တက္ကသိုလ် မောင်မောင်လှအဖွဲ့၊ ဂီတာစိမ်းမောင်အဖွဲ့၊ အေဝမ်းဖလင်အဖွဲ့ တို့ဖြစ်သည်။

သီချင်းကြီးများတွင်လည်း မတင်အိုးအဖွဲ့၊ ကိုအလီအဖွဲ့၊ ဆရာစိုးအဖွဲ့၊ သံလျှင်မြဦးနှင့် စောင်းမောင်ကျော်ငြိမ်းအဖွဲ့၊ မြန်မာညွန့်ဦးချစ်မောင် အဖွဲ့တို့မှာ ထင်ရှားကျော်ကြားခဲ့ကြသည်။ အထူးသဖြင့် မတင်အိုးအဖွဲ့မှာ အကိုဖြစ်သူ စောင်းဦးဘသန်းနှင့် ညီမများဖြစ်ကြသော စန္ဒယားမစိန်ရီ၊ တယော မခင်စောတို့ ပါဝင် တီးမှုတ်ကြ၍ လူကြိုက်များခဲ့လေသည်။

ရုံဖန်ရံခါလည်း တက္ကသိုလ်မောင်မောင်လှ စီစဉ်သည့် အသံလွှင့်ပြဇာတ်များကို အသံလွှင့်ခဲ့သည်။ တခုထူးခြားသည်မှာ (အသံလွှင့်စတူဒီယိုများ သေးငယ်သောကြောင့်ထင်သည်။) ထိုခေတ်က ဆိုင်း

အဖွဲ့များ၊ ရေဒီယိုအငြိမ့်များ၊ ဇာတ်အဖွဲ့များ၊ ကွက်စိပ်များ အသံမလွှင့်ခဲ့ခြင်းပင်ဖြစ်သည်။ သို့သော်လည်း ဓာတ်ပြားကုမ္ပဏီများက ထုတ်လုပ်ရောင်းချသည့် ဇာတ်ထုပ်ဓာတ်ပြားများကိုမူကား အပတ်စဉ်အသံလွှင့်ပေးခဲ့၏။

အသံလွှင့်ချိန်များမှာ မြန်မာဘာသာဖြင့် နံနက် ၈ နာရီမှ ၉ နာရီအထိ၊ နေ့လည် ၁၂ နာရီမှ တနာရီအထိ၊ ညနေ ၆ နာရီမှ ၉ နာရီအထိ ဖြစ်လေသည်။ အင်္ဂလိပ်ဘာသာဖြင့် နံနက် ၉ နာရီမှ ၁၀ နာရီ၊ နေ့လည် ၁ နာရီမှ ၂ နာရီနှင့် ည ၉ နာရီမှ ၁၀ နာရီအထိ ဖြစ်လေသည်။ ဟိန္ဒူစတန်နီ ဘာသာဖြင့် ညနေ ၅ နာရီခွဲမှ ၆ နာရီအထိ တကြိမ် အသံလွှင့်သည်။

အသံလွှင့်ချိန် တိုးချဲ့သည်နှင့်အမျှ ဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားလာရသည်။ အသံလွှင့်ရုံ ညွှန်ကြားမှုအဖြစ် ဆောင်ရွက်သူ တင်တင်ကြီးဆိုသူမှာ အသံလွှင့်ရန်အတွက် ရောက်ရှိလာကြသော ပုဂ္ဂိုလ်များ၊ တီးဝိုင်းအဖွဲ့ခင်များကို လိမ်မွာရသည်၊ ကိတ်မုန့်တို့ဖြင့် ကျွေးမွေး ညွှန့်ခံရသူဖြစ်သည်။ အပျော်ထမ်းအဖွဲ့များဆိုလျှင် အသံလွှင့်ကြေး ချီးမြှင့်ငွေမပေးပဲ ဤသို့ကျွေးမွေးညွှန့်ခံသည်။ အခြားအဖွဲ့များအဘွက်မူ တကြိမ်အသံလွှင့်လျှင် ၁၅ ကျပ် ချီးမြှင့်သည်။ ဟောပြောခန်းအတွက် တကြိမ်ဟောပြောလျှင် ၅ ကျပ် ချီးမြှင့်သည်။ ထို့နောက် မြန်မာဘာသာပြန် အသံလွှင့်သူများကိုလည်း ခန့်ထားပြန်ရာ ဦးကြီးတင်နှင့် ဦးကျော်ညိန်း (စာရေးသူ) တို့ ပါဝင်လာခဲ့သည်။ အင်္ဂလိပ်ခေတ် အသံလွှင့်ရုံတွင် အမျိုးသမီးအသံလွှင့်သူ တဦးတယောက်မျှ ခန့်ထားခြင်းမပြုခဲ့ပဲ လက်ရှိအမျိုးသားများကသာ အစီအစဉ်အားလုံးကို အသံလွှင့် ကြေငြာခဲ့ကြရသည်။

ယခုခေတ်မှာကဲ့သို့ပင် လူအများဖွဲ့လန်းနှစ်သက်ကြသော အစီအစဉ်မှာ ရန်ကုန်မြို့ ဘီအေအေဘောလုံးကွင်း (ယခု အောင်ဆန်းကစားကွင်း) မှ တိုက်ရိုက်အသံလွှင့်ပေးသော ဘောလုံးပွဲ အစီအစဉ်ပင် ဖြစ်လေသည်။ ရှိုးထွက်စနစ်ဖြင့် ကစားရသော ဝေါလတာလော့ဒိုင်းဘောလုံးဖိုလ်လုပွဲမှာ လူအများ စိတ်ဝင်စားကြသည် ဖြစ်သည့်

အတိုင်း ဘီအေအေအသင်း အတွင်းရေးမှူး၊ မစ္စတာဘင်ရှက်ဒရက်နှင့် အသံလွှင့်ဌာန တာဝန်ရှိသူများ ညှိနှိုင်းစီစဉ်ချက်အရ နောက်ဆုံးဒိုင်း ဗိုလ်လုပွဲများကို တိုက်ရိုက် အသံလွှင့်ပေးခဲ့လေသည်။ အသံလွှင့်သူမှာ သမာဓိသတင်းစာ အယ်ဒီတာချုပ်ဟောင်း ကွယ်လွန်သူ ဦးအမ်ဖိုးချိန် ဖြစ်သည်။

ဦးအမ်ဖိုးချိန်သည် တနာရီလုံးလုံး သူတယောက်တည်းဖြင့် ဘော လုံးကစားပုံများကို အသံလွှင့်နိုင်သူဖြစ်သည်။ ကစားပုံကစားကွက် များကို သောတရှင်များ ကွင်းကွင်းကွက်ကွက်မြင်လာအောင် ဖော် ပြ ပြောဆိုနိုင်သူဖြစ်သည့်အပြင် ဂိုးဝင်ခါနီးအခါများတွင် ... "အမယ် လေး....လေး....လေး.... အမယ်.... မယ်....မယ် ..." စသော အာမေဍိတ် သံများ " ဂိုးသွားပြီခင်ဗျာ.... ဂိုးသွားပြီ ..." စသော အသုံးအနှုန်း များကြောင့် ပရိသတ် စွဲလန်းနေသူဖြစ်သည်။ သူ၏ပြောဟန်ဆိုဟန် ကြောင့်လည်း ထိုခေတ်က ဘောလုံးပွဲ တိုက်ရိုက်အသံလွှင့်ပုံများ ယခု ခေတ်ကဲ့သို့ပင် အောင်မြင်ခဲ့ပေသည်။

အသံလွှင့်အစီအစဉ်များ တိုးချဲ့အသံလွှင့်လာရာမှ အောင်မြင်မှု ရခဲ့သည်နှင့်အညီ အသံလွှင့် အစီအစဉ်များ တိုးတက်ကောင်းမွန် အောင် ရေးဆွဲအသံလွှင့်ရေးအတွက် ပြည်သဲရေးဝန်ကြီးဌာနမှလည်း အစီအစဉ် ညွှန်ကြားရေးဝန်များကို အသံလွှင့်ရုံသို့ စေလွှတ်၍ အသံ လွှင့်အစီအစဉ်များကို ကြီးကြပ်အုပ်ချုပ်စေခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ဦးထွန်း ညို၊ ဦးတင့်ဆွေ၊ ရွှေပြည်တော် ဦးဘကင်၊ ဦးအောင်သန်း၊ မြန် အောင် ဦးတင်၊ ဦးတုမောင်နှင့် နောက်ဆုံး သူကြီးဂေဇက် ဦးခင် မောင် စသည့်ပုဂ္ဂိုလ်များအား အသံလွှင့်ရုံကို ကြီးကြပ်အုပ်ချုပ်စေ ခဲ့သည်။

## ဒုတိယကမ္ဘာစစ် ဖြစ်ချိန်

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အင်္ဂလိပ်နှင့်အမေရိကန် တို့က ဂျပန်နိုင်ငံအား စစ်ကြေငြာလိုက်၍ အရှေ့အာရှ တောင်ပိုင်း၌

စစ်စတင်ဖြစ်ပွားချိန်တွင် အင်္ဂလိပ်အစိုးရသည် အသံလွှင့်ရုံကို သတင်း ဝါဒဖြန့်ချိရေးအတွက် ထိရောက်စွာ အသုံးချနိုင်ခဲ့လေသည်။ ဥရောပ တိုက်တွင် မဟာမိတ်များက ဂျာမဏီနှင့်အီတလီစစ်တပ်များကို အောင် မြင်နေသည့်သတင်းများကိုသာ အထူးအလေးပေး၍ အသံလွှင့်ပေးကြ သည်။ သတင်းများ အသံလွှင့်ချိန်များ၌ သတင်းများမကြေငြာမီ "ကောလာဟလသတင်းများကို မယုံကြပါနှင့်၊ ယခုအချိန်မှစပြီးသတင်း များကို ကြေငြာပါတော့မည်" ဟူသောစကားများကို အမြဲဦးစွာပထမ အသံလွှင့်ရသည်။

ထို့အပြင် လေကြောင်းရန် ကာကွယ်ရေးအတွက် အရေးကြီးသော စီမံချက်သတင်းများ၊ မြို့သူမြို့သားများ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို မကြာခဏ အသံလွှင့်ပေးခဲ့သည်။

ဤသို့ဖြင့် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဂျပန်လေ ယာဉ်ပျံများက ရန်ကုန်မြို့ကို ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ တွင် ဗုံးတလုံးသည် အသံလွှင့်ရုံတည်ရှိရာ ဗဟိုကြေးနန်းရုံးကြီး၏ အရှေ့ဖက် ပန်းဆိုးတန်းလမ်းပေါ်တွင် ကျရောက် ပေါက်ကွဲခဲ့သည်။ သို့သော်လည်း အသံလွှင့်ရုံမှာ မည်သို့မျှ ထိခိုက်ပျက်စီးခြင်း မရှိခဲ့ချေ။ ပန်းဆိုးတန်းလမ်းတလျှောက်နှင့် ဖရေဇာလမ်း ( ယခု အနော်ရထာ လမ်း ) တလျှောက်တွင် လူအများ အတုံးအရုံး သေဆုံးကြသည်။

ညဖက်အသံလွှင့်ရာတွင် ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်လာခြင်း ကြောင့် မြို့သူမြို့သားများ မည်သို့မျှကြောက်လန့်စရာမလိုကြောင်း၊ လူ အနည်းငယ်သာသေဆုံးကြောင်း၊ ဂျပန်လေယာဉ်ပျံတစင်းကို ပစ်ချ လိုက်နိုင်ကြောင်း စသည်ဖြင့် ဦးတင့်ဆွေက တိုင်းသူပြည်သားများအား အားပေးစကားများ အသံလွှင့်ပြောကြားခဲ့လေသည်။ သို့သော်လည်း ထိုနေ့နှင့် နောက်တနေ့မှစ၍ ရန်ကုန်မြို့မှလူအများသည် မြို့ကိုစွန့်ခွာ၍ ကျေးလက်တောရွာများသို့ ရွှေ့ပြောင်းသွားကြတော့သည်။ ဂျပန်လေ ယာဉ်ပျံများကလည်း ရန်ကုန်မြို့ကို အဆက်မပြတ် ဗုံးကြဲတိုက်ခိုက် ကြသည်။ မြန်မာနိုင်ငံရှိ ဗြိတိသျှစစ်တပ်များသည်လည်း ဂျပန်တို့၏ ထိုးစစ်ဆင်မှုကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်

ဗမာ့လွတ်လပ်ရေးတပ်မတော်၏ တိုက်ခိုက်မှုများကိုလည်းကောင်း မခံနိုင်တော့ပဲ တနင်္သာရီတိုင်းမှ အောင်မြင်စွာ ဆုတ်ခွာနေကြရသဖြင့် အသံလွှင့်ရုံကို ရန်ကုန်မြို့မှ မေမြို့သို့ပြောင်းရွှေ့ရန် စီစဉ်ပါတော့သည်။

မြန်မာပြည်သူ ပြည်သားများမှာလည်း မြန်မာနိုင်ငံတော်အစိုးရ အသံလွှင့်ဌာနမှ အသံလွှင့်သောသတင်းများထက် ဂျပန်ပြည်တိုကျိုမြို့မှ ဒေါ်သီ၏ မြန်မာဘာသာဖြင့် အသံလွှင့်သည်များကိုလည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းအုပ်က မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်များကို မောင်းထုတ်ကြ၊ အင်္ဂလိပ်ရန်သူများသို့ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပဲ သတ်ဖြတ်သုတ်သင်ကြ စသည်ဖြင့် ရဲရဲတောက်သွေးထိုးပေးသည့် ဟောပြောချက်များကိုလည်းကောင်း ခိုးကြောင်ခိုးဝှက်ဖမ်းယူနားထောင်နေကြသည်က များလေသည်။ တိုကျိုမြို့မှ ဒေါ်သီ၏ "ချယ်ရီပန်းကလေးများပွင့်ရာ ဂျပန်ပြည်မှနေ၍ မြန်မာပြည်သူပြည်သားများထံသို့ အသံလွှင့်နေပါသည်" ဆိုသောစကားများကို မြန်မာပြည်သူပြည်သားများက အထူးစွဲလန်းနှစ်ခြိုက်နေကြသည့် အချိန်လည်းဖြစ်ပါသည်။

"၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မြို့သူမြို့သားများ ရန်ကုန်မြို့တော်မှ ၂၄ နာရီအတွင်း ထွက်ခွာကြရမည်" ဟူသောအမိန့်မထုတ်ပြန်မီ တပတ်ခန့်အလို၌ အသံလွှင့်ရုံစက်ဖက် တာဝန်ရှိသူ စာတိုက်နှင့် ကြေးနန်းဌာနမှ ဝန်ထမ်းများသည် စက်ပစ္စည်းအချို့နှင့် အင်္ဂလိပ်မြန်မာသီချင်း ဓာတ်ပြားအချို့ကိုသယ်ဆောင်ပြီး မော်တော်ကားများဖြင့် ရန်ကုန်မြို့မှမေမြို့သို့ ထွက်ခွာသွားကြသည်။ ယင်းရွှေ့ပြောင်းအဖွဲ့ကိုအသံလွှင့်ရုံအရာရှိ မစ္စတာမက်ကွိုင်းက ခေါင်းဆောင်၍ အစီအစဉ်ဖက်မှ အသံလွှင့်သူ ဦးကြီးတင်လည်း ပါသွားလေသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ ရန်ကုန်မြို့ကို ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်ပြီးသည်မှစ၍ မြန်မာ့အသံလွှင့်သူ ဦးတင်လှိုင်နှင့် ဦးမောင်မောင်တို့မှာ အလုပ်ခွင်သို့မလာရောက်ကြတော့၍ ထိုအချိန်မှစ၍ ဦးကြီးတင်နှင့် ဦးကျော်ညိန်း (စာရေးသူ) တို့သာ ဆက်လက် အသံလွှင့်ကြရလေသည်။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ အသံလွှင့်ရုံတွင် ကျန်ရှိရစ်သော စက်ဖက်ဝန်ထမ်း အချို့နှင့် စာရေးသူတို့သည် အသံလွှင့်ရုံကို ပိတ်၍ မေမြို့သို့ လိုက်လာခဲ့ကြရန် ညွှန်ကြားချက် ရရှိပါသည်။ ထိုညွှန်ကြားချက်အရ စာရေးသူတို့သည် အသံလွှင့်ရုံတွင် ကျန်ရှိသော ပစ္စည်းအချို့ကို ယူဆောင်၍ ရန်ကုန်မြို့မှ ပြည်မြို့သို့ မီးရထားဖြင့်လည်းကောင်း၊ ပြည်မြို့မှ မန္တလေးမြို့သို့ သင်္ဘောဖြင့်လည်း ကောင်း ထွက်ခွာသွားကြပါသည်။ ရန်ကုန်မြို့ မင်္ဂလာဒုံရှိ ဖီးလစ်အသံလွှင့်စက်ကိုလည်း အင်္ဂလိပ်စစ်တပ်များက ဖောက်ခွဲ ဖျက်ဆီးပစ်လိုက်၍ ရန်ကုန်မြို့မှ အသံလွှင့်ခြင်းများလည်း ရပ်ဆိုင်းသွားခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတော်အစိုးရ အသံလွှင့်ဌာနမှ အသံလွှင့် အစီအစဉ်များကိုမူ မေမြို့တွင် အရေးပေါ် အသံလွှင့်ရုံတခု တည်ဆောက်ပြီး ဖြစ်နေသည့်အတွက် မြန်မာပြည်သူပြည်သားများ ဆက်လက် ကြားနိုင်ပါသေးသည်။ မေမြို့သို့ ကြိုတင်ရောက်ရှိနေကြသော မစ္စတာ မက်ကွိုင်းနှင့် ဦးကြီးတင်တို့က ဆက်လက် အသံလွှင့်ပေးနေကြပါသည်။

စာရေးသူ မေမြို့သို့ ဆိုက်ရောက်သွားသောအခါ ဦးကြီးတင်နှင့် အတူ မြန်မာဘာသာ သတင်းများနှင့် အစီအစဉ်များကို ဆက်လက် အသံလွှင့်ကြပါသည်။ မေမြို့တွင် နှစ်လနီးပါးမျှ အသံလွှင့်ကြရပြီး နောက် ၁၉၄၂ ခုနှစ်၊ ဧပြီလတွင် ဂျပန်လေတပ်များက မန္တလေးမြို့ကြီး နှင့် မေမြို့ကို စတင်ဗုံးကြဲတိုက်ခိုက်ကြပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်ခြေလျင်တပ်များကလည်း လားရှိုးဖက်မှ တောင်ဖက် သို့ ထိုးဖောက်လာကြရာ မေမြို့ရှိ အသံလွှင့်ရုံငယ်ကို ပိတ်ပစ်ရမည့် အခြေသို့ ရောက်ရှိလာပါတော့သည်။ ဤသို့ဖြင့် ၁၉၄၂ ခုနှစ်၊ ဧပြီလ ကုန်လောက်တွင် မေမြို့မှ အသံလွှင့်နေခြင်းကို တခါတည်းရပ်စဲလိုက်ရ သဖြင့် မြန်မာနိုင်ငံမှ အသံလွှင့်လုပ်ငန်းသည်လည်း ချုပ်ငြိမ်းရပ်စဲ သွားပါတော့သည်။

အခန်း–၂

# ဂျပန်ခေတ် အသံလွှင့်လုပ်ငန်း (၁၉၄၂–၁၉၄၅)

မေမြို့ရှိ အသံလွှင့်ရုံယာယီကို အင်္ဂလိပ်အစိုးရက ပိတ်လိုက်ပြီးနောက် အသံလွှင့်ရုံဝန်ထမ်းများအား သုံးလစာ ငွေများထုတ်ပေးလျက် မိမိတို့ သွားလိုသည့်နေရာများသို့ သွားနိုင်ကြောင်း ပြောကြားပါသည်။ စာတိုက်နှင့် ကြေးနန်းဌာန လက်အောက်ရှိ စက်ဖက်ဝန်ထမ်းများမှာ များသောအားဖြင့် အိန္ဒိယလူမျိုးများနှင့် ကပြားများ ဖြစ်ကြသဖြင့် အိန္ဒိယပြည်သို့ လိုက်ပါသွားကြလေသည်။ အသံလွှင့်သည့်ဖက်မှ ဝန်ထမ်းများအနက် ဦးကြီးတင်သည် သူ့အစ်ကို အရေးပိုင်ရှိရာ မော်လိုက်မြို့သို့သွားပြီး စာရေးသူကမူ ဆွေမျိုးများရှိရာ မုံရွာမြို့သို့ ထွက်ခွာလာခဲ့ပါသည်။

## အသံလွှင့်လုပ်ငန်း ပြန်စခြင်း

စာရေးသူသည် မုံရွာမြို့အနီး သာစည်ရွာကြီးတွင် ဆွေမျိုးများနှင့်အတူ ခိုလှုံနေခဲ့ပြီးနောက် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့၏။ သို့ဖြင့် စမ်းချောင်းရပ်ကွက် ကျွန်းတောလမ်းတွင် မိဘများနှင့်အတူ နေထိုင်လျက်ရှိစဉ် ဇူလိုင်လကုန်ခါနီး တနေ့သော နံနက်ခင်းတွင် အိမ်ရှေ့သို့ ဂျပန်ရဲဘော်တယောက် ဂျပန်စစ်ကားတစီးဖြင့် ရောက်ရှိလာပါတော့သည်။ စာရေးသူသည် အင်္ဂလိပ်

ခေတ်က အသံလွှင့်ခဲ့သူတဦး ဖြစ်သောကြောင့် ဂျပန်စစ်သားကို တွေ့လိုက်ရသောအခါ အထူးထိတ်လန့်သွားမိပါသည်။

ဂျပန်စစ်သားသည် မြန်မာစကားဖြင့် "ကိုကျော်ညိမ်း ရှိပါသလား၊ ကျွန်တော် ဂျပန်စစ်တပ် ဝါဒဖြန့်ချိရေးဌာနမှ အိုတာဆန် ဖြစ်ပါတယ်။ လူကြီးတွေက ကိုကျော်ညိမ်းကို ရှာခိုင်းလိုက်လို့ပါ။ အရင်အသံလွှင့်ရုံက ကိုတင်လှိုင်ကိုလဲ တွေ့ပြီးပါပြီ၊ အသံလွှင့်ဘို့ကိစ္စ ဆွေးနွေးချင်လို့ပါ"ဟု ပြောပါသည်။

ထို့နောက် ထိုဂျပန်စစ်သားရဲဘော်ကပင် ဖြစ်နိုင်လျှင် ဂျပန်စစ်တပ်ဝါဒဖြန့်ချိရေးဌာနတည်ရှိရာ ဟယ်လပင်လမ်း မဒါးတိုက် (ယခု အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန) သို့ လိုက်လာခဲ့ရန်မှာကြားတော့မှ အနည်းငယ်စိတ်အေးသွားပြီး နောက်တနေ့တွင် လာခဲ့ပါမည်ဟု ပြောလိုက်ရပါသည်။

နောက်တနေ့နံနက်တွင် အဆိုပါ ဝါဒဖြန့်ချိရေးဌာနသို့ သွားခဲ့ရာရုံးခန်းထဲတွင် ရဲဘော်သုံးကျိပ်ဝင် ကိုဆောင်း (ဗိုလ်ထိန်ဝင်း)ကို တွေ့လိုက်ရ၍ ပို့မို့အားတက်သွားပြီး ဂျပန်က ဖမ်းများဖမ်းမလို့လားဟူသည့် ဘဝင်မကျဖြစ်နေသည့် စိုးရိမ်စိတ်လည်း ပပျောက်သွားပါသည်။ ဂျပန်ရဲဘော် အိုတာဆန်ဆိုသူမှာ ဂျပန်နိုင်ငံ တိုကျိုမြို့မှ မြန်မာလိုအသံလွှင့်နေသူ ဒေါ်သီ၏သားဖြစ်ပြီး မြန်မာအမည် ကိုသန်းအောင်ဖြစ်ကြောင်း။ ထို့ကြောင့် မြန်မာစကားရော မြန်မာစာပါ ကောင်းကောင်းတတ်ကြောင်း ကိုဆောင်းက ပြောပြမှ သိရလေသည်။ ကိုဆောင်းနှင့်မစ္စတာအိုတာတို့၏ ပြောပြချက်အရ ဂျပန်စစ်အစိုးရက မြန်မာနိုင်ငံတွင် အသံလွှင့်လုပ်ငန်းကို ပြန်လည် ဆောင်ရွက်မည် ဖြစ်ကြောင်းဩဂုတ်လတွင် စတင်အသံလွှင့်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရှိရလေသည်။

ဂျပန်တို့သည် ၁ ကီလိုဝပ်အားရှိ ဂျပန်လုပ် အသံလွှင့်စက်ကလေးတလုံးကို ယူဆောင်လာခဲ့ကြပြီး ယခု ကမ္ဘာ့အေး ဘုရားအနီး ရေကူးတွင် တပ်ဆင်နေကြပါသည်။ အသံလွှင့်ရုံကိုလည်း ရန်ကုန်မြို့ အမှတ် ၄၇၊ ဖိုက်ချလမ်း (ယခု လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း

အမှတ် ၄) တွင် ပြုပြင် ဖန်တီးလျက် ရှိနေကြလေသည်။ ယင်းအဆောက်အဦမှာ နှစ်ထပ်အဆောက်အဦဖြစ်၍ အသံလွှင့်ခန်းများနှင့် စက်ခန်းများကို အပေါ်ထပ်တွင် ထားရှိပါသည်။ တီးဝိုင်းများ အသံလွှင့်ရန်အတွက် စတူဒီယို အခန်းကျယ်ကြီးတခုနှင့် သတင်းနှင့် ဟောပြောချက်များ အသံလွှင့်ရန် အခန်းငယ် နှစ်ခုရှိရာ ယင်းအခန်းများနှင့်တွဲလျက် အသံထိန်း စက်ခန်းများကိုပါ တည်ဆောက်နေကြလေသည်။

အင်္ဂလိပ်ခေတ်က အသံလွှင့်သူများကိုယ်တိုင် ဓာတ်ပြားဖွင့်ခြင်း၊ အသံဖမ်းကိရိယာများ ကိုင်တွယ်ခြင်း၊ အသံ ထိန်းပေးခြင်းများကို လုပ်ကိုင်ခဲ့ရသော်လည်း ဂျပန်ခေတ်မှစတင်၍ ယင်းစက်မှုလုပ်ငန်းများကို စက်ဖက်ဆိုင်ရာ အင်ဂျင်နီယာများက ဆောင်ရွက်ကြပါသည်။ အသံလွှင့်သူများမှာ အသံလွှင့်ရန် လုပ်ငန်းသောက်ကိုသာ ဆောင်ရွက်ကြရပါသည်။ ဂျပန်စက်ဖက်ဆိုင်ရာ အမှုထမ်းများနှင့် တွဲဖက်၍ မြန်မာလူမျိုး စက်ဖက်အမှုထမ်းများကိုပါ ခန့်ထားခဲ့လေသည်။

ဂျပန်တို့ ရည်မှန်းထားသည့်အတိုင်း ၁၉၄၂ ခုနှစ် ဩဂုတ်လတွင် ယင်းဖိုက်ချလမ်း အသံလွှင့်ရုံမှနေ၍ ၂၆၃ မီတာမှ စတင် အသံလွှင့်နိုင်ခဲ့လေသည်။ အစီအစဉ် ကြေငြာသူအဖြစ် ပထမဆုံး အမျိုးသမီးအသံကို အသုံးပြုခဲ့ရာ ဒေါ်မေမေသန်းမှာ ပထမဆုံး အမျိုးသမီး အစီအစဉ်ကြေငြာသူ ဖြစ်ပါသည်။ သတင်းဖတ်ကြားသူများအဖြစ် စာရေးသူနှင့်အတူ ဦးသန်းကြွယ် (ယခု ဗိုလ်မှူးသန်းကြွယ်၊ သမဝါယမ၊ ဦးစီးဌာန) နှင့် ဦးသန်းမြင့် (ယခု လက်ထောက် ညွှန်ကြားရေးမှူး (ဂီတ) မြန်မာ့အသံ) တို့က ဆောင်ရွက်ကြပါသည်။ ဖတ်ရမည့် သတင်းများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မိမိတို့ကိုယ်တိုင် ဘာသာပြန်ကြရပါသည်။ အသံလွှင့်ချိန်မှာလည်း ညနေ ၅ း ၃၀ နာရီမှ ၉ း ၀၀ နာရီအထိ မြန်မာဘာသာဖြင့် ညနေပိုင်းတချိန်သာ အသံလွှင့်လေသည်။ ကျန်အချိန်များတွင် အင်္ဂလိပ်၊ ဂျပန်၊ ဟိန္ဒူစတန်နှင့် ဗင်္ဂါလီနှင့် တမိဘာသာများဖြင့် အသံလွှင့်ခဲ့လေသည်။

## လှိုင်းတိုများ ဖြတ်တောက်ခြင်း

ရန်ကုန်မြို့ရှိ အသံလွှင့်ဌာနမှ ယင်းသို့ တနေ့တကြိမ်သာ အသံလွှင့်နိုင်ခဲ့သော်လည်း သောတရှင်များမှာ ရေဒီယိုမှ သတင်းများ၊ တေးဂီတများကို လေးလနီးပါးမျှ နားမထောင်ခဲ့ရပဲ ရေဒီယိုနှင့် အဆက်ပြတ်နေခဲ့သဖြင့် ဂျပန်ခေတ်တွင် ယခုကဲ့သို့ ပြန်လည် အသံလွှင့်ခဲ့သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလေသည်။ သို့သော်ဂျပန်စစ်အုပ်ချုပ်ရေး ဌာနအနေဖြင့် ရေဒီယိုပိုင်ရှင်များအား ဟယ်လပင်လမ်းရှိ ဂျပန်စစ်တပ် ဝါဒဖြန့်ချိရေးဌာနသို့ ရေဒီယိုများယူဆောင်လာကြရန် အမိန့်ထုတ်ဆင့်ပြီးနောက် ရေဒီယိုမှ လှိုင်းတိုများကို ဖြတ်တောက်ဖျက်ဆီးပစ်လေသည်။ ယို့ကြောင့် ရေဒီယိုပိုင်ရှင်များမှာ အသံလွှင့်ဌာနမှ လှိုင်းလတ် ၂၆၃ မီတာနှင့်လွှင့်သော အစီအစဉ်များကိုသာ နားထောင်ခွင့်ရကြလေသည်။

မြန်မာဘာသာဖြင့်လွှင့်သော ဂျပန်ခေတ်က အစီအစဉ်များတွင် သတင်းများ၊ သတင်းဝေဖန်ချက်များ၊ ဟောပြောချက်များ၊ သီချင်းခေတ်ပြားများအပြင် ကာလပေါ်တီးဝိုင်း၊ သီချင်းကြီး တီးဝိုင်းများကိုပါ အသံလွှင့်ပေး၏။ သို့သော်လည်း ဂျပန်ဝါဒဖြန့်ချိရေး အစီအစဉ်များက များစွာ လွှမ်းမိုးနေလေသည်။ အထူးသဖြင့် အရှေ့တောင်အာရှ သာတူညီမျှရေး စနစ်အကြောင်း ဝါဒဖြန့်သည့် ဟောပြောချက်များနှင့် တေးသီချင်းများက များပါသည်။

## ချင်းချောင်း အသံလွှင့်ရုံ

၁၉၄၂ ခုနှစ် ဆောင်းရာသီတွင် ဂျပန်တို့သည် ဂျပန်လုပ် ၁၀ ကီလိုဝပ်အင်အားရှိ လှိုင်းလတ် အသံလွှင့်စက်တလုံးနှင့် ၅ ကီလိုဝပ်အင်အားရှိ မာကိုနီ အမျိုးအစား လှိုင်းတို အသံလွှင့်စက်တလုံးတို့ကို ယခုတံတားလေး စိတ္တဇဆေးရုံနေရာတွင် တည်ဆောက်ပြီးခဲ့သည်နှင့်အမျှ နောက်ထပ် ၅ ကီလိုဝပ်အင်အားရှိ ဂျပန်လုပ်လှိုင်းတို အသံလွှင့်စက် တလုံးကိုပါ နိုင်ငံခြား တိုင်းပြည်များသို့အသံလွှင့်ရန် တည်ဆောက်ကြပြန်သည်။

ထိုသို့ အသံလွှင့်စက် အင်အား ကြီးမားလာစေရန် တိုးမြှင့်ခဲ့သည့်အတိုင်း ဖိုက်ချလမ်းရှိ အသံလွှင့်ရုံကိုလည်း နေရာပိုမိုကျယ်ဝန်းကြီးမားသော ကုတ်ကိုင်းလမ်းရှိ ချင်းချောင်းနန်းတော် (ယခု ကမ္ဘာဇဆောင်) သို့ ရွှေပြောင်းအသံလွှင့်ရန် စီစဉ်ကြပြန်သည်။ ချင်းချောင်းနန်းတော် အသံလွှင့်ရုံတွင် တီးဝိုင်းများ အသံလွှင့်ရန် စတူဒီယိုကြီးနှစ်ခု၊ သတင်းနှင့် ဟောပြောချက်များ အသံလွှင့်ရန် စတူဒီယိုအသေး သုံးခုတို့ကို ခန့်ညားထယ်ဝါစွာ ပြုပြင်ဖန်တီးထားကြသည်။

၁၉၄၃ ခုနှစ် နှစ်ဦးတွင် ချင်းချောင်းနန်းတော်မှနေ၍ မြန်မာဘာသာ အစီအစဉ်များကို လှိုင်းလတ် ၂၆၀ မီတာနှင့် လှိုင်းတို ၂၅ မီတာတို့မှ စတင် အသံလွှင့်ခဲ့သည်။ အထူးအစီအစဉ်အနေဖြင့် အင်္ဂလိပ်ဘာသာ၊ ဂျပန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗင်္ဂါလီဘာသာ၊ တမီဘာသာနှင့် တရုတ်ဘာသာစသည့် ဘာသာခြောက်မျိုးဖြင့် လှိုင်းတို ၂၅ မီတာမှ နိုင်ငံခြားတိုင်းပြည်များ (အထူးသဖြင့် အိန္ဒိယပြည်) သို့ ရည်စူး၍ အသံလွှင့်ခဲ့၏။

## အသံလွှင့်ဌာန ပီပြင်လာပြီ

သို့ဖြင့် စစ်အတွင်း အသံလွှင့်လုပ်ငန်းမှာ စစ်မဖြစ်မီ အင်္ဂလိပ်ခေတ် အသံလွှင့်လုပ်ငန်းထက် ပိုမိုကြီးမားလာလေသည်။ အသံလွှင့်အစီအစဉ်များ၏ အရေအတွက်၊ အသံလွှင့်ချိန်များနှင့် ဝန်ထမ်းအင်အားများမှာလည်း အင်္ဂလိပ်ခေတ်ကထက် သုံးဆကျော်ကျော်မျှ များပြားလေသည်။ ချင်းချောင်းနန်းတော်မှ စတင်အသံလွှင့်သည့်အခါ “ရန်ကုန်မြို့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာနမှ ၂၅ မီတာနှင့် လှိုင်းလတ် ၂၆၀ မီတာတို့မှ အသံလွှင့်နေပါသည်”ဟူသော ကြေငြာချက်ကို အသံလွှင့်ခြင်းအားဖြင့် ဂျပန်ခေတ် အသံလွှင့်ရုံကို မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာနဟူ၍ အမည်ပေးထားကြောင်း သိသာနိုင်ပါသည်။

ထိုအချိန်တွင် စက်ပိုင်းဆိုင်ရာတွင် လည်းကောင်း၊ အသံလွှင့် အစီအစဉ်ဖက်ဆိုင်ရာတွင် လည်းကောင်း ဂျပန်တို့နှင့် တွဲဖက်လုပ်ကိုင်ရန်

မြန်မာ လူငယ်လူရွယ် အများအပြား အသံလွှင့်ရုံသို့ ဝင်ရောက်အမှုထမ်း လာကြသည်။ မြန်မာတို့အား အသံလွှင့်လုပ်ငန်းကို စနစ်တကျ လုပ်တတ်ကိုင်တတ်အောင် သင်ကြားနည်းပေးသွားသူများမှာ ဂျပန်တို့ပင် ဖြစ်သည်ဟုဆိုက မှားအံ့မထင်ပါ။ အထူးသဖြင့် အသံလွှင့်စက်ဖက်ဆိုင်ရာ လုပ်ငန်းများတွင် မြန်မာလူငယ်များပိုမို၍ များပြားပါသည်။ ဂျပန်ခေတ် အသံလွှင့်ရုံမှ ယနေ့ မြန်မာ့အသံ ဖြစ်လာသည့်အချိန်အထိ အသံလွှင့်စက်ဖက်ဆိုင်ရာ လုပ်ငန်းတွင် တ ဆက် တည်း အ မှု ထမ်း ခဲ့ သူ များ မှာ ဦးဝင်းမောင် (ညွှန်ကြားရေးမှူး - စက်မှု)၊ ဦးစိုးဝင်း (အကြီးတန်း ကြီးကြပ်မှုအင်ဂျင်နီယာ - အသံလွှင့်စက်)၊ ဦးအောင်ခင် (ကြီးကြပ်မှု အင်ဂျင်နီယာ)၊ ဦးမျိုးနိုင် (လက်ထောက်အင်ဂျင်နီယာ)၊ ဦးသိန်းလွင် (အကြီးတန်း စက်မှုလက်ထောက်)တို့ ဖြစ်လေသည်။ ယခု တပ်မတော်တွင် တာဝန်ယူနေကြသော ဒုဗိုလ်မှူးကြီး သန်းတင်၊ ဗိုလ်မှူးကြီး စံလင်း (ရေ)နှင့် ဒုဗိုလ်မှူးကြီး ကျော်ဆန်းတို့သည်လည်း ချင်းချောင်းအသံလွှင့်ရုံတွင် ဝင်ရောက်အမှုထမ်းသွားခဲ့သူများဖြစ်၏။ ဒု ဗိုလ်မှူးကြီးကျော်ဆန်းသည်ကျွန် တော်လှန်ရေးအစိုးရလက်ထက် ၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ မြန်မာ့အသံ ညွှန်ကြားရေးဝန်အဖြစ်ဖြင့် အမှုထမ်းဆောင်ခဲ့ရပါသည်။ စာရေးသူမှာ ဂျပန်ခေတ် တလျှောက်လုံးတွင် မြန်မာပိုင်း အစီအစဉ်များကို ကြီးကြပ်အုပ်ချုပ်ရသည့် အရာရှိတာဝန်ကို ယူခဲ့ရပါသည်။

## အစီအစဉ်များ ကွပ်ကဲပုံ

ဂျပန်ခေတ်တွင် အသံလွှင့်လုပ်ငန်း စီမံခန့်ခွဲရေးနှင့် စက်ဖက်ဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းများကို ဂျပန်စစ်ဖက် အာဏာပိုင်များက စီမံကွပ်ကဲကြပါသည်၊ အထူးသဖြင့် အိန္ဒိယဘာသာ အစီအစဉ်များ၊ အင်္ဂလိပ်ဘာသာ အစီအစဉ်များ၊ တရုတ်ဘာသာ အစီအစဉ်များနှင့် ဂျပန်ဘာသာ အစီအစဉ်များကိုမူ ဂျပန်စစ်ဖက် အာဏာပိုင်များက စီစဉ်ရေးဆွဲ၍ အသံလွှင့်စေပါသည်။ ယင်းအစီအစဉ်များအတွက် အသံလွှင့်သူများနှင့် မြန်မာဘာသာ အသံလွှင့်သူများကို ဂျပန်တို့က ခန့်ထားခဲ့လေသည်။

မြန်မာဘာသာ အသံလွှင့်အစီအစဉ်များ စီစဉ်ရေးဆွဲရေးကိုမူကား မြန်မာအစိုးရသတင်းနှင့် ဝါဒဖြန့်ချိရေးဌာနအား တာဝန် လွှဲအပ်ပေး ထားခဲ့၏။ ထို့ကြောင့်လည်း မြန်မာအစိုးရသည် မြန်မာအစီအစဉ်များ ကို စစ်မဖြစ်မီက ထုတ်လွှင့်ခဲ့သော အသံလွှင့်အစီအစဉ်များထက် ပို၍ ကျယ်ပြန့်စွာ ထုတ်လွှင့်လာခဲ့လေသည်။ ဖိုက်ချလမ်း အသံလွှင့်ရုံမှလွှင့် ခဲ့သည့် အစီအစဉ်များအပြင် ကလေးများအခန်း၊ ဆွေးနွေးခန်းများ၊ ဇာတ်လမ်းဇာတ်ကွက် ဆင်ထားသည့် အစီအစဉ်များ၊ အသံလွှင့်ဇာတ် များပါ တီထွင်အသံလွှင့်နိုင်ခဲ့လေသည်။ တီးဝိုင်းအဖွဲ့များ အသံလွှင့် ရာတွင်လည်း လူကြိုက်များသည့် အဖွဲ့များ၊ မြန်မာ့တေးဂီတကို ဘာတ် ကျွမ်း နားလည်သည့် သီချင်းကြီး အဖွဲ့များပါ ပါဝင်လာခဲ့လေသည်။ ထို့အပြင် အရေးကြီးသည့်အခါတိုင်း မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီး များကိုယ်တိုင် အသံလွှင့်ရုံသို့ လာရောက်၍ အသံလွှင့် မိန့်ခွန်းများ ပြောကြားကြပါသည်။ ထိုအချိန်က ထူးခြားသည့် အစီအစဉ်များမှာ နံနက်ပိုင်း အစီအစဉ် စလျှင်စချင်း ရေဒီယိုထိုင်ဆိုခေါ် ကျန်းမာရေး လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် အသံလွှင့်ပေးခြင်းနှင့် ဂျပန်စကားသင် အစီအစဉ်များ ဖြစ်လေသည်။

## လေကြောင်းရန် ပြင်ဆင်ထားခြင်း

အသံလွှင့်ရသည်မှာ စစ်အတွင်းကာလဖြစ်သဖြင့် ရန်သူ အင်္ဂလိပ် လေယာဉ်ပျံများသည် ရန်ကုန်မြို့ပေါ်သို့ အချိန်မရွေး လာရောက်ဗုံးကြဲ တိုက်ခိုက်လေ့ရှိရာ အသံလွှင့်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းမသွားစေရန် ဂျပန်တို့သည် ချင်းချောင်းနန်းတော်၏ အရှေ့တောင်ဖက် ငပ်ယွန်းသုန်း တနေရာတွင် မြေအောက်အသံလွှင့်ခန်းတခုကို တည်ဆောက်ထားခဲ့လေ သည်။ ထိုမြေအောက် အသံလွှင့်ခန်းမှနေ၍ သတင်းများဖတ်ကြားခြင်းနှင့် သီချင်းဓာတ်ပြားများ ဖွင့်ခြင်းတို့ကို ပြုလုပ်နိုင်လေသည်။ ၁၉၄၅ ခုနှစ်၊ ဇန္နဝါရီလမှ မတ်လအတွင်း အင်္ဂလိပ် လေယာဉ်ပျံများ ရန်ကုန်မြို့တော် ကို အကြီးအကျယ် ဗုံးကြဲ တိုက်ခိုက်စဉ်ကဆိုလျှင် ယင်းမြေအောက် အသံလွှင့်ခန်းမှနေ၍ အကြိမ်များစွာ ရွှေ့ပြောင်းအသံလွှင့်ခဲ့ရလေသည်။

စစ်အတွင်းက ယခုခေတ်ကဲ့သို့ တိတ်အသံသွင်း စက်များ၊ ဓာတ်ပြားသွင်းစက်များ မပေါ်ပေါက်သေးသဖြင့် အသံလွှင့်သည့်အစီအစဉ်အားလုံးကို လူကိုယ်တိုင် အသံလွှင့်ကြရပါသည်။ သတင်း ဖတ်လည်း လူကိုယ်တိုင်၊ ဟောပြောခန်းလွှင့်လည်း လူကိုယ်တိုင်၊ တီးဝိုင်းများအသံလွှင့်လျှင်လည်း လူကိုယ်တိုင် တီးမှုတ်သီဆို အသံလွှင့်ကြ ရပါသည်။ တီးဝိုင်းများ အသံလွှင့်နေစဉ် ရန်သူလေယာဉ်ပျံများလာသည့်အတွက် အချက်ပေး လေကြောင်းရန် ဥဩဆွဲထားလျှင် အသံလွှင့်ရုံမှ အမှုထမ်းတဦးက ဗုံးကြဲတိုက်ခိုက်ခြင်းသည် အသံလွှင့်ရုံနှင့် နီးသလော၊ ဝေးသလောဆိုသည်ကို အမြဲစောင့်ကြည့်နေရပါသည်။ အသံလွှင့်ရုံနှင့် နီးလျှင် အသံလွှင့်ခန်းတွင်း၌ တီးမှုတ်သီဆိုနေကြသော တီးဝိုင်းအဖွဲ့ဝင်များအား "ကိစ္စမရှိဘူး၊ အဝေးကြီး အဝေးကြီး၊ ဆက်သာတီးကြ" ဟူ၍ တိုးတိုးတိတ်တိတ် အားပေးစကား ပြောကြားရပါသည်။ တခါတရံ အသံလွှင့်ချိန်နီးကပ်မှ ပြင်းပြင်းထန်ထန် ဗုံးကြဲနေချိန်နှင့် ကြုံနေ၍ တီးဝိုင်းများ အချိန်မီ ရောက်မလာနိုင်ကြပါက ဓာတ်ပြားသီချင်းများကို အစားထိုး၍ အသံလွှင့်လိုက်ကြရလေသည်။

## ငိုအားထက် ရယ်အားသန်စရာ

ဤသို့ ဂျပန်ခေတ်က သက်စွန့်ဆံဖြား အသံလွှင့်ခဲ့ရသော်လည်း ငိုအားထက် ရယ်အားသန်စရာအဖြစ် တခုနှင့် ကြုံခဲ့ရပါသည်။ ဂျပန်ခေတ်က အသံလွှင့်ဇာတ်များကို အသံလွှင့်ရာတွင် ယခုခေတ်မှာကဲ့သို့ (Sound Effects) ခေါ် ဇာတ်လမ်းအထောက်အကူပြု သဘာဝအသံဇလဲဓာတ်ပြားများ မရှိသဖြင့် ယင်းအသံများကို ထည့်သွင်း အသံလွှင့်လိုလျှင် အသံလွှင့်ခန်းထဲမှာပင် လူက ကြံဖန် လုပ်ယူရလေသည်။ လေယာဉ်ပျံသံကို အလိုရှိလျှင် ပန်ကာကို စကားပြောခွက် မိုက်ကရိုဖုံးနားတွင် ဖွင့်၍လည်းကောင်း၊ မြင်းခွာသံကိုလိုချင်လျှင် အုန်းမှုတ်ခွက်နှစ်ခုကို စားပွဲတွင် ခေါက်၍ လည်းကောင်း၊ အမြောက်ပစ်သံ၊ ဗုံးကြဲသံလိုအပ်လျှင် ဗျောက်အိုးများဖောက်၍ လည်းကောင်း အသံချင်းတူအောင် ကြံဖန်လုပ်ယူကြရလေသည်။

တခါကမူ စာရေးသူကိုယ်တိုင် ရေးသားသော မွေးမြူရေး လုပ်ငန်းအားပေးသည့် "သူလိုပါဘဲ"အသံလွှင့်ဇာတ်ကို အသံလွှင့်ရန် စီစဉ်သည့်အခါ ယင်းပြဇာတ်၌ ကြက်သံ၊ ဘဲသံများ ထည့်ပေးရန် လိုအပ်လာ၏။ ထို့ကြောင့်ဘဲအရှင်နှင့် ကြက်အရှင်များကို အသံလွှင့်ခန်းအတွင်းသို့ သွင်းယူလာသည်။ ဘဲတို့သည် အပြင်ဖက်တွင် တဂစ်ဂစ်တဂတ်ဂတ်အော်ခဲ့ကြသော်လည်း အသံလွှင့်ခန်း၌ အသံလွှင့်သောအခါ မအော်ဘဲငြိမ်နေကြသည်။ ထို့ကြောင့် ဘဲအော်သံထွက်လာစေရန် ဘဲလည်ပင်းကို လိမ်ပေးလိုက်ရလေသည်။ ထိုအခါ အစာတောင်းသည့် ဘဲသံမျိုးထွက်မလာဘဲ လည်ပင်းအလိမ်ခံရသော ဘဲသံမျိုးသာ"ဂိ....ဂိ....ဂိ"ထွက်လာသဖြင့် လိုချင်သော အသံမျိုး ထွက်လာစေရန် ဘဲ၏ဘေးနံစပ်ဖက်ကို လက်ဖြင့်ရိုက်ကြပြန်သည်။ ထိုအခါ "ဂတ်....ဂတ်....ဂတ်"ဟု မထွက်ပဲ "ဘုတ်....ဘုတ်....ဘုတ်"ဟုသာ အသံထွက်လာသောကြောင့် အသံလွှင့်နေခိုက်တွင် အသံလွှင့်ဇာတ်ဆောင်များ မရယ်မိအောင် မနည်းကြီးအောင့်ထားကြရလေသည်။

တကြိမ်ကလည်း ဇာတ်ထုပ်ခေါတ်ပြားများကို အသံလွှင့်ရန် အစီအစဉ်တခု ရှိခဲ့၏။ တာဝန်ကျ အသံလွှင့်သူက ဇာတ်ထုပ်ခေါတ်ပြားများကို စက်ခန်းတွင်းသို့ ယူဆောင်သွားပြီး တာဝန်ကျ ဂျပန်စက်မှုအင်ဂျင်နီယာတဦးအား ပေးအပ်ခဲ့သည်။ အသံလွှင့်ရန် အချိန်ကျ၍ အသံများထွက်လာသောအခါ ဇာတ်ထုပ်တခုလုံးမှာ ကမောက်ကမ ဖြစ်ကုန်တော့သည်။ အကြောင်းမူကား ခေါတ်ပြားဖွင့်သော ဂျပန်အင်ဂျင်နီယာသည် ဇာတ်ထုပ်၏ နောက်ဆုံးခေါတ်ပြား ဇာတ်သိမ်းခန်းမှစ၍ ခေါတ်ပြားများကို တချပ်ချင်း အဆုံးဖက်မှ အစဖက်သို့ ပြောင်းပြန် ပြန်ဖွင့်ပေးလိုက်သောကြောင့် ဖြစ်လေသည်။ ဂျပန်မှာ မြန်မာစာကို မဖတ်တတ်သည့်အပြင် အသံလွှင့်သူက ပေးအပ်ခဲ့သော အစဉ်လိုက်ခေါတ်ပြားများကို စက်ခုံပေါ်တွင် အသင့်ဖြစ်စေရန် အားလုံးပြောင်းပြန် မှောက်ထားလိုက်ပြီး ခေါတ်ပြားများကို မှောက်ထားသည့်အတိုင်း အစဉ်လိုက်ဖွင့်လိုက်ခြင်းဖြစ်သည်ဟု သိရလေသည်။

## တိုက်ရိုက် အသံလွှင့်ခြင်း

စစ်မဖြစ်မီက အသံလွှင့်ရုံမှ ဘောလုံးပွဲများကိုသာ တိုက်ရိုက် အသံလွှင့်ပေးခဲ့သော်လည်း ဂျပန်ခေတ်တွင်မူ အခမ်းအနားပွဲများကို စတင်၍ တိုက်ရိုက် အသံလွှင့်ပေးခဲ့လေသည်။ ဂျပန်ခေတ် တလျှောက်လုံးတွင် အရေးကြီးသော အခမ်းအနားပွဲကြီး သုံးခုကို တိုက်ရိုက် အသံလွှင့်ပေးခဲ့ပါသည်။

အခမ်းအနား ကျင်းပရာ နေရာများမှ ပထမဆုံး တိုက်ရိုက် အသံလွှင့်ပေးရသည့် အခမ်းအနားမှာ ၁၉၄၃ ခုနှစ်၊ ဧပြီလအတွင်း ကန်တော်ကြီး အလယ်ကျွန်း (ယခုဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ) ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ဘည်ရှိရာ နေရာတွင် အာဏာရှင် ဒေါက်တာဘမော်အား အောင်မြေအပ်နှင်းမည့် အခမ်းအနား ဖြစ်လေသည်။ ယင်းအခမ်းအနားတွင် အာဏာရှင် ဒေါက်တာ ဘမော်အား တို့ဗမာ အစည်းအရုံး ဆင်းရဲသားပါတီ၏ အသံနှင့်အောင်မြေကို ပေးအပ်မည်ဖြစ်လေသည်။

"ရန်ကြီးအောင် ကုန်းဘောင်ခပါလို့ ငါးမည်ရ ပြည်ရွှေဘို၊ ဘေးရန်ကင်းပွ" ဆိုသော စကားနှင့်အညီ ဘေးရန်အပေါင်းပြိုသည့် ရွှေဘိုမြို့မှ အောင်မြေကိုလည်းကောင်း၊ တို့ဗမာ ဆင်းရဲသားပါတီ၏ အလံကို မနှလေး နန်းဘွင်းတွင် ချုပ်လုပ်၍လည်းကောင်း အောင်မြေနှင့် အလံတို့ ရွှေဘိုမြို့မှ ရန်ကုန်မြို့သို့အရောက် မရပ်မနား လက်ဆင့်ကမ်းသယ်ယူလာပြီးလျှင် အောင်မြေဟု ခေါ်သော ကန်တော်ကြီးတွင် အာဏာရှင် ဒေါက်တာ ဘမော်၏လက်သို့ အပ်နှင်းရပါသည်။ ယင်းအခမ်းအနားတွင် ဒေါက်တာ ဘမော်က ဗမာတွေ အားမွေးကြရန်နှင့် အားရှိမှ အောင်နိုင်မည် ဖြစ်ကြောင်း မိန့်ခွန်းပြောကြားပါသည်။ ဒေါက်တာဘမော်၏ မိန့်ခွန်းနှင့် ယင်းအခမ်းအနား ကျင်းပပုံ အစအဆုံးကို တိုက်ရိုက် အသံလွှင့်ပေးခဲ့ရပါသည်။

ဒုတိယ အကြိမ် တိုက်ရိုက် အသံလွှင့်ပေးရသည့် အခမ်းအနားမှာ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် အစိုးရအိမ်တော်၌ ကျင်းပသော ဗမာ့လွတ်လပ်ရေး ကြေငြာသည့် အခမ်းအနား ဖြစ်လေသည်။

ထိုအခမ်းအနားတွင် မြန်မာနိုင်ငံရှိ ဂျပန်စစ်သေနာပတိချုပ် ဂျင်နရယ် ကဝါဘီက မြန်မာနိုင်ငံအား ဂျပန်အစိုးရက ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လွတ်လပ်ရေး ပေးလိုက်ကြောင်းကို ကြေငြာ၍ အဓိပတိ ဒေါက်တာ ဘမော်က ကျမ်းသစ္စာ ကျိန်ဆိုပါသည်။ အခမ်းအနား တခုလုံးမှာ တနာရီမျှသာ အချိန်ကြာမြင့်၍ အစမှ အဆုံးတိုင် ဂျပန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် တိုက်ရိုက် အသံလွှင့် ပေးခဲ့ပါသည်။

နောက်ဆုံး တိုက်ရိုက် အသံလွှင့်ပေးရသည့် အခမ်းအနားမှာ ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအနီး (ယခု တော်လှန်ရေးပန်းခြံ)နေရာတွင် ကျင်းပပြုလုပ်သောစစ်သေနာပတိချုပ် ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သည့် ဗမာ့ လွတ်လပ်ရေး တပ်မတော် စစ်ထွက် အခမ်းအနား ဖြစ်လေသည်။ ယင်းအခမ်းအနားတွင် ဗိုလ်ချုပ် အောင်ဆန်းက ဗမာ့ လွတ်လပ်ရေးတပ်မတော်သည် ရန်သူကို တိုက်ခိုက်သုတ်သင်ရန် စစ်ထွက်တော့မည်ဖြစ်ကြောင်း မိန့်ခွန်းပြောကြားရင်း ဂျပန်ကို တော်လှန်ရေးစလုပ်ကြရန် အချက်ပေးလိုက်ခြင်းဖြစ်လေသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်းနှင့် အခမ်းအနားကျင်းပပုံ အစအဆုံးကို တိုက်ရိုက် အသံလွှင့်ပေးခဲ့၏။

အထက်ပါ အခမ်းအနားများကို တိုက်ရိုက် အသံလွှင့်နိုင်ရန်အတွက် ဂျပန်တပ်မတော် အချက်ပြ ဆက်သွယ်ရေးတပ်က ချင်းချောင်းနန်းတော် အသံလွှင့်ရုံနှင့် အခမ်းအနား ကျင်းပရာ နေရာများသို့ တယ်လီဖုန်းလိုင်းများဖြင့် တိုက်ရိုက် အသံလွှင့်ကြိုးများ ဆက်သွယ်ပေးခဲ့ပြီး စာရေးသူက အခမ်းအနား ကျင်းပပုံများကို တိုက်ရိုက် အသံလွှင့် အစီရင်ခံရလေသည်။

## အသံချဲ့စက်များ တပ်ဆင်ခြင်း

ဂျပန်ခေတ်တွင် ရေဒီယို အသံဖမ်းစက်များ ယခုလောက် များများစားစား မရှိသေးသည့်အပြင် အသံဖမ်းစက် အသစ်များလည်း ဝယ်ယူ၍ မရနိုင်သဖြင့် ရေဒီယိုကို လူတိုင်းနားထောင်နိုင်ရန် မလွယ်ကူခဲ့ပေ။

သို့ဖြစ်၍ ဂျပန် စစ်အုပ်ချုပ်ရေးနှင့် အသံလွှင့်ရုံ အုပ်ချုပ်ရေးဆိုင်ရာတို့ ညှိနှိုင်းပူးပေါင်း၍ လူအများ နားထောင်နိုင်ရန် အသံချဲ့စက်များကို ရန်ကုန်မြို့တော် လူစည်ကားသည့် နေရာများတွင် တပ်ဆင်ပေးထားခဲ့လေသည်။ စာရေးသူ မှတ်မိသမျှဆိုလျှင် သိမ်းကြီးဈေး၊ ပုစွန်တောင်ဈေး၊ ဗဟန်းဈေး၊ ကြည့်မြင်တိုင် ကမ်းနားဈေး၊ ရွှေဂုံတိုင်၊ ကုတ်ကိုင်း စသည့် နေရာများတွင် ဤအသံချဲ့စက်များ ထားရှိခဲ့လေသည်။ အသံလွှင့်ရုံမှ အသံလွှင့် အစီအစဉ်များ စလျှင်စချင်း အသံချဲ့စက်များကို ဖွင့်ပေးပြီး၊ အစီအစဉ်များ ပြီးဆုံးသည့် အခါမှသာ ပိတ်လိုက်ကြသည်။ ဤသို့ဖြင့် အသံလွှင့်ရုံမှ လွှင့်သည့် အစီအစဉ်များကို လူအများစုဝေး၍ နားထောင်လေ့ ရှိပေသည်။ ယင်းအသံချဲ့စက်များ တည်ဆောက်ထားပုံမှာ ခိုအိမ်ကလေးများသဖွယ် မိုးလုံလေလုံဖြစ်၍ မည်သူမှ ခိုးယူဖျက်ဆီးခြင်း မပြုကြပါ။ အမြဲတမ်း ကောင်းမွန်နေရန်အတွက် အသံလွှင့်ရုံမှ အင်ဂျင်နီယာများက အမြဲမပြတ် လှည့်လည်စစ်ဆေး ကြည့်ရှုရလေသည်။

## ဂျပန်အသံလွှင့်ရုံ ဇာတ်သိမ်းခန်း

၁၉၄၅ ခုနှစ် မတ်လမှစ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်က မြန်မာနိုင်ငံ တဝန်းလုံးတွင် ဖက်စစ်တော်လှန်ရေး စတင် ဆင်နွှဲလာသောကြောင့်လည်းကောင်း၊ အိန္ဒိယပြည်ဖက်မှ မဟာမိတ် စစ်တပ်များကလည်း မြန်မာနိုင်ငံတွင်းသို့ ပြန်လည်၍ ထိုးစစ်ဆင်လာသောကြောင့်လည်းကောင်း မြန်မာနိုင်ငံရှိ ဂျပန်စစ်တပ်များသည် ဆုတ်ခွာနေကြရသည့် အချိန်ဖြစ်ပါသည်။ ဤအချိန်တွင် အသံလွှင့်ရုံရှိ ဂျပန်များသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကြလေသည်။ သို့သော်လည်း အသံလွှင့်အစီအစဉ်များကို ရုတ်တရက်ချက်ချင်း ရပ်ဆိုင်းလိုက်ခြင်းမပြုပဲ။ လွှင့်မြဲအတိုင်း လွှင့်နေခဲ့သေးသည်။ ချင်းချောင်းနန်းတော် အသံလွှင့်ရုံရှိ စတူဒီယို အခန်းများမှ အရေးကြီးသော စက်ပစ္စည်းများကိုလည်း တစတစ ဖြုတ်ယူသွားကြသည်။

၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ဂျပန်စစ်တပ်များ ရန်ကုန်မြို့မှ နောက်ဆုံးထွက်ခွာကြရမည့် နံနက်ခင်းတွင် ဂျပန်အင်ဂျင်နီယာများနှင့် စစ်သားများသည် တံတားကလေးနှင့် ရေကူးရှိ သူတို့၏ အသံလွှင့်စက်များအားလုံးကို ဖျက်ဆီးလိုက်ကြခြင်းကြောင့် ၁၉၄၂ ခုနှစ်၊ဩဂုတ်လမှ စတင်အသံလွှင့်ခဲ့သော ဂျပန်ခေတ် အသံလွှင့်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် လုံးဝဇာတ်သိမ်း သွားခဲ့ပါတော့သည်။ ချင်းချောင်းနန်းတော် အဆောက်အဦကြီးကိုကား မည်သို့မျှ ဖျက်ဆီးခြင်း မပြုခဲ့သည်ကိုပင် ကျေးဇူးတင်ရပါတော့သည်။

## အခန်း - ၃

# အရှေ့တောင်အာရှ စစ်ဌာနချုပ် အသံလွှင့်လုပ်ငန်း (၁၉၄၅–၁၉၄၆)

မြန်မာနိုင်ငံမှ ဂျပန်တပ်များ လုံးဝ ထွက်ခွာသွားကြပြီးနောက်၊ ၁၉၄၅ ခုနှစ် မိုးဦးကျအချိန် မေလဆန်းလောက်တွင် မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်လိုက်ခဲ့သည့် မဟာမိတ်တပ်များနှင့်အတူ အရှေ့အာရှတောင်ပိုင်း စစ်ဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနခွဲတခုလည်း ပါလာခဲ့လေသည်။ ယင်းစိတ်ဓာတ် စစ်ဆင်ရေး ဌာနခွဲကို မြန်မာပြည်တွင် အရေးပိုင်လုပ်သွားခဲ့ဘူးသူ ကာနယ်ဂလပ်စ်က ခေါင်းဆောင်လာခဲ့ပြီး ဝါဒဖြန့်ချိရေး လုပ်ငန်းများအတွက် ရုပ်ရှင်အဖွဲ့၊ အသံလွှင့်အဖွဲ့နှင့် ပြန်ကြားရေး အဖွဲ့များ ပါရှိခဲ့သည်။ အသံလွှင့် တပ်ခွဲတွင် ယာခင်စာတိုက်နှင့် ကြေးနန်းဌာနမှ အမှုထမ်းဟောင်းများလည်း ပြန်လည်ပါရှိလာကြသည်။ အသံလွှင့်ရုံတွင် အုပ်ချုပ်သူ အရာရှိအဖြစ် ဆောင်ရွက်ခဲ့ဘူးသူ အင်္ဂလိပ်သတင်းဖတ်ကြားသူ မစ္စတာမက်ကွိုင်းသည်လည်း ဗိုလ်မှူးအဖြစ်နှင့် ပြန်လည်လိုက်ပါလာသည်။ ယင်းတပ်ခွဲက ၇.၅ ကီလိုဝပ်အားရှိ လှိုင်းတို မာကိုနီ အသံလွှင့် စက်နှစ်လုံးနှင့် ၅ ကီလိုဝပ်အားရှိ လှိုင်းလတ် အသံလွှင့် စက်တလုံးကို ယူဆောင်လာခဲ့ပြီး ရန်ကုန်ရေဒီယို (Rangoon Radio)ခေါ် မြန်မာနိုင်ငံတွင် အသံလွှင့် လုပ်ငန်းကို ပြန်လည် စတင်နိုင်ရန် စီမံဆောင်ရွက်ကြသည်။

စိတ်ဓာတ်စစ်ဆင်ရေး ဌာနခွဲရုံးကို ယခင် ဂျပန်ခေတ် ဗမာအစိုးရ ဝါဒဖြန့်ချိရေး ဌာနခွဲရုံး လုပ်ခဲ့သော အမှတ် ၃၂၊ ပတ်လမ်း (ယခု နတ်မောက်လမ်း အနောက်ဂျာမနီ သံရုံး)တွင်ပင် ဖွင့်လှစ်ထားရှိပြီး အသံလွှင့်ရုံအဖြစ် အမှတ် ၃၀၊ လောင်းဝစ္စလမ်း ရွှေတောင်ကြားရှိ နှစ်ဆပ်ဘိုက် လူနေအိမ်တလုံးကို ပြုပြင်ပြောင်းလဲယူသည်။ အသံလွှင့်ခန်း နှစ်ခန်းမျှသာရှိ၍ နံရံလေးဖက် လေးတန်တွင် ပဲ့တင်သံကို ထိန်းရန်အတွက် ဂုံနီအိတ်စများ ကာရံထားလေသည်။

အသံလွှင့် လုပ်ငန်းအတွက် မေဂျာဟယ်မိလတန်အမည်ရှိ ဗိုလ်မှူးတဦးက သူကြီးဂေဇက် ဦးခင်မောင်နှင့် တွဲဖက်၍ အသံလွှင့်ရုံကို အုပ်ချုပ်သည်။ အသံလွှင့် အစီအစဉ်များမှာ မြန်မာနိုင်ငံရှိ မဟာမိတ်စစ်တပ်များအတွက်သာ အဓိက ရည်ရွယ် အသံလွှင့်နေခြင်း ဖြစ်သဖြင့် မြန်မာ ဘာသာ အစီအစဉ်များထက် အင်္ဂလိပ် ဘာသာ အစီအစဉ်များကို အချိန်ပိုယူ၍ လွှင့်ခဲ့သည်။ မြန်မာ ဘာသာဖြင့် ၂ နာရီ ၄၅ မိနစ် အသံလွှင့်၍ အင်္ဂလိပ်ဘာသာဖြင့် ၄ နာရီ ၄၅ မိနစ် အသံလွှင့်သည်။ မြန်မာဘာသာဖြင့် သတင်းနှင့် သီချင်းဓာတ်ပြားများလောက်ကိုသာ လွှင့်ခဲ့သည်။ မြန်မာဘာသာဖြင့် အသံလွှင့်ရန်အတွက် စာရေးသူနှင့် အတူ ဦးကြီးတင်၊ ဦးမောင်မောင်(ကွယ်လွန်)နှင့် တယော ဦးသန်း(ကွယ်လွန်သူ ရွှေမောင်းကြီး၊ အဆိုတော် တင်တင်မြ၏ ဖခင်)တို့က တာဝန်ယူ ဆောင်ရွက်ကြသည်။ ဤသို့ဖြင့် ကက်စဘီခေတ် (မြို့ပြ အုပ်ချုပ်ရေးဌာန)လက်အောက်တွင် တလျှောက်လုံး အသံလွှင့်လာခဲ့ရာမှ ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံအတိုင်ပင်ခံ အဖွဲ့ဝင် ဖြစ်လာပြီး ကက်စဘီ အုပ်ချုပ်ရေးမှ မြို့ပြဆိုင်ရာ အစိုးရသို့ လွှဲပြောင်းပေးလိုက်ရာတွင် အသံလွှင့်ရုံ သည်လည်း မြို့ပြဆိုင်ရာ အစိုးရလက်သို့ ပြောင်းလဲရောက်ရှိသွားခဲ့တော့သည်။

ထိုအခါ အစိုးရသည် လန်ဒန်မြို့ရှိ ဘီဘီစီအသံလွှင့်ဌာန မြန်မာပိုင်း အစီအစဉ်တွင်လည်းကောင်း၊ နယူးဒေလီမြို့ အောလ အိန္ဒိယ အသံလွှင့်ဌာနတွင်လည်းကောင်း တာဝန်ယူထမ်းဆောင်ခဲ့ဘူးသူရန်ကုန်ထက္ကသိုလ် ပိဋကတ်တိုက်မှူး ဦးခင်ဇော်အား ခေါ်ယူ၍ မြန်မာနိုင်ငံ အသံလွှင့်

လုပ်ငန်းကို ကြီးမှူးဖွဲ့စည်း ဆောင်ရွက်ရန် တာဝန်အပ်နှင်းလိုက်လေသည်။ ဆရာဦးခင်ဇော်သည် မြန်မာ့အသံတွင် ခေတ်ဟောင်းခေတ်ပြေးသီချင်းခန်းတွင် ယခုထက်တိုင် သုံးစွဲနေရသေးသည့် မြန်မာ့ခေတ်ဟောင်း ခေတ်ပြေးအချပ်ပေါင်း ၅၀၀ ကျော်ကို အိန္ဒိယ နိုင်ငံမှ ယူဆောင်လျက် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဗမာ့အသံ (Burma Broadcasting Service)ဟု အမည်နာမ သတ်မှတ်ကာ အသံလွှင့်လုပ်ငန်း အခန်းကဏ္ဍသစ်ကို စတင် ဖွင့်လှစ်လိုက်လေသည်။

အခန်း–၄

# ဗမာ့အသံ တည်ထောင်ချိန်
# (၁၉၄၆–၁၉၄၇)

အိန္ဒိယ နိုင်ငံမှ ဦးခင်ဇော် ယူဆောင်လာခဲ့သည့် မြန်မာသီချင်း ဓာတ်ပြား ၅၀၀ ကျော်မှာ ရောင်းတန်း ဓာတ်ပြားများကဲ့သို့ သီချင်းအမည်၊ အဆိုတော်အမည်များ မပါရှိပဲ (Sample Record) နမူနာ အဖြစ် ထုတ်လုပ်သည့် ဓာတ်ပြားများသာ ဖြစ်သဖြင့် ဓာတ်ပြား ပေါ်တွင် သီချင်းအမည်၊ အဆိုတော်အမည် မပါရှိပဲ စာရွက်အဖြူများ သာ ကပ်ထားသည်။ ထို့ကြောင့် ဦးမောင်မောင်၊ ဦးသန်း၊ ဦးကြီးတင် နှင့် စာရေးသူတို့သည် ဓာတ်ပြားများကို တချပ်ချင်း ဓာတ်စက် ပေါ်တွင်ဖွင့်၍ နားထောင်ပြီး သီချင်းအမည်၊ အဆိုတော် အမည်များ ကို ရေးမှတ်ကြရပါသည်။ တော်ပါသေး၏။ လေးဦးစလုံး ယင်းသီချင်း များကို နှုတ်တိုက်နီးပါး ရရှိနေကြသဖြင့် လုပ်ငန်းတွင် ခဲခဲယဉ်းယဉ်း မရှိပဲ တလနှစ်လအတွင်း၌ပင် အလွယ်တကူ ပြီးစီးသွားပါသည်။

မြန်မာ့အသံ အသံလွှင့် လုပ်ငန်းသည် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း တပါးသူအကျိုးပြု ပံ့ပိုးမှုလုပ်ငန်းမှ တစတစ တိုင်းကျိုးပြည် ကျိုးပြု လုပ်ငန်းအဖြစ်သို့ ပြောင်းလဲလာရာ၌ "ဗမာ့အသံ"ဟူ၍ စတင် ပေါ်ပေါက်သည့် အချိန်မှစ၍ ပီပီပြင်ပြင် ပြောင်းလဲ ဖြစ်ပေါ်လာခဲ့ သည်ဟု ဆိုရပေမည်။ အကြောင်းမူကား ဗမာ့အသံသည် –

ဗမာ့အသံ၊ ဗမာ့အသံ၊
မြန်မာ့တံခွန် လူရည်ချွန်က၊
ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း၊
မလွှတ်စတန်း ရမည်မှန်း၊ မလွှတ်စတန်းရမည်မှန်း၊
ကိုယ့်တိုင်းပြည်ကို ထူထောင်၊ လွတ်လပ်ရေးကို ယူဆောင်၊
ကမ္ဘာပျက်စေ၊ ဥဒါန်းမကြေအောင်၊
မြင့်မြင့်ကြုံ၊ လွှင့်လွှင့်ရန်၊
ဗမာ့အသံ။

ဟူ၍ ကြွေးကြော်လျက် စစ်ဘေးစစ်ဒဏ်ကို နှစ်ခါပြန်ခံခဲ့ရ၍ ပျက်စီးလျက်ရှိသော တိုင်းပြည်၏ ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ရှေ့တန်းမှ ပါဝင်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။ အထက်ပါ ကြွေးကြော်သံတွင် "ကိုယ့်တိုင်းပြည်ကို ထူထောင်၊ လွတ်လပ်ရေးကို ယူဆောင်" ဟူသော အပိုဒ်သည် ထိုစဉ်က ဗမာ့အသံ၏ ရည်ရွယ်ချက် "မြင့်မြင့်ကြုံ၊ လွှင့်လွှင့်ရန်" ဟူသောအပိုဒ်သည် ထိုစဉ်က ဗမာ့အသံ၏လုပ်ငန်းစဉ်များပင် ဖြစ်သည်။

ဗမာ့အသံဟူ၍ အမည်သတ်မှတ်ထူထောင်လိုက်သည့် အချိန်မှအစပြု၍ ညွှန်ကြားရေးဝန် ဦးခင်ဇော်သည် ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီးဦးဘချို အမှူးပြု၍ အတွင်းဝန်ဦးခင်မောင်လတ်၊ ပြည်သူ့ဆက်ဆံရေးအရာရှိ ဦးစိန်ရွက်၊ သူကြီး ဂျေဇက် ဦးခင်မောင်၊ ထိုစဉ်က မြန်မာပိုင်း အစီအစဉ်မှူးချုပ်ဖြစ်သူ သတင်းစာဆရာ စာရေးဆရာကြီး ဦးထင်ဖတ်(မောင်ထင်)တို့နှင့် ညှိနှိုင်းတိုင်ပင်ကာ အသံလွှင့် ဌာနအား မြန်မာ့အသွင်၊ မြန်မာ့သဏ္ဌာန်၊မြန်မာ့ ဟန်မူရာတို့ ပေါ်ပေါက်စေရန် ကြိုးပမ်းဆောင်ရွက်ပါတော့သည်။ သို့ဖြစ်သည့် အားလျော်စွာ အသံလွှင့် အစီအစဉ်များတွင် "မာတလိစေခန်း"၊ "ရွှေမောင်းသံ"၊ "အသံထွက်မဂ္ဂဇင်း"၊ "စံရှားနှင့် ပျံလွှား"၊ "အရင်းတိုင်းပြောမယ်"၊ "ကလေးများအခန်း"၊ "ဈေးနှုန်းသတင်း"၊ "ပညာရေးဆိုင်ရာ အသံလွှင့်အစီအစဉ်များ"၊ "ဗမာနှင့်ကမ္ဘာ"၊ "မြန်မာစာပေလောက"၊ "သတင်းများအနှေးဖတ်ခြင်း" စသည့် အစီအစဉ်များကို တီထွင်ခဲ့လေသည်။

ထို့အပြင် သောတရှင်များ ပိုမိုစွဲလန်း နှစ်ခြိုက်စေမည့် ဇာတ်လမ်းဆန်ဆန် အစီအစဉ်တခုကို တီထွင်အသံလွှင့်ရန် ဆုံးဖြတ်ချက်အရ "ဇာတ်လမ်းပမာ နားဆင်စရာ"ဟူသော အစီအစဉ်တခုကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ မွေးဖွားသန့်စင်ခဲ့လေသည်။ ထိုအစီအစဉ်ကို ဦးသန်းမြင့် (အဘ) အား တာဝန်ပေးလိုက်ရာ ပထမဦးဆုံး လွှင့်လိုက်သော ဇာတ်လမ်းပမာ နားဆင်စရာမှာ "The Lady of Shalott"ကို မှီမသန်းလွင် မြန်မာပြန်ဆို ထားသော ကဗျာအား ဇာတ်ကွက်ဆင်ထားသည်။ "ပြည်တော်သာ ခင်ဦး" ဇာတ်လမ်း ဖြစ်၏။ ပထမတွင် ဇာတ်လမ်းကို တဦးတည်း အပြောဖြင့် သရုပ်ဖော်ပြီး ဆီလျော်ရာ တေးဂီတများကို ကြားညှပ်ထည့်သွင်း အသံလွှင့်ခဲ့သည်။ နောက်ပိုင်းမှ ဇာတ်ကောင်များ ထည့်သွင်းကာ အချီအချစကားပြောခန်းများပါဝင်လာခဲ့လေသည်။

ဇာတ်လမ်းပမာ နားဆင်စရာ အခန်းကို ဦးသန်းမြင့်က ၁၉၅၂ ခုနှစ်တွင် "အမေရိကန်အသံ"သို့ သွားရောက်အမှုထမ်းသည်အထိ အပတ်စဉ် တာဝန်ယူ ထုတ်လွှင့်ခဲ့ပြီး နောက်ပိုင်းတွင် စန္ဒယား ဦးအောင်ခင်က ဆက်လက်၍ တာဝန်ယူ ထုတ်လွှင့်ခဲ့လေသည်။

ထိုဇာတ်လမ်းပမာ နားဆင်စရာအခန်းကို လူကြိုက် များလာမှန်း သိရှိရသောအခါ ညွှန်ကြားရေးဝန် ဦးခင်ဇော်သည် တဆင့်တက်၍ အသံလွှင့်ဇာတ်လမ်းများ (Radio Play)ကို အသံလွှင့်နိုင်ရန် ကြိုးစားခဲ့ပြန်လေသည်။ ဗမာ့အသံမှ ပထမဆုံး အသံလွှင့်ခဲ့သော အသံလွှင့်ပြဇာတ်မှာ ဆရာဇော်ဂျီ ရေးသားသည့် "စိန်တလုံး"ပြဇာတ်ဖြစ်သည်။ ထို့နောက် မောင်ထင်၏"ဘာအရေးကြီးဆုံးလဲ"ပြဇာတ်၊ ဦးမျိုးမင်း၏ အမည်မမှတ်မိသော ပြဇာတ်တို့ ဖြစ်သည်။

ထိုသို့ တဖက်မှ အသံလွှင့်အစီအစဉ်များကို တီထွင် အသံလွှင့်ပေးသကဲ့သို့ တနေ့တာ၏ အသံလွှင့်ချိန်ကိုလည်း ပြင်ဆင်တိုးချဲ့ အသံလွှင့်ခဲ့၏။ ယခင်က အင်္ဂလိပ်ဘာသာ အစီအစဉ်အတွက် အသံလွှင့်ချိန် ၄ နာရီ ၄၅ မိနစ် ထားရှိခဲ့သည်ကို ပြင်ဆင်၍ ၁ နာရီ ၄၅ မိနစ်သာထားရှိခဲ့ပြီး မြန်မာ ဘာသာ အစီအစဉ်ကို အသံလွှင့်ချိန် ၄ နာရီ ၄၅ မိနစ်အထိ

တိုးချဲ့ အသံလွှင့်ပေးခဲ့သည်။ ရှမ်းဘာသာ၊ကရင်ဘာသာ အစီအစဉ်များကိုလည်း ထည့်သွင်းအသံလွှင့်ပေးသည်။ သို့ဖြစ်၍ မြန်မာရှမ်းနှင့် ကရင် ဘာသာများဖြင့် ၄ နာရီ ၄၅ မိနစ်၊ အင်္ဂလိပ် ဘာသာဖြင့် ၁ နာရီ ၄၅ မိနစ်၊ ဟိန္ဒူစတန်နီ ဘာသာဖြင့် ၁၅ မိနစ် တနေ့လျှင် စုစုပေါင်း ၆ နာရီ ၄၅ မိနစ် အသံလွှင့်ခဲ့သည်။ တနင်းလာနေ့နံနက်နှင့် နေ့လည်ပိုင်းများတွင်မူ အသံလွှင့်ခြင်းမပြုပဲ ညပိုင်း၌သာညနေ ၆း၃၀ နာရီမှ ၉း၄၅ နာရီအထိ အသံလွှင့်ခဲ့သည်။ အင်္ဂလိပ် ဘာသာဖြင့် လွှင့်သော အစီအစဉ်များတွင်လည်း မျက်နှာဖြူ တဦးတယောက်မျှ မပါစေပဲ မြန်မာအမျိုးသား အမျိုးသမီးများကိုသာအသုံးပြု၍ အင်္ဂလိပ် ဘာသာဖြင့် အသံလွှင့်စေသည်။

ထိုစဉ်က မြန်မာပိုင်း အစီအစဉ်မှူးချုပ်မှာ စာရေးဆရာ သတင်းစာဆရာကြီး ဦးထင်ဖတ် (မောင်ထင်) ဖြစ်သည်။ စာရေးသူ အနေဖြင့် သောတရှင်များထံမှ ပေးပို့သော အမေးစာများကို ဖြေဆိုပြန်ကြားပေးရသည့် "မာတလိစေခန်း" ကို တာဝန်ယူအသံလွှင့်ခဲ့ရသည်။ ယင်းအခန်းတွင် စာရေးသူသည် အပတ်စဉ်လိုလို ဟာသနှော၍ ပြန်ကြားဖြေဆိုခဲ့သည့်အတွက် လူကြိုက်များလှပြီး တတိုင်းပြည်လုံးက စာရေးသူအား မာတလိအဖြစ် အသိအမှတ်ပြုလာကြသည်။ နောက်ပိုင်းတွင် "မာတလိစေခန်း" ကို "ဗမာ့အသံ စေတမန်ခန်း" ဟု အမည်ပြောင်း၍ အသံလွှင့်ခဲ့ရာ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့အထိ ဖြစ်သည်။ ၁၉၆၂ ခုနှစ် ဧပြီလ ၈ ရက်နေ့မှစ၍ ယင်းအခန်းကို "သောတရှင်များအတွက် ပြန်ကြားချက်" ဟူ၍ အသံလွှင့်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။ သို့ဖြင့် ၁၉၄၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့အထိ ၁၆ နှစ်တိုင်တိုင် လူပြည်ဆင်း၍ အသံလွှင့်စကား ပြောကြားခဲ့သော မာတလိသည် လူပြည်သို့ နောက်ထပ် ဆင်းခွင့်မရတော့ပေ။

မာတလိစေခန်းကဲ့သို့ပင် ထိုစဉ်က လူကြိုက်များသော အခန်းမှာ "ရွှေမောင်းသံအခန်း" ဖြစ်သည်။ တင်တင်မြ၏ ဖခင် တယော ဦးသန်းသည် ရွှေမောင်းသံအခန်းကို အပတ်စဉ် တာဝန်ယူ၍ အသံလွှင့်ခဲ့ရသည်ဖြစ်ရာ သူ၏ "ဗျို" ဟစ်သံနှင့် "ဒူ" ဟူသော မောင်းသံတို့မှာ

အလွန်ပဏ္ဍာရ ဟပ်မိသဖြင့် ဦးသန်းအား ကွယ်လွန်သည့်အချိန် ရွှေမောင်းကြီးအဖြစ်လူသိများခဲ့ရပေသည်။ ဦးသန်း(၁-၇-၅၇)ကွယ်လွန်ပြီးနောက် ဦးခင်မောင်ကလည်းကောင်း၊ ဦးခင်မောင် (၁၉၆၀ ခုနှစ် မတ်လကုန်ကာနီးတွင်) ကွယ်လွန်ပြီးနောက် စာမူပြုမှုး ဦးညွန့်တင် (ကွယ်လွန်)နှင့် ထုတ်လွှင့်ရေးမှူး ဦးဇော်ဝင်း (မြန်မာ့အသံ မောင်သော်က)တို့ကလည်းကောင်း အသီးသီး တာဝန်ယူ၍ရွှေမောင်းသံအခန်းကို အပတ်စဉ်အသံလွှင့်ခဲ့ရာ ၁၉၆၂ ခုနှစ် ဧပြီလအထိ ဖြစ်ပါသည်။

ဗမာ့အသံသည် ထိုစဉ်ကပင် မြန်မာ့ဟန်၊ မြန်မာ့အသွင် သဏ္ဌာန်များကို အသံလွှင့်အစီအစဉ်များမှ ကြိုးစားဖော်ထုတ်ခဲ့သည် ဖြစ်ရာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထုတ် ဗမာ့အသံ ပထမနှစ်ပတ်လည်နေ့ အထူးအစီအစဉ်မှ အသံလွှင့်ခဲ့သော အောက်ပါသီချင်းအရ ဗမာ့အသံ၏ စေတနာကို သိရှိနိုင်ပါသည်။

တထောင်နဲ့သုံးအစွန်၊ အဆုံးခွန်နစ်ပင်၊
ကောဇာသက္ကရာဇ်၊ မှတ်တမ်းကိုတင်၊
နှင်းရည် ရွှဲတဲ့ တပို့တွဲလတွင်၊
ခန်းခန်းနားနား စီစဉ်ကာထွင်၊
ထူးတဲ့အင်၊ ဆန်းတဲ့အင်၊
တိုင်းမြန်ခွင် ဩဘာနိမိတ်ပေါ်လွင်၊
ဗမာများတို့အရာရာတွင်၊
တိုးတက်ကြောင်းရရန်၊ ဆကြံ၊ဗမာ့အသံလို့တွင်၊
ထူးမြတ်တဲ့စေတနာစင်၊
စိတ်ရည်စူးလို့ပင်၊ ထူးထူးခြားခြား ကြံစည်ကာအစဉ်၊
လမ်းစထွင်၊ ဗမာ့အသံပင်၊
ဗမာ့ဟန်မူမပျက်အောင်၊ အကွက်လှလှကျနစွာပြချင်၊
ဗမာမှု၊ ဗမာမှု ရတနာစုကိုပင်၊
ဗမာမှန်း၊ ကမ္ဘာတဝှမ်း၊ ပြစမ်းချင်။ ။

ယင်းကဲ့သို့ မြန်မာ့ဟန် အမူအရာပေါ်လွင်စေလျက် ဗမာ့အသံသည် တိုင်းပြည်၏ အဓိကလုပ်ငန်းဖြစ်သော ပြန်လည် ထူထောင်ရေးနှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တတပ် တအား ပါဝင် ထမ်းဆောင်ခဲ့လေသည်။ အသံလွှင့်အစီအစဉ်တိုင်းတွင်စာရေးဆရာ ရန်နိုင်စိန် ရေးစပ်သော–

လူထုအားကို အများကြီး....လိုသည်၊ ဗိုလ်ချုပ်အစိုးရ အချိုးကျကူညီ၊ တိုင်းရင်းသားများသည် ယှိုင်းပင်းကြရမည်၊ ငွေဝင်ကောင်းအောင် အကြောင်းရင်း....ရှာမည်၊ငွေထွက်နည်းဘို့ အမြဲဘဲကြံစည်၊ နည်းပေးလမ်းပြမည်....နည်းပေးလမ်းပြမည်၊ နဲနဲတော့ အပျော်အပါးလျှော့စေချင်သည်၊မြန်မာပြည်ထောင်စုကို....ပြန်လည်ထူထောင်မှုနဲ့ပြုပြင်မည်။

ဟူသော ပြန်လည်ထူထောင်ရေး သီချင်းသည်လည်း လေလှိုင်းမှ ပြန့်လွှင့်လာခဲ့သည်။ ထို့အပြင် မြန်မာ့ကာလပေါ် တီးဝိုင်းများနှင့် သီချင်းကြီး တီးဝိုင်းများသည်လည်း ဗမာ့အသံဟူ၍ ပေါ်လာပြီးသည့်နောက်ပိုင်းတွင် ပြန်လည်၍ အသံလွှင့်စပြုလာကြပါသည်။

နေ့စဉ် အသံလွှင့်မည့် မြန်မာပိုင်းအစီအစဉ်များ၊ အင်္ဂလိပ်ပိုင်းအစီအစဉ်များ ပါဝင်သည့် "ဗမာ့အသံစာစောင်" များကိုလည်း၊ ၁၅ ရက်တကြိမ် ပုံနှိပ်ထုတ်ဝေ၍ သောတရှင်များထံသို့ အခမဲ့ဝေငှပေးသည်။ ယင်းစာစောင်များတွင် အသံလွှင့်ပြီးခဲ့သော ဟောပြောချက်များထဲမှ ကောင်းနိုးရာရာ ဟောပြောချက်များကို ကောက်နုတ် ထည့်သွင်း၍ ဖော်ပြပေးခဲ့ရာ သောတရှင်များ အထူးနှစ်ခြိုက် သဘောကျကြောင်း တွေ့ရှိရလေသည်။ အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေသော ယင်းဗမာ့အသံ စာစောင်များကို ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ထုတ်ဝေခြင်းမှ ရပ်ဆိုင်းခဲ့၏။

## ဗမာ့အသံနှင့် လွတ်လပ်ရေးကြိုးပမ်းမှု

၁၉၄၇ ခုနှစ်အတွင်းတွင် မြန်မာပြည်သူလူထုတရပ်လုံးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် စည်းလုံး ညီညွတ် စွာဖြင့် ဗြိတိသျှ အစိုးရနှင့် အရေးဆိုတိုက်ပွဲဝင်ခဲ့ကြရာ၌ ဗမာ့အသံကလည်း မိမိစွမ်းဆောင်နိုင်သည့် အပိုင်းမှ ပါဝင်ကြိုးပမ်းခဲ့သည်။

ဗမာ့အသံပါဝင်ခဲ့သောအခန်းကဏ္ဍအနက် ပထမဦးဆုံးထင်ရှားသော မှတ်တိုင်ကြီးမှာ မြန်မာတို့နှင့် တောင်တန်းဒေသများအား စည်းလုံးမှုကြီးကို ပင်လုံကွန်ဖရင့်ကြီး၌ သဘောတူချက်ရရှိပြီဖြစ်ကြောင်းသတင်းကောင်းကို ပင်လုံစာချုပ်ကြီးလက်မှတ်မရေးထိုးမီ ခြောက်ရက် စော၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ ညတွင် မြန်မာ၊ ရှမ်းနှင့် အင်္ဂလိပ်သတင်းပိုင်းများမှ အသံလွှင့်ကြေငြာနိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။ ထိုအချိန်က အသံလွှင့်ရမည့်သတင်းများကို ပြည်သူ့ ဆက်ဆံရေး ဌာန ညွှန်ကြားရေးဝန် မစ္စတာအက်ပင်လတန် ခေါင်းဆောင်သည့် ပြန်ကြားရေးဌာန မှတဆင့် ဗမာ့အသံသို့ ပေးပို့ရသဖြင့် ယခုကဲ့သို့ ပင်လုံမြို့တွင် တိုင်းရင်း သားများ စည်းလုံးညီညွတ်မှု ရရှိသွားသည့် သတင်းကို ယင်းတို့ ဦးစွာပထမ မသိရှိရပဲ ဗမာ့အသံမှ ဦးစွာ အသံလွှင့် ကြေငြာလိုက်ခြင်းကြောင့် မျက်နှာဖြူအာဏာပိုင် များသည် အထူး အံ့ဩတုန်လှုပ်သွားကြပါသည်။

ထိုသတင်းကိုဗမာ့အသံကလည်းပင်လုံအစည်းအဝေးကြီးမှတယ်လီဖုံးဖြင့် သတင်း အခိုင်အလုံ ရရှိသဖြင့် ရဲရဲဝံ့ဝံ့ ကြေငြာနိုင်လိုက်ခြင်းပင် ဖြစ်လေသည်။

၁၉၄၇ ခုနှစ် ဇန္နဝါရီလတွင် အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း ဗိလပ်သို့သွားရောက်ခဲ့စဉ် ကလည်း ဗိလပ်တွင် ဗိုလ်ချုပ်တို့ လုပ်ကိုင်ဆောင်ရွက်နေပုံများကို မြန်မာနိုင်ငံရှိ ပြည်သူများစေ့စေ့စပ်စပ် ကြားသိနိုင်ရေးအတွက် လန်ဒန်မြို့ ဘီဘီစီမှ မြန်မာဘာသာဖြင့် အသံလွှင့်သော သတင်းများကို ဗမာ့အသံမှတဆင့်

ပြန်လည် အသံလွှင့်ပေးခဲ့၏။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့်အခါ ထိုအစီအစဉ်ကို ၂၀ - ၄ - ၄၉ နေ့မှစ၍ ရပ်ဆိုင်း ခဲ့သည်။

ထိုစဉ်က မြန်မာတနိုင်ငံလုံးသည် လွတ်လပ်ရေးရရှိရေးကိုသာ အာရုံစိုက်နေသည်ဖြစ်ရာ ဗမာ့အသံအနေဖြင့်လည်း တနှစ်အတွင်း လွတ်လပ်ရေး ရ ရမည်ဟူသော ဆောင်ပုဒ်ကို ဆွဲကိုင်ကာ အစီအစဉ်ကဏ္ဍ အသီးသီးမှနေ၍ လွတ်လပ်ရေးအတွက် တိုင်းရင်းသား အမျိုးသားများစည်းလုံးညီညွတ်စွာ ရှိနေကြရန် လှုံ့ဆော် အသံလွှင့်ခဲ့သည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဖက်မုခ်တွင် ကျင်းပသည့် လူထုစည်းဝေးပွဲကြီး၊ ကန်တော်မင် ပန်းခြံတွင်ကျင်းပသည့် လူထု စည်းဝေးပွဲကြီးနှင့် ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသည့် လူထု စည်းဝေးပွဲကြီးများ၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားသည့် မိန့်ခွန်းများကို ဓာတ်ပြားများဖြင့် အသံသွင်းယူပြီး ကိုင်းပြည်သို့ အသံလွှင့်ပေးခဲ့သည်။ တိုင်းပြုပြည်ပြု လွှတ်တော်ကျင်းပပုံများနှင့် လွှတ်တော်တွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများ မိန့်ကြားကြသည့် မိန့်ခွန်းများကိုလည်း ဓာတ်ပြားများဖြင့် အသံသွင်း၍ အသံလွှင့် ပေးခဲ့သည်။

ထိုစဉ်က ယခုကဲ့သို့ တိပ်ရီကော်ဒါများ မပေါ်သေးသဖြင့် ဤသို့ ပြင်ပတွင် အသံသွင်းမည်ဆိုလျှင် ကြီးမားလေးလံလှသည့်(M.S.S. Disc Recording Machines) ဓာတ်ပြားသွင်းစက်ကြီးများကို သယ်ယူ ရွှေ့ပြောင်းပြီးမှ အသံသွင်းယူနိုင်ခဲ့သည်။ ဓာတ်ပြား များမှာလည်း သတ္တုဓာတ်ပြားများဖြစ်သဖြင့် ကြာရှည်စွာ သိမ်းဆည်းထားရန်မဖြစ်နိုင်ပေ။ ယခုအခါ မြန်မာ့အသံမှ မကြာခဏအသံလွှင့်နေသော ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ မိန့်ကြားသော ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းမှာအိန္ဒိယနိုင်ငံသို့ ပေးပို့ပြီး ဓာတ်ပြား ၂၀၀၀ ကို ရောင်းတန်း ဓာတ်ပြားများနည်းတူ ပြန်လည် အသံကူး ဓာတ်ပြားသွင်းထားသည့်အတွက် ဤမျှကြာရှည်စွာ အသုံးခံနေခြင်းဖြစ်လေသည်။ ဗိုလ်ချုပ် အောင်ဆန်း၏ အခြား မိန့်ခွန်း ဓာတ်ပြားများ ပျက်စီးသွားသည်မှာ နှမြောစရာ ဝမ်းနည်းစရာ ကောင်းလှပါသည်။

# ဗိုလ်ချုပ်တို့ ကျဆုံးချိန်

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့သည် မြန်မာနိုင်ငံ တနိုင်ငံလုံး ကြိမ်မီးအုံးတမျှ ပူဆွေးဝမ်းနည်းကြရသည့်နေ့ ဖြစ်ပါသည်။ ထိုနေ့ နံနက်က မသမာလူသတ်သမားများသည် အတွင်းဝန်များရုံးတွင် အစည်းအဝေး ပြုလုပ်နေသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသား ခေါင်းဆောင်ကြီးများကို ရက်ရက် စက်စက် လုပ်ကြံ သတ်ဖြတ် ခဲ့ကြသည်။ ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည့် အကြောင်းကို ရန်ကုန်မြို့တော်ရှိ မြို့သူမြို့သားများက တခဏချင်း သိရှိကြသော်လည်း မည်သူ မည်ဝါ လုပ်ကြံခံရသည်ကိုကား အသေအချာ မသိကြသေး။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် အသက်မသေပဲ ဒဏ်ရာရရှိသွားသယောင် ကြားနေကြရသေးသည်။ ယင်းလုပ်ကြံမှုသတင်းဆိုးကြီးကို တတိုင်းတပြည်လုံး မသိရအောင် ဖုံးဖိထားရန်လည်းမသင့်လျော်သဖြင့် တိုင်းပြည်က သိအောင် ကြေငြာရမည် ဖြစ်သည့်အတွက် ဇူလိုင်လ ၁၉ ရက်နေ့ ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် မြန်မာနိုင်ငံ ဘုရင်ခံဆာဟူးဘတ်ရန့်သည် လောင်းဝစ္စသမ်းရှိ အသံလွှင့်ရုံမှနေ၍ ဗိုလ်ချုပ်တို့လုပ်ကြံခံရသည့် သတင်းကို အင်္ဂလိပ်ဘာသာဖြင့် ဝမ်းနည်းကြေကွဲစွာ အသံလွှင့် ပြောကြားခဲ့ပါသည်။ ဘုရင်ခံ၏ အသံလွှင့်ပြောကြားချက် မြန်မာဘာသာပြန် စာမူကို စာရေးသူက ဖတ်ကြား အသံလွှင့်ရာ၌ စိတ်ထဲတွင် ထိခိုက် ဝမ်းနည်းလွန်းသဖြင့် အသံများပင်တုန်နေကြောင်း ယနေ့အထိ သတိရနေမိပါသေးသည်။

စာရေးသူဖတ်ကြားခဲ့ရသည့် ဘုရင်ခံဆာဟူးဘတ်ရန့်၏ အသံလွှင့်ချက် မြန်မာဘာသာပြန်ဆိုချက်မူရင်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ည ၇ နာရီ ၁၅ မိနစ် အချိန်တွင် မြန်မာနိုင်ငံတော် အသံလွှင့်ဌာနမှ မြန်မာ နိုင်ငံတော် ဘုရင်ခံမင်းကြီးက အောက်ပါအတိုင်း အသံလွှင့်ကြောင်း၊

ယနေ့နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန် အမှုဆောင် ကောင်စီ အဖွဲ့ဝင် ဝန်ကြီးများ အစည်းအဝေး ကျင်းပနေစဉ် ဝန်ကြီးများ အား သေကြောင်း လုပ်ကြံသည့် အကြောင်းကို မြန်မာပြည်သူ ပြည်သားတို့အား ကျွန်ုပ်က အထူး ဝမ်းနည်းစွာဖြင့်ပြောကြားရပါ ကြောင်း၊ နံနက် ၁၀နာရီခွဲ သာသာလောက်တွင် စက်သေနတ်များ ကိုင်ဆောင် သူတို့သည် အစည်းအဝေးခန်းထဲသို့ ဝင်ရောက်လာ၍ အတွင်းရှိလူများကိုပစ်ခတ်ကြောင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်ဆန်း နှင့်တကွ ဝန်ကြီးသခင်မြ၊ ဝန်ကြီး မန်းဘခိုင်၊ ဝန်ကြီးဦးဘချို၊ ဝန်ကြီး အပ္ပဒူးရာဇာတ်နှင့် ဝန်ကြီး ဦးဘဝင်းတို့ သေဆုံးကြ ကြောင်း၊ မိုင်းပွန်စော်ဘွားမှာ ဒဏ်ရာရရှိသွားသော်လည်း ဒဏ်ရာ မှာ မပြင်းထန်လှကြောင်း၊

ဤကဲ့သို့သော သူရဲဘောနည်းသူတို့၏ အပြုအမူကြောင့် မြန် မာနိုင်ငံမှာနိုင်ငံရေးခေါင်းဆောင်ကြီးနှင့်တကွ နိုင်ငံအတွက် မရှိ လျှင် မပြီးသလောက် အရေးကြီးလှသော ဝန်ကြီးများ ဆုံးရှုံး ရသည့်အတွက် ကျွန်ုပ်က များစွာ ဝမ်းနည်းပါကြောင်း၊ မြန်မာ နိုင်ငံတော်သူ နိုင်ငံတော်သားတို့သည် ငြိမ်သက်တည်ကြည်စွာ နေ ကြသျက် ကွယ်လွန်သူခေါင်းဆောင်ကြီး သတ်မှတ်ပေးသွားသည့် ဥာဏ်အမြော်အမြင် ပြည့်စုံသော လွတ်လပ်ရေးလမ်းစဉ် အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန်ကျွန်ုပ်ကနှိုးဆော်လိုက်ပါကြောင်း၊

တိုင်းပြည်ပြု လွှတ်တော် ဥက္ကဋ္ဌ သခင်နုက အစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် သဘောတူလိုက်ပြီဖြစ်ကြောင်းကို ကျွန်ုပ်က ဝမ်းမြောက် စွာပြောပြရပါကြောင်း၊ ဥက္ကဋ္ဌသခင်နုက အစိုးရ အဖွဲ့သစ် ဖွဲ့စည်း ရာတွင် ဝန်ကြီးပျော်ဘွယ် ဦးမြ၊ ဦးအောင်ဇံဝေနှင့် ဦးဘဂျမ်းတို့ က ကူညီကြလိမ့်မည် ဖြစ်ကြောင်း၊ အဆိုပါ ဝန်ကြီးများမှာ အ စည်း အဝေးတက်ရောက်ကြသော်လည်း ကံကောင်း ထောက်မသ ဖြင့် ဒဏ်ရာအကြီးအကျယ်မရပဲ လွတ်မြောက် သွားကြကြောင်း။

ဘုရင်ခံ၏ အသံလွှင့်ချက်ထဲတွင် မိုင်းပွန်စော်ဘွားမှာ ဒဏ်ရာရရှိသော်လည်း ဒဏ်ရာမှာ မပြင်းထန်လှဟု ဖော်ပြခဲ့သော်လည်း၊ မိုင်းပွန်စော်ဘွားကြီးမှာ နောက်တနေ့ ဇူလိုင်လ ၂၀ ရက်နေ့တွင် ဆေးရုံမှာပင် ကွယ်လွန်သွားခဲ့လေသည်။

အထက်ပါအတိုင်း ဘုရင်ခံမင်းကြီးက အသံလွှင့် ပြောကြားပြီးသည့်အချိန်မှအစပြု၍ ဗမာ့အသံမှ ခေတ်ပြားသီချင်းနှင့် တေးဂီတဖျော်ဖြေခန်းများအားလုံးကို ရက်သတ္တတပတ်လုံးလုံး အသံလွှင့်ခြင်းမှရပ်ဆိုင်းခဲ့သည်။ ယင်းအစီအစဉ်များအစား ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုရေးသားထားသည့် သတင်းစာ ဆောင်းပါးများ၊ တိုင်းသူပြည်သားများက ရန်တုန့်ပြန်ခြင်းမပြုပဲ ချေမ်းငြိမ်သက်စွာနေကြရန် မေတ္တာရပ်ခံသည့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏စာများ၊ ဖဆပလအဖွဲ့ချုပ်၊ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဌာနချုပ်၊ ဗမာ့လွတ်လပ်ရေး အမျိုးသမီးအဖွဲ့အစည်း၊ ဗမာနိုင်ငံ လူငယ်များအစည်းအရုံး၊ ဗမာမူဆလင်အဖွဲ့ချုပ် အစရှိသည့် ဖဆပလ အလံတော်အောက်ရှိ အသင်း အဖွဲ့များမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာများ၊ ကြေငြာချက် များနှင့် သတင်းများကို ဖတ်ကြားအသံလွှင့်ခဲ့သည်။

ဝန်ကြီး ဦးဘချိုမှာ ထိုအချိန်က ပြန်ကြားရေးဌာန ဝန်ကြီး ဖြစ်ပြီး၊ လုပ်ကြံခြင်းမခံရမီ ရက်သတ္တတပတ်အလိုတွင် ရေကျော်၊ ဗိုလ်ချုပ်လမ်းရှိ သူ၏နေအိမ်မှ အသံလွှင့်ရုံနှင့် ကပ်လျက်ရှိသော ညွှန်ကြားရေးဝန် ဦးခင်ဇော်နေအိမ်သို့ ပြောင်းရွှေနေထိုင်ခဲ့ဖြစ်ရာ ဗမာ့အသံ ဝိုင်းတော်သားများအဖို့ မျက်စိအောက်မှာပင် တွေ့မြင်နေကြရာမှ ယခုကဲ့သို့ ရုတ်တရက် ကွယ်လွန်သွားရသည့်အတွက် များစွာ စိတ်ထိခိုက်ကြရပေသည်။

ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များကို ပြည်သူလူထု အလေးပြုနိုင်ရန်အတွက် ဂျူဗလီဟောတွင် ထားရှိစဉ်ကာလအတွင်းတွင် အဆိုတော်စိန်ပါဘီ သီဆိုသည့် "လွမ်းမဒ္ဒပြတဲ့ပန်းခွေ"၊ "တဗိုလ်ကျ တဗိုလ်တက်"၊ "ပြည်သူ့ရင်သွေး"၊ "ဗမာ့သားကောင်း" စသည့် သီချင်းများ

အပြင် ဇာတိသွေး ဇာတိမာန် တက်ကြွစေမည့် သီချင်း များကိုသာ ရွေးချယ် အသံလွှင့်ပေးခဲ့သည်။ ထိုအထဲတွင် လွမ်းမပြေတဲ့ ပန်းခွေ သီချင်းမှာ ဒေါ်ဆိုတော်စိန်ပါဟီက ကရုဏာသံအပြည့်ဖြင့် အဆို ပိုင်နိုင်စွာ သီဆိုထားခြင်းကြောင့် ယင်းသီချင်းကို ကြားရသူတိုင်း ဝမ်းနည်းကြေကွဲ၍ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရလေသည်။ မြန်မာ့တေးဂီတတွင် သမိုင်းဝင်တေးတပုဒ်ဖြစ်သည့် စာရေးဆရာ ရန်နိုင်စိန် ရေးစပ်သော ယင်းသီချင်းကို မှတ်တမ်းတင်နိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါသည်။

## လွမ်းမပြေတဲ့ ပန်းခွေ

(သူရဲကောင်းအပေါင်းရဲ့ ဂုဏ်ရည်ဆောင်တယ်၊ ကိုယ့်တိုင်းပြည်နယ်ကိုယ့်လူမျိုးအတွက်၊ လွတ်လပ်ရေးကိုရအောင် မဟုတ်မခံ ဂျပန်နဲ့ အင်္ဂလိပ်ပါကွ၊ တော်လှန်လာခဲ့တယ်)၂

ဘုန်းတံခိုးကြီးပါပေရဲ့ ဗိုလ်ချုပ်အောင်ဆန်းရယ်၊ သတ္တိသွေးကိုလူတိုင်းဘဲမွေးဘို့ချည်ရှယ်၊ ခေါင်းဆောင်ရှေ့ပြေးမှန်လှတယ်၊ ကျွန်ဘဝက ကယ်ဆယ်ပေးတယ်၊ ခုတော့ဖြင့် ပျက်ပြုန်းကာရယ်၊ အသက်ဆုံးရှာတယ်၊ ဝန်ကြီးများနဲ့ရယ်၊ ဒို့လူထုတိုင်း အားမငယ်၊ အသက်ချင်းကိုလဲချင်တယ်၊ နေမင်းရောင် လမင်းရောင် ကွယ်ကာသာမှောင်၊ အကျိုးမဲ့အောင်လို့ အမှုဆောင်တွေ အပေါင်းရယ်၊ အတွင်းဝန်ရုံးမယ် ဆွေးနွေးနေတုံးကွယ်၊ သူရဲဘော အလွန်နဲ့တဲ့ အဟိတ် တိရစ္ဆာန်တွေရယ်၊ သတ်ရက်တယ် သေနတ်နဲ့ကွယ် ရက်စက်တယ့် လက်ချက်ကြောင့်၊ အသက်ဆုံးရပြန်တယ် × ×

(တထောင့်သုံးရာကျော် ကိုးနှစ်အတွင်းပင်၊ ကြမ္မာကံ ယိုယွင်းလှတဲ့မိုးရာသီအချိန်ငယ် × ခါလဝါငခေါင်နှစ်ရက်စွန်း စနေနေ့မွန်းမလွဲ၊ ခဲ့လို့ပြင့်ရှောင်ကြဉ်ဖယ်၊ ဗိုလ်ချုပ်နဲ့ဝန်အပေါင်းနှယ်× ×)၂....
ယုတ်လှတဲ့အကြံရယ်၊ ရှုံ့ချရပြန်တယ်၊ အစေခံ သူလျှို မိုက်တဲ့ လူသတ်သမားတို့ရဲ့၊ ဘဝအဆက်ဆက်မကြေတယ်၊ အို- လူထုစိတ်မယ်၊

အမြဲတန်းဖြင့် လက်စားများတော့ ချေချင်ပါတယ်၊ သေတာဟာ မဆန်းကြဘူး × × ×

(ဂျူဗလီဝယ်×ဩော်....လွှမ်းမပြေနိုင်တဲ့ ပန်းခွေများနဲ့အလေး ပြုကြတယ်)ᒧ ဩော်....ဗိုလ်အောင်ဆန်း ရယ်နဲ့ ဦးရာဇတ်ရယ်၊ ဟော် ပိုင်တွေ့နှယ်- စောစံထွန်းရယ်၊ သခင်မြနဲ့ ဦးဘဝင်းတို့တသွယ် × × အို....ဦးဘချိုနဲ့ရယ်၊ မန်းဘခိုင်၊ ဦးအုံးမောင်ရယ်၊ သက်တော် စောင့် ကိုထွေး ဆွေးရတဲ့လူထုမှာ အမျှ....အမျှ....အမျှပေးပြုတယ်× × ×

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ကြီး များအား ဂါရဝပြုသောအားဖြင့် ဂုဏ်ပြုတေးသီချင်းများကို အသံလွှင့်ပေးခဲ့ရုံသာ မက အာဇာနည်ကြီးများ၏ ဈာပနအခမ်းအနားကျင်းပပုံကို တိုက်ရိုက် အသံလွှင့်ပေးလိုလှသော်လည်း အသံလွှင့်နိုင်ရန် အခြေအနေမပေးသဖြင့် ဈာပနအခမ်းအနားကျင်းပသည့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် မျက်မြင်ကိုယ်တွေ့ အစီရင်ခံချက်များကို ညပိုင်းတွင် ပြန်လည်အသံလွှင့် နိုင်ရန်အတွက် စီစဉ်ရလေတော့သည်။ ဂျူဗလီဟောတွင် မြန်မာ့အသံ အစီအစဉ်ဖက်မှ ဝန်ထမ်းတဦး၊ ရွှေတိဂုံဘုရားလမ်းနှင့် စတီးဝပ်လမ်း ဆုံရာတွင်တဦး၊ ဘုရားလမ်းနှင့် ဇဖားရှားလမ်းဆုံရာတွင်တဦး၊ ရွှေတိဂုံ စေတီတော် တောင်ဘက်မုခ်အနီးတွင်တဦး၊ အာဇာနည်ကုန်းတွင်တဦး၊ ဤသို့ ဝန်ထမ်းငါးဦးကို ရုပ်ကလာပ်များသယ်ဆောင်ရာ ခရီးလမ်းတ လျှောက်တွင် တာဝန်ချထားခဲ့ရသည်။ ထိုဝန်ထမ်းများက ရုပ်ကလာပ် များသယ်ယူရာ လမ်းတလျှောက်တွင် မြင်တွေ့ကြရပုံများကို ညပိုင်းတွင် အသံလွှင့်အစီရင်ခံကြပါသည်။

နောက်တနှစ်ဖြစ်သော ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှစ၍ ဗမာ့အသံသည် နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့သို့ ရောက်ရှိလေတိုင်း အာဇာနည်ကြီးများအား လွမ်းဆွတ်တသဝမ်းနည်းသည့် အထိမ်းအမှတ် အဖြစ်ဖြင့် ထိုနေ့နံက်ပိုင်းနှင့် နေ့လည်ပိုင်းအစီအစဉ်များကို အသံလွှင့် ခြင်းမပြုပဲ ညပိုင်းအစီအစဉ်ကိုသာ အသံလွှင့်ခဲ့၏။ ထိုအစဉ်အလာသည် ၁၉၅၀ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ထိ ဖြစ်၏။

## မြန်မာ့လွတ်လပ်ရေး ကြေငြာခြင်း

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့၊ နံနက် ၄ နာရီနှင့် မိနစ် ၂၀ အချိန်။

ထိုနေ့ ထိုအချိန်သည်ကား နှစ်ပေါင်း ၁၂၂ နှစ်တိုင်တိုင် သူ့ကျွန် အဖြစ်နှင့် နေခဲ့ရသည့် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝမှ ရုန်းထွက်၍ ကိုယ်ပိုင်နိုင်ငံ၊သခင်နိုင်ငံအဖြစ်သို့ ရောက်ရှိရသည့်အချိန်ပင် ဖြစ်တော့ သည်။ မြန်မာ့လွတ်လပ်ရေးကို ကမ္ဘာကသိအောင် ကြေငြာရမည့် အ ချိန်ပင် ဖြစ်လေသည်။ ကျွန်လူမျိုးဘဝမှ လွတ်လပ်သည့် အချုပ်အာ ခြာအာဏာပိုင် နိုင်ငံအဖြစ် ကြေငြာရမည့် မြန်မာ့သမိုင်းတွင် အရေး အကြီးဆုံးအချိန်အခါ ဖြစ်သည့်အလျောက်လည်း ဗမာ့အသံသည် မိမိ တွင်ရှိသမျှ လူအင်အား စက်အင်အားတို့ကို အသုံးပြုလျက် ထိုလွတ် လပ်ရေးကြေငြာမည့် အခမ်းအနားကြီးကို တိုက်ရိုက်အသံလွှင့်ပေးရန် ရက်ပေါင်းများစွာကပင် ကြိုတင်စီစဉ်ရပေသည်။

အသံတင်အခမ်းအနားပြုလုပ်မည့် အတွင်းဝန်များရုံး (ယခုဝန်ကြီး များရုံး)အတွင်းရှိ တိုင်းပြုပြည်ပြုလွှတ်တော်၊ အာဏာလွှဲပြောင်းခြင်း အခမ်းအနားပြုလုပ်မည့် ဘုရင်ခံအိမ်တော် (ယခု အစိုးရဧည့်ဂေဟာ) နှင့် လွတ်လပ်ရေး ကြေငြာစာတမ်း ကြေငြာမည့် တိုင်းပြုပြည်ပြုလွှတ် တော်ဆောင်များသို့ တိုက်ရိုက်အသံလွှင့်ကြိုးများကို ယင်းနေရာများမှ လောင်းဝတ္တလမ်းအသံလွှင့်ရုံနှင့် ဆက်သွယ်ကြသည်။ အစီအစဉ်ဖက်ဆိုင် ရာ ပုဂ္ဂိုလ်များကလည်း လွတ်လပ်ရေးနေ့တွင် တိုက်ရိုက်အသံလွှင့်ရမည့် အချက်အလက်များကို စုဆောင်းရှာဖွေကြရသည်။

ဇန္နဝါရီလ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့် ကျော် ၉ ရက် တနင်္ဂနွေနေ့ နံနက်ခင်းသည် နှင်းများဖြင့် ဝေလျက်ရှိ သည်။ ရာသီဥတုမှာလည်း မကြုံစဘူး ခိုက်ခိုက်တုန်အောင် အေးလှ တော့သည်။ ဦးကြီးတင်၊ ဦးတင်ဦး၊ ဦးလှဘူးနှင့် စာရေးသူတို့ပါဝင် သော ဗမာ့အသံ တိုက်ရိုက်အသံလွှင့်အဖွဲ့သည် နံနက် ၂ နာရီအချိန်မှ အစပြု၍ ဌာနမော်တော်ယာဉ်ဖြင့် အတွင်းဝန်များရုံးအတွင်းရှိ တိုင်းပြု

ပြည်ပြုလွှတ်တော်သို့ ရောက်ရှိနေကြပါသည်။ ထိုနေ့ညအဖို့ ရန်ကုန်တမြို့လုံး မည်သူမျှမအိပ်နိုင်ကြပဲ ဝမ်းသာမှုအပြည့်ဖြင့် လွတ်လပ်ရေးအချက်ပေးသံကို စောင့်မျှော်ရင်း နိုင်ငံတော်အလံကို လွှင့်ထူကြရန်စီစဉ်နေကြသည်ကို လမ်းတလျှောက်လုံး တွေ့မြင်ခဲ့ရပါသည်။ နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ဘာမင်ဂမ် စစ်သင်္ဘောမှ အမြောက်ပစ်ဖောက်ကာ မင်္ဂလာအချိန်ကျရောက်ကြောင်း အချက်ပေးလိုက်သည်နှင့်ဘပြိုင်နက် တိုင်းပြုပြည်ပြုလွှတ်တော် ရှေ့မျက်နှာစာရှိ အလံတိုင်ပေါ်မှ ယူနီယံဂျက် ဗြိတိသျှအလံတော်ကို အင်္ဂလိပ်စစ်သင်္ဘောသားနှစ်ဦးက တဖြည်းဖြည်းတိုင်ထိပ်မှတိုင်အောက်သို့ လျှောချကြပါသည်။ ထိုအချိန်တွင် ဘာမင်ဂမ်စစ်သင်္ဘော စစ်တီးဝိုင်းအဖွဲ့မှ God Save the King ခေါ် ဗြိတိသျှနိုင်ငံတော်သီချင်းကို တီးမှုတ်ပေးပါသည်။ အလံတင်အခမ်းအနားသို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံယာယီသမ္မတကြီး စောရွှေသိုက်၊ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့် အပါအဝင် ပရိသတ်အားလုံးက အလေးပြုလျက်ရှိကြပါသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်ကိုဗမာ့ရေတပ်မတော်မှ ရေတပ်သား ရဲဘော်နှစ်ဦးက အလံတိုင်ထိပ်သို့အရောက် ဖြည်းဖြည်းချင်း လွှင့်ထူကြရာ စစ်တီးဝိုင်းအဖွဲ့မှ ကမ္ဘာမကြေနိုင်ငံတော်သီချင်းကို တီးမှုတ်ပေးပါသည်။ ပရိသတ် အားလုံးကလည်းပြည်ထောင်စုမြန်မာနိုင်ငံအလံတော်ကို အလေးပြုကြပါသည်။

အထက်ပါ အလံတင်အခမ်းအနားကျင်းပပုံကို စာရေးသူတို့အဖွဲ့ကနံနက် ၄ နာရီတိတိ အချိန်မှစ၍ နံနက် ၄ နာရီ ၄၅ မိနစ်အချိန်အထိအင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် အစအဆုံး တိုက်ရိုက်အသံလွှင့်ပေးခဲ့ပါသည်။ စာရေးသူ၏ စိတ်ထဲတွင် "ဒို့နိုင်ငံရဲ့လွတ်လပ်ရေးကို ကမ္ဘာသိအောင် ကြေငြာနိုင်ပြီ" ဟူသောပီတိဖြင့် ဝမ်းမြောက်ဝမ်းသာလွန်းသဖြင့် အသံလွှင့်ရာတွင် အသံများပင် တုန်နေသည်ကို ယနေ့တိုင် မမေ့နိုင်သေးပါ။ ထိုအလံတင်အခမ်းအနား ပြီးဆုံးသည်နှင့်ဘပြိုင်နက် စာရေးသူတို့ ဗမာ့အသံအဖွဲ့သည် ဘုရင်ခံအိမ်တော်သို့ မော်တော်ယာဉ်များဖြင့် အလျင်အမြန် ထွက်ခွာကြရပြန်သည်။ ဘုရင်ခံ အိမ်တော်တွင်

အာဏာအပ်နှင်းပွဲ အခမ်းအနား စမည့်အချိန်မှာ နံနက် ၇ နာရီ ဖြစ်ပါသည်။

တိုင်းပြုပြည်ပြုလွှတ်တော်မှ ဘုရင်ခံအိမ်တော်အထိသွားရာ လမ်းကြီးလမ်းငယ် အသွယ်သွယ်တွင် လူထုပရိသတ်များ မော်တော်ယာဉ်များဖြင့် စည်ကားပြည့်ကျပ်နေသဖြင့် စာရေးသူတို့အဖွဲ့သည် ဘုရင်ခံအိမ်တော်သို့ နံနက် ၆ နာရီခန့်တွင်မှ ရောက်ရှိကြပါသည်။ ရောက်လျှင်ရောက်ချင်း တိုက်ရိုက် အသံလွှင့်ရန်အတွက် အာဏာလွှဲအပ်ပွဲ အခမ်းအနားပြုလုပ်မည့် စင်မြင့်ဘေးတွင် နေရာယူကြပါသည်။ စင်မြင့်ရှေ့တည့်တည့်တွင် ဗြိတိသျှယူနီယံဂျက်အလံ လွှင့်ထူထားသည့် အလံတိုင်ရှိပါသည်။ နံနက် ၇ နာရီတိတိအချိန်တွင် ယာယီသမ္မတကြီး စဝ်ရွှေသိုက်နှင့်ဇနီး၊ ဘုရင်ခံ ဆာဟူးဘတ်ရန့်နှင့်ဇနီးတို့ ကိုယ်ရံတော်များနှင့်အတူ ရောက်ရှိလာကြပြီး စင်မြင့်ပေါ်တွင် နေရာ ယူပြီးသည်နှင့် တပြိုင်နက် တိုင်ထိပ်ရှိယူနီယံဂျက်အလံတော်ကိုအောက်သို့လျှော့ချလိုက်ပါသည်။ ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံအလံတော်ကို တိုင်ထိပ်အရောက် လွှင့်ထူလိုက်ပါသည်။ ဤသို့ အလံတင်အလံချ အခမ်းအနားပြုလုပ်နေချိန်တွင် နှစ်နိုင်ငံ၏ အမျိုးသားသီချင်းများကို စစ်တီးဝိုင်းအဖွဲ့မှ တီးမှုတ်ပေးပြီး ရောက်ရှိနေကြသော ပရိသတ် အားလုံးက အလေးပြုကြရပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံအလံတော် တိုင်ထိပ်သို့ရောက်ရှိသွားသောအခါ မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်ခံဖြစ်သော ဆာဟူးဘတ်ရန့်သည် သမ္မတကြီးစဝ်ရွှေသိုက်အား လက်ဆွဲနှုတ်ဆက်၍ သင်္ဘောဆိပ်သို့ဆင်းရန် သမ္မတကြီးနှင့်အတူမော်တော်ယာဉ်များရှိရာသို့ ထွက်ခွာသွားပါသည်။ ထို့နောက် မော်တော်ကားတန်းကြီးသည် ဘုရင်ခံအိမ်တော်မှ ဆူးလေဘုရားလမ်းဆိပ်ကမ်းသို့ ထွက်ခွာ သွားပါတော့သည်။ စာရေးသူတို့သည် ဤနေရာအထိ အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် တိုက်ရိုက်အသံလွှင့်ကြရပါသည်။

နံနက် ၉ နာရီအချိန်တွင် တိုင်းပြုပြည်ပြုလွှတ်တော်၌ လွတ်လပ်ရေးကြေငြာစာတမ်းကို ကြေငြာရန်ရှိသေးသဖြင့် ဗမာ့အသံအဖွဲ့သားများ

သည့် ဘုရင်ခံအိမ်တော်မှ လွှတ်တော်သို့ တခေါက်ပြန်ပြေးကြရပြန်ပါ သည်။ ညွှန်ကြားရေးဝန် ဆရာဦးခင်ဇော်က အိမ်တွင်ကောက်ညှင်း ပေါင်းများပေါင်းပြီး အဖွဲ့သားများအား ကောက်ညှင်းပေါင်းထုပ်များ ပေးဝေထားသောကြောင့် လမ်းခရီးမော်တော်ကားပေါ်တွင်ပင် ယင်း ကောက်ညှင်းပေါင်းများကို စားသွားကြရသည်။ လွှတ်တော်သို့ရောက် ရှိသောအခါတွင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များကို ခေါင်းပေါင်းစ တလူလူဖြင့် တွေ့ရသည်။စာရေးသူတို့မှာလည်းထိုနေ့တနံနက်လုံး နံနက် ၂ နာရီမှစ၍ ခေါင်းပေါင်းများပေါင်းထားကြရ၍ ခေါင်းများပင်အုံနေ ပါသည်။ သို့သော် ခေါင်းအုံနေသည်ကို လုံးဝအမှုမထားကြပါ။ လွတ် လပ်ရေးအတွက် အပျော်ကြီးပျော်နေကြပြီး သမိုင်းတွင်ရစ်မည့် အခမ်း အနားကြီးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တာဝန်ထမ်းရွက်နေကြရ သောကြောင့် ဖြစ်ပါသည်။

ထိုလွှတ်တော်အစည်းအဝေးတွင် ယာယီ သမ္မတကြီး စောရွှေသိုက် က.... "မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သောမင်္ဂလာ အခါ၌ ဤ ငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက် သတည်း" စသည့် လွတ်လပ်ရေးကြေငြာစာတမ်းကို ဖတ်ကြား၍ နိုင်ငံ တော်ဝန်ကြီးချုပ် ဦးနုက လွတ်လပ်ရေးနေ့မိန့်ခွန်းကို ပြောကြားပါ သည်။ ယင်းအခမ်းအနားတခုလုံးကို တိုင်းပြုပြည်ပြု လွှတ်တော်မှနေ၍ တိုက်ရိုက်အသံလွှင့်ပေးပါသည်။

နှစ်ပေါင်း ၁၂၂ နှစ်တိုင်တိုင် သူကျွန်ဘဝနှင့် နေထိုင်လာခဲ့ကြရပြီး နောက် ယခုလိုကျွန်ဘဝမှရုန်းထွက်ကာ အချုပ်အခြာအာဏာပိုင် လွတ် လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာချိန်တွင် ဗမာ့အသံမှလည်း တိုင်း ပြည်နှင့်အဝှမ်းခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသော လွတ်လပ်ရေးအောင်ပွဲများ နှင့်အတူ ရက်သတ္တတပတ်လုံးလုံး လွတ်လပ်ရေးအထူးအစီအစဉ်များ၊ မင်္ဂလာကျက်သရေနှင့် ပြည့်စုံသောတေးသီချင်းများကို အသံလွှင့်ပေး

ခဲ့သည်။ ထိုသီချင်းများအနက် စာရေးဆရာ ရန်နိုင်စိန်ရေးစပ်၍ အစိုးရ ပြန်ကြားရေးဌာနမှ သီဆိုဘီးမှုတ်ခဲ့သော "ဗမာ့လွတ်လပ်ရေး"သီချင်း ကိုမူကား ယနေ့တိုင်နားထဲတွင် ကြားယောင်နေမိပါသေးသည်။

လွတ်လပ်ရေး အရှိန်အဝါသည်၊ ထိန်ကာဝင်းမှည့် တလဲ့လဲ့ ရောင်ခြည်၊ ဗမာ့မြေပေါ် တောက်ထွန်းရပြီ၊ ထွန်းပါသော်ကော ပြောပြမည်၊ မဟာဗန္ဓုလမှစကာရည်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ နောက်ဆုံးဖြစ်သည်၊ တရာနဲ့နှစ်ဆယ့်နှစ်နှစ်တိုင်တိုင် ဗမာ့သွေးတွေ လဲ တဖွိုင်ဖွိုင်ပေးကာ ရွေးယူတော့မှရသည်၊ ဟယ်.... လွတ်လပ် ရေး၊ သင်ဘယ်ကိုပြေးတော့ မလွတ်နိုင်၊ လက်ဆုပ်လက်ကိုင် ပိုင် ဆိုင်ရပါပြီ။

ဗမာဟော့ဗမာ၊ ကမ္ဘာ့ရှေ့မှာ၊ ဗမာဟော့လို့ကြွားဝင့်စရာ၊ ဒို့အ ဆင့်အတန်းလဲ ဆန်းတင့်လာပါပြီ၊ ဒါဒို့မြေ–ဒါဒို့မြေ–ငါတို့တတွေ အဖိုးမပြတ်တဲ့ လွတ်လပ်ရေးနဲ့၊ အေးချမ်းသာယာစီ၊ တိုင်းရင်း သားလူမျိုးတိုင်းသည်၊ အခွင့်အရေးညီညီ၊ တကယ်လွတ်လပ်ပါပြီ။

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကြေငြာသည့် အခမ်းအနားပွဲများကို တိုက်ရိုက်အသံလွှင့်ခဲ့ပြီးသည့်နောက် နှစ်စဉ်နှစ် တိုင်း ဇန္နဝါရီလ ၄ ရက်နေ့လွတ်လပ်ရေးနေ့နှစ်ပတ်လည်သည့်အခါတိုင်း နိုင်ငံတော် သမ္မတကြီး၏ လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင် အခမ်းအနား များကို ကျင်းပရာနေရာများမှနေ၍ အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် တိုက်ရိုက်အသံလွှင့်ပေးခဲ့လေသည်။

လွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်အခမ်းအနားများကို ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ရန်ကုန်မြို့တော်ခန်းမကြီးနှင့် ဗန္ဓုလပန်းခြံအကြားရှိ မဟာဗန္ဓုလ လမ်းပေါ်တွင် ကျင်းပခဲ့သည်။ ၁၉၅၄ ခုနှစ် ဆဋ္ဌမအကြိမ် မြောက် လွတ်လပ်ရေးနှစ်ပတ်လည်နေ့မှ အစပြု၍ ရန်ကုန်မြို့ပြည်လမ်းမ ကြီးပေါ်ရှိ ဗိုလ်ရှုခံသဘင်အဆောက်အဦသို့ ပြောင်းရွှေ့ကျင်းပခဲ့ရာ ၁၉၆၂ ခုနှစ် ၁၄ ကြိမ်မြောက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့အထိပင် ဖြစ်လေသည်။

## အခန်း - ၅

# ဝင်ဒါမီယာမှ ဗမာ့အသံ

# (၁၉၄၈-၁၉၅၈)

လွတ်လပ်ရေးကြိုးပမ်းမှုအချိန် တလျှောက်လုံးတွင် ဗမာ့အသံသည် အမှတ် ၃၀ လောင်းဝစ္စလမ်းရှိ အသံလွှင့်ရုံမှနေ၍ တာဝန်ထမ်းဆောင်နေခဲ့ရာမှ လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင် နိုင်ငံတော် ပြန်လည်ထူထောင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် သောင်းကျန်းမှုနှိမ်နင်းရေးများအတွက် အရေးကြီးသောကဏ္ဍမှ တာဝန်ပိုမိုထမ်းဆောင်နိုင်ရန်အတွက် လောင်းဝစ္စလမ်း အသံလွှင့်ရုံထက် ပိုမိုကျယ်ပြန့်သောနေရာအဆောက်အဦတခုကို ရှာဖွေကြရပြန်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး အဖွဲ့နှင့် အမျိုးသားအိုးအိမ်ထူထောင်ရေးအဖွဲ့တို့၏အကူအညီဖြင့် ရန်ကုန်မြို့၊ဝင်ဒါမီယာကရက်ဆင့်တွင် နှစ်တပ်တိုက် လူနေအဆောက်အဦနှစ်ခု အမှတ် ၂၇ နှင့် အမှတ် ၂၈ ကို ရွေးချယ်ရရှိခဲ့လေသည်။ အမှတ် ၂၈ ကို အသံလွှင့်ရုံအဖြစ် ပြုပြင်ဖန်တီးရန်နှင့် အမှတ် ၂၇ ကို ညွှန်ကြားရေးဝန်ရုံးခန်း၊ ဒုတိယညွှန်ကြားရေးဝန်ရုံးခန်းနှင့် အုပ်ချုပ်ရေးရုံးခန်းများထားရှိရန် ဆုံးဖြတ်ကြပါသည်။ ဤသို့ဖြင့် အမှတ် ၂၈ ဝင်ဒါမီယာကရက်ဆင့်ကို အသံလွှင့်ရုံဖြစ်အောင် ပြုပြင်ဖန်တီးကြရာတွင် အပေါ်ထပ်၌ တီးဝိုင်းများအသံလွှင့်ရန်အတွက် စတူဒီယိုအခန်းကျယ်ကြီးတခု၊ သတင်းနှင့် ဟောပြောချက်များအသံလွှင့်ရန်အတွက် စတူဒီယိုအခန်းငယ်တခုပေါ် ပေါက်လာခဲ့သည်။ ထို့အပြင် အသံထိန်းစက်ခန်းတခန်းနှင့် အသံသွင်းစက်

များထားရှိသည့် စက်ခန်းသုံးခန်းကိုလည်း ဖန်တီးခဲ့သည်။ အောက်ထပ်တွင် မြန်မာပိုင်းအစီအစဉ်ရုံးခန်း၊ အင်္ဂလိပ်ပိုင်းအစီအစဉ်ရုံးခန်းနှင့် သီချင်းဓာတ်ပြားများသိမ်းသောအခန်းများရှိသည်။ ဝင်ဒါမီယာကရက်ဆင့်ရှိအသံလွှင့်ရုံကို ဤသို့ပြုပြင်ပြောင်းလဲပြီးနောက် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် လောင်းဝစ္စလမ်းမှ ပြောင်းရွှေ့ကာ ထိုနေ့မှအစပြု၍ ဝင်ဒါမီယာကရက်ဆင့်မှ စတင်အသံလွှင့်ခဲ့လေသည်။

အသံလွှင့်ရုံကို ယခင်ကထက် ပိုမိုကျယ်ဝန်းသောနေရာသို့ ပြောင်းရွှေ့နိုင်ခဲ့သော်လည်း အသံလွှင့်စက်များမှာမူ ဗြိတိသျှစစ်ဖက်အုပ်ချုပ်ရေးမှ လွှဲပြောင်းပေးအပ်ခဲ့သော လှိုင်းတိုမာကိုနီ အသံလွှင့်စက်နှစ်လုံး (၇.၅ ကီလိုဝပ်)နှင့် လှိုင်းလတ်အသံလွှင့်စက် ၁ လုံး(၅ ကီလိုဝပ်)ဖြင့်သာ အသံလွှင့်နိုင်သေးသည်ဖြစ်ရာ အသံလွှင့်စက်များ ဟောင်းနွမ်း၍ အင်အားသေးငယ်ခြင်း၊ အပိုပစ္စည်းအသစ်များ အစားဝယ်မရခြင်းများကြောင့် ဗမာ့အသံသည် အသံလွှင့်လုပ်ငန်းရပ်များကို စိတ်တိုင်းကျမဆောင်ရွက်နိုင်ခဲ့ပါ။ ထို့ကြောင့် နိုင်ငံတော်အစိုးရ ပြန်ကြားရေးလုပ်ငန်း၏ အဓိကအစိတ်အပိုင်းတရပ်အနေဖြင့် ပြည့်စုံစေရန်အတွက် အင်အားကြီးမားသော အာ၊စီ၊အေ (R.C.A) အသံလွှင့်စက်သစ်ကြီးများကို အမေရိကန်ပြည်ထောင်စုမှ ဝယ်ယူအသံလွှင့်ရန် နိုင်ငံတော်အစိုးရက ၁၉၅၀-၅၁ ခုနှစ်မှစ၍ စီမံကိန်းတရပ် ချမှတ် ဆောင်ရွက်ခဲ့သည်။ အသံလွှင့်စက်ရုံ အဆောက်အဦသစ်နှင့် အသံလွှင့်ရုံ သစ်ကြီးများကို ဆောက်လုပ်ရန်အတွက် ပြည်သူ့အိုးအိမ်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံဆောင်ရွက်ရသည်။ ပြည်လမ်း အသံလွှင့်ရုံကြီး၏ပုံစံကို စကာပူမြို့ဆွမ်းအင်မက္ကလာရင် (Swan & Mc Laren)မှ ရေးဆွဲပြီး ယင်းကုမ္ပဏီ (W.S. Lim & Co.) မှ ကန်ထရိုက်ယူ၍ ဆောက်လုပ်ပေးခဲ့လေသည်။ ၁၉၅၁ ခုနှစ်မှစ၍ အာ၊စီ၊အေ ကုမ္ပဏီမှ အသံလွှင့်စက်သစ်ကြီးသုံးလုံးနှင့် အသံလွှင့်ဆိုင်ရာ စက်ကိရိယာများကို မှာယူခဲ့၏။

# အသံလွှင့်ချိန် နှင့် အစီအစဉ်များ

ဝင်ဒါမီယာကရက်ဆင့်မှ ပြောင်းရွှေ့အသံလွှင့်ရာတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အသံလွှင့်စက်များ ဟောင်းနွမ်း အားသေးနေမှုကြောင့် အသံလွှင့်ချိန်များကို ယခင်လွှင့်နေကျဖြစ်သော တနေ့လျှင် ၆ နာရီ ၄၅ မိနစ်သာ အသံလွှင့်နိုင်ခဲ့သေးသည်။ အသံလွှင့်မည့် အချိန်များကိုတိုးချဲ့ခြင်းမပြုနိုင်သေးသော်လည်း အသံလွှင့်အစီအစဉ်များမှာမူ တနေ့ထက်တနေ့ ပိုမိုအဆင့်အတန်းမြင့်လာကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ နှိမ်နင်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

လက်ရှိလွှင့်နေသော ရှမ်းဘာသာ၊ စကောကရင်ဘာသာနှင့် ပိုးကရင်ဘာသာများအပြင် ကချင်ဘာသာ၊ ချင်းဘာသာတို့ဖြင့် သတင်းများကိုလည်း တပတ်လျှင်တကြိမ်ကျ၊ မွန်ဘာသာနှင့် ရခိုင်ဘာသာဟောပြောချက်များကို တပတ်လျှင်တကြိမ်ကျ ၁၀ မိနစ်စီ တိုးချဲ့အသံလွှင့်နိုင်ခဲ့သည်။ ယင်းအစီအစဉ်များကို ဗမာ့အသံက ခန့်ထားသည့် အမှုထမ်းများက အသံလွှင့်ခြင်းမဟုတ်ပဲ ပြင်ပမှ ဘာသာစကားကျွမ်းကျင်သော တိုင်းရင်းသားများ၊ ယဉ်ကျေးမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက လာရောက်လွှင့်ပေးကြခြင်းဖြစ်၏။

ထိုအချိန်မှာ ကွန်မြူနစ်သောင်းကျန်းသူများနှင့် ကေအင်ဒီအို အစရှိသော ရောင်စုံသူပုန်များ၏ လှုပ်ရှားမှုအရှိန်အဟုန် ပြင်းထန်နေသည့်ကာလဖြစ်သဖြင့် ပြည်သူလူထုနှင့် တပ်မတော်သားများ စိတ်ဓာတ်မြင့်မားရေးအတွက် ဗမာ့အသံမှ အစွမ်းကုန်လှုံ့ဆော်အားပေးနေရမည့် ကာလလည်း ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ဝဏ္ဏကျော်ထင်း ဇေယျကျော်ထင် ဗိုလ်မှူးဗကို (ယခု ဒါရိုက်တာ၊ ပုပ်ရှင်ဇာတ်ဆောင်အကယ်ဒမီ)က တပတ်နှစ်ကြိမ် အင်္ဂါနေ့နှင့် သောကြာနေ့ညများတွင် "တပ်မတော်အသံ"အစီအစဉ်မှ တပ်မတော်၏ စစ်ဆင်ရေးသတင်းများအား သောင်းကျန်းသူများအား လက်နက်ချ၍ အလင်းဝင်ရောက်ရန် ဖိတ်ခေါ်ချက်များကို အသံဩဇာအပြည့်အဝ အာဝဇ္ဇန်းကောင်းကောင်းနှင့်

အသံလွှင့်ခဲ့ရာ တိုင်းပြည်က အထူးနှစ်ခြိုက်ကာ စိတ်ဓာတ်မြင့်မား လာကြသည်။ သောင်းကျန်းသူများအား လက်နက်ချကြရန် ကမ်းလှမ်းဖိတ်ခေါ်သည့် "ပြန်လှည့်ခဲ့တော့ ရဲဘော်"၊ "ရှောင်မပြေး ပါနဲ့ မောင်းလေးရယ်" စသော တေးသီချင်းများနှင့် "မယ်အေး" အသံ လွှင့် ပြဇာတ်များသည်လည်း ရေဒီယိုမှ အဆက်မပြတ်ပြန့်လွှင့်လျက်ရှိခဲ့ သည်။

ထိုအချိန်က ထူးခြားသည့် အစီအစဉ်များမှာ နံနက်ပိုင်းတွင် တစ်သုံးကြိမ် ဂီတမိခင်ကြီး ကွယ်လွန်သူ ဒေါ်စောမြအေးကြည်က ဂီတသင်ခန်းစာများကို အသံလွှင့်ပို့ချပေးခြင်း ဖြစ်လေသည်။ ဒေါ် စောမြအေးကြည်သည် မိမိ၏ တပည့်များနှင့်အတူ အသံလွှင့်ရုံသို့ လာ ရောက်၍ သီချင်းကြီးသီချင်းခန့်များ သီဆိုပုံသီဆိုနည်းများကို စန္ဒယား ဖြင့် လည်းကောင်း၊ ပတ္တလားဖြင့်လည်းကောင်း သင်ကြားပို့ချပေး သည်။

နောက်အစီအစဉ်တခုမှာ နေ့လည် ၁ နာရီအသံလွှင့်သည့် သတင်း များနှင့်အတူ အစိုးရကြေငြာများကို ၅ မိနစ်မျှ အသံလွှင့်ပေးခြင်း ဖြစ်၏။ ယခင်က အစိုးရကြေငြာများကို ညပိုင်းသတင်းများနှင့်အတူ ပူးပေါင်း၍ အသံလွှင့်ခဲ့ရာမှ တသီးတခြားခွဲထုတ်ကာ နေ့လည်ပိုင်း သတင်းများအပြီးတွင် သီးသန့်ဆက်လက်၍ အသံလွှင့်ဖတ်ကြား ပေး ခဲ့သည်။

ဈေးနှုန်းသတင်းထောက်ဦးစံသိန်းနှင့် ဦးလူကလေးတို့ထံမှ ဈေး နှုန်းသတင်းများကိုလည်း ညစဉ် ၇ နာရီအချိန်တွင် အသံလွှင့်ပေး၍ တနင်္ဂနွေနေ့များတွင် မြင်းပြိုင်ပွဲ အရှုံးအနိုင် သတင်းများကိုပါ သတင်းများနှင့်အတူ ပူးပေါင်း၍အသံလွှင့်ခဲ့ရလေသည်။

## ဘောလုံးပွဲ တိုက်ရိုက် အသံလွှင့်ခြင်း

၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ အမျိုးသားကိုယ် ကာယကြံ့ခိုင်ရေးကောင်စီမှကြီးမှူး၍ ပထမအကြိမ် တိုင်းနှင့်ပြည်နယ်

ဘောလုံးပြိုင်ပွဲကြီးကို ရန်ကုန်မြို့ ဘီအေအေ ဘောလုံးကွင်းကြီးတွင် စတင်ကျင်းပခဲ့သည်။ ရည်ရွယ်ချက်မှာ တိုင်းနှင့်ပြည်နယ်အသီးသီးမှ မီးခဲပြာဖုံး လူငယ်ခြေတက် ဘောလုံးသမားများ ပေါ်ထွက်လာရေး၊ မြန်မာ့လက်ရွေးစင်အသင်းအား ထူးချွန်သောဘောလုံးသမားများဖြင့် နှစ်စဉ် သွေးသစ်လောင်း အားဖြည့်နိုင်စေရေး၊ တိုင်းနှင့်ပြည်နယ်များ ချစ်ကြည်ရင်းနှီးမှုရရှိစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရေး များအတွက်ပင် ဖြစ်လေသည်။ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲများမှာ နိုင်ငံတော် သမ္မတကြီး၏ ဒိုင်းဆုလုပွဲ (၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ပြည်ထောင်စုဒိုင်း)ဖြစ်ရာ အမြင့်ဆုံးသော ဘောလုံးချန်ပီယံဆုလုပွဲကြီး ပင်ဖြစ်လေသည်။

ထို့အပြင် ပြိုင်ပွဲကြီးမှာ ရှုံးထွက်ပွဲအစီအစဉ်များဖြစ်၍ ရှုံးသည့် အသင်းသည် ပြိုင်ပွဲမှတခါထည်း ဖျာလိပ်ထွက်ခွာသွားရသောကြောင့် တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲကြီးကို တနိုင်ငံလုံးက စိတ်ဝင်စား လျက်ရှိနေကြသည်။ အခြားနိုင်ငံများ၌ဆိုလျှင် ဤကဲ့သို့သော ဘော လုံးပွဲမျိုးကို ရုပ်မြင်သံကြားစက်ဖြင့်ပင် လွှင့်ပေးရမည့်အခြေအနေရှိပါ သည်။ စာရေးသူတို့နိုင်ငံတွင်ကား ရုပ်မြင်သံကြား မပေါ်ပေါက်သေး သဖြင့် တပြည်လုံးမှ ဘောလုံးဝါသနာအိုးများ ဤဘောလုံးပွဲကြီး ကစားပုံကို ခရာစေ့တွင်းကျနားထောင်နိုင်ရန်အတွက် ရန်ကုန်မြို့ ဘီအေ အေကွင်းမှနေ၍ တပြည်လုံးသို့တိုက်ရိုက်အသံလွှင့်ပေးရန် ဗမာ့အသံက စီစဉ်ရပါတော့သည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၄၁ ခုနှစ်ခန့်က ဘီအေ အေဘောလုံးကွင်းမှနေ၍ ကွယ်လွန်သူ သတင်းစာဆရာကြီး ဦးအမ်ဖိုး ချိန် အသံလွှင့်ခဲ့သော ဘောလုံးပွဲတိုက်ရိုက်အသံလွှင့် အစီအစဉ်သည် ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ ပထမအကြိမ် တိုင်းနှင့်ပြည် နယ်ဘောလုံးပွဲနောက်ဆုံးဗိုလ်လုပွဲမှအစပြု၍ ပြန်လည်အသက်ဝင်လာခဲ့ ပြန်လေသည်။

ထိုနေ့ညနေတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် စစ်ကိုင်းတိုင်းအသင်း နှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ဗမာ့အသံမှ

စာရေးသူနှင့် ကွယ်လွန်သူရွှေမောင်းဦးခင်မောင်တို့က တလှည့်စီ တိုက်ရိုက်အသံလွှင့်ကြပါသည်။ ထိုအခါက ဘောလုံးကွင်းတွင် ယခုကဲ့သို့ အသံလွှင့်ရန် သီးသန့်စတူဒီယိုမှန်ခန်းမရှိသေးသဖြင့် စာရေးသူတို့မှာ ဘောလုံးကွင်း၏အနောက်မြောက်ဒေါင့်ကွင်းထဲသို့ရောက်အောင် အသံလွှင့်သည့် မော်တော်ယာဉ်(ဃ/၆၃၆၃)ကို မောင်းနှင်ဝင်ရောက် ကြရပါသည်။ နောက် ထိုမော်တော်ယာဉ်၏ အမိုးပေါ်တွင်ထိုင်ကာ မိုက်ကရိုဖုန်းကို လက်ဖြင့်ကိုင်၍ အသံလွှင့်ကြရပေသည်။ တောင်ဖက်ဂိုးဖက်ဆီသို့ ဘောလုံးရောက်သွားသောအခါများတွင် မှန်ဘီလူးဖြင့်ကြည့်၍ အသံလွှင့်ကြရသည်။ စာရေးသူက ပထမပိုင်း ၄၅ မိနစ်ကိုတာဝန်ယူ၍ ဦးခင်မောင်က ဒုတိယပိုင်း ၄၅ မိနစ်ကိုတာဝန်ယူ၍အသံလွှင့်ခဲ့ပါသည်။

ထိုနေ့ကပွဲမှာ တဖက်တဂိုးစီသရေပွဲ ဖြစ်သွားသည်။ ၂၀-၁၀-၅၂ နေ့တွင် ဒုတိယအကြိမ်စိတ်မကြေပွဲ ထပ်မံကစားကြသည်ကို ဗမာ့အသံက အသံလွှင့်ပေးရပြန်သည်။ ဤဒုတိယပွဲတွင် ဘောလုံးပွဲကြည့် ပရိသတ်မှာ ပထမပွဲကာဆက် ပိုမိုများပြားပြီး ကွင်းမဆန့်တော့သဖြင့် ကွင်းထဲသို့ဝင်ခွင့်မရသော ဘောလုံးဝါသနာအိုး အများအပြားအတွက် တိုက်ရိုက်အသံလွှင့်ပေးခြင်းကို နားဆင်နိုင်စေရန် ဘောလုံးကွင်းအပြင်ဖက် အုတ်နံရံလေးဖက်လေးတန်တို့တွင် အသံချဲ့စက် လောက်စပီကာကြီးများကို တပ်ဆင်ပေးထားရလေသည်။

## တိုက်ရိုက်လွှင့်သူ အင်အားဖြည့်တင်း

ပထမအကြိမ်မြောက် ဘောလုံးပွဲများမှစ၍ ၁၉၅၇ ခုနှစ်၊ ခြောက်ကြိမ်မြောက်တိုင်းနှင့် ပြည်နယ်ဘောလုံးပွဲများအထိ နောက်ဆုံးဗိုလ်လုပွဲများကို တိုက်ရိုက်အသံလွှင့်ပေးရသဖြင့် စာရေးသူနှင့် ဦးခင်မောင်တို့မှာ အပန်းမကြီးလှပဲ နှစ်ဦးတည်းဖြင့်တာဝန်ယူ အသံလွှင့်နိုင်ခဲ့ကြသော်လည်း ၁၉၅၈ ခုနှစ်မှစ၍ ဖွင့်ပွဲမှပိတ်ပွဲအထိ ပွဲစဉ်တိုင်းကို တိုက်ရိုက်အသံလွှင့်ရသောကြောင့် စာရေးသူတို့နှစ်ဦးမှာ အလွန်ပင်ပန်း နွမ်းနယ်ကြပါသည်။ ထိုအချိန်တွင် အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေး

ကောင်စီညွှန်ကြားရေးဝန် ဦးဇော်ဝိတ်၏ ကူညီပေးမှုကြောင့် အားကစားမှူးဦးလှကြည်နှင့် အားကစားမှူးဦးမောင်မောင်တို့အား တိုက်ရိုက် အသံလွှင့် ပြောကြားနိုင်ရန် လေ့ကျင့်မှုများ ပေးရပါသည်။ ထိုပုဂ္ဂိုလ်နှစ်ဦး၏ ကိုးစားမှု၊ စိတ်ဝင်စားမှုများကြောင့် နောက်ပိုင်းတွင် သူတို့အား ခေါ်ယူအသုံးပြုနိုင်ခဲ့ရာ စာရေးသူတို့မှာ တဦးလျှင် ၁၅ မိနစ်စီသာ အသံလွှင့်ကြရပေတော့သည်။

## ကျောင်းသင်ခန်းစာများ အသံလွှင့်ခြင်း

အသံလွှင့်လုပ်ငန်းသည် ပြန်ကြားရေးပညာပေးရေးနှင့် ဖျော်ဖြေရေးဟူသော အဓိက ရည်ရွယ်ချက်ကြီး သုံးရပ်ကို လက်ကိုင်ပြု၍ ဖော်အပ်သည့် အစီအစဉ်များကို ရေးဆွဲထုတ်လွှင့်ရလေရာ ဗမာ့အသံသည် ၎င်းရည်ရွယ်ချက်ကြီး သုံးရပ်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန်အတွက် ရေဒီယိုကို ကျောင်းသူကျောင်းသားများ အကျိုးရှိစွာ အသုံးပြုနိုင်မည့် အစီအစဉ်တခုကို ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင် စီစဉ်ခဲ့လေသည်။

အခြားနိုင်ငံကြီးများတွင် အသံလွှင့်ပေးနေသည့် ကျောင်းသင်ခန်းစာ ပို့ချချက်များကဲ့သို့ မြန်မာနိုင်ငံရှိအထက်တန်းကျောင်းသူကျောင်းသားများနှင့် အလယ်တန်း ကျောင်းသူ ကျောင်းသားများ အတွက် ကျောင်းသင်ခန်းစာများကို ပညာရေးဝန်ကြီးဌာန၊ ရုပ်မြင်သံကြားပညာရေးဌာနခွဲနှင့် ပူးတွဲ၍ ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ တပတ်လျှင် နှစ်ကြိမ်ကျ တနင်းလာနေ့နှင့် သောကြာနေ့ နေ့လည်ပိုင်းများတွင် အသံလွှင့်ပေးခဲ့သည်။

၎င်းသို့အသံလွှင့်ပေးသည့် ရည်ရွယ်ချက်မှာ ကျောင်းသူ ကျောင်းသားများသည် ကျောင်းတက်နေစဉ်မှာပင် ဗမာ့အသံမှ အသံလွှင့်ပေးနေသည့် အချိန်တွင် ကျောင်းစာသင်ခန်းအတွင်း၌ ဆရာ ဆရာမများနှင့်အတူ ကျောင်းသင်ခန်းစာများကို နားထောင်ကြရန်ဖြစ်ပြီး အစီအစဉ် ပြီးဆုံးလျှင် ယင်းသင်ခန်းစာနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး

ကြားရန် ဖြစ်လေသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ရေဒီယိုများ မလုံလောက်မှု၊ ခါတ်ခဲများ ဝယ်ယူရန် ခက်ခဲမှုကြောင့် ယင်းအစီအစဉ် မှာ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ပေ။

## အသံလွှင့်ရုံသစ် စတင်ဆောက်လုပ်ခြင်း

ဝင်ဒါမီယာ အသံလွှင့်ရုံမှနေ၍ အသံလွှင့် အစီအစဉ် အမျိုးမျိုးကို ညွှန်ကြားရေးဝန်မှအစ ဗမာ့အသံ ဝိုင်းတော်သားများက ကဏ္ဍစုံလင် အောင် အဖက်ဖက်မှ ကြိုးစားဖြည့်တင်း၍ အားကြိုးမာန်တက်နှင့် ဆောင်ရွက်လျက် ရှိနေကြစဉ် ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)၏ သာယာသော နံနက်ခင်းအချိန်တွင် ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ယခုလက်ရှိ အသံလွှင့်ရုံသစ်ကြီး အုတ်မြစ်ချပွဲ အခမ်း အနားကို ကျင်းပခဲ့လေသည်။ ထိုအခမ်းအနားတွင် ပြည်သူ့အိုးအိမ် ထူ ထောင်ရေးဌာန ဝန်ကြီးက မိန့်ခွန်းပြောကြားပြီးနောက် ဝန်ကြီးချုပ် နှင့် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား စသော ပြည်ထောင်စုသား ခေါင်းဆောင်ကြီး တို့က အုတ်မြစ်ချခဲ့လေသည်။

ထိုနေ့မှအစပြု၍ ပြည်သူ့အိုးအိမ်အဖွဲ့မှ အင်ဂျင်နီယာချုပ် ဦးကျော် စိန် ခေါင်းဆောင်သော အင်ဂျင်နီယာများနှင့် အလုပ်သမားများက စတင်ဆောက်လုပ်ခဲ့ကြရာ ၁၉၅၈ ခုနှစ် နှစ်ဦးလောက်တွင် အဆောက် အဦကြီး တခုလုံးပြီးစီးနေပြီး အသံလွှင့်စက်ပစ္စည်းများ တပ်ဆင်ရန်သာ ကျန်ရှိနေတော့သည်။ ဤသို့ စက်ပစ္စည်းများမတပ်ဆင်ရသေးမီ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လေအေးပေးစက်များမှခါတ်ကြိုး များ ရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ အထဲတွင် တငွေ့ငွေ့ မြိုက်၍ လောင်နေခြင်းကြောင့် မီးသတ်သမားများမှာ သုံးရက်မျှ ကြာအောင် ငြိမ်းသတ်ယူကြရလေသည်။

ပြည်လမ်းတွင် အသံလွှင့်ရုံသစ်ကြီးကို ဆောက်လုပ်နေဆဲ ၁၉၅၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကမ္ဘာအေးစေတီအရှေ့ဖက်ရေကူးဘုတာ အနီးရှိ ဧက ၅၀၀ ကျော် ကျယ်ဝန်းသော ကွင်းပြင်ကြီးပေါ်တွင် အသံ

လွှင့် စက်ရုံ (Transmitter) အဆောက်အဦသစ်ကိုလည်း စတင်ဆောက်လုပ်ခဲ့သည်။ အသံလွှင့်စက်သစ်များကို စနစ်တကျ တပ်ဆင်ပေးရေးနှင့် ကောင်းကင်ကြိုးတိုင်များကို စနစ်တကျ ထူထောင်ရေး ကိစ္စများကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် အသံလွှင့် စက်သစ်ကြီးများ ထုတ်လုပ်သော အမေရိကန်နိုင်ငံ အာ၊ စီ၊ အေ ကုမ္ပဏီမှ မစ္စတာ ဂျွန်ဆေးမိုး ဆိုသူ အင်ဂျင်နီယာတဦးကိုလည်း ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ခေါ်ယူငှားရမ်းခဲ့ရသည်။ ၁၉၅၉ ခုနှစ်၊ ဇွန်လလောက်တွင် ဂျွန်ဆေးမိုး ပြန်သွားပါသည်။

မစ္စတာဆေးမိုးနှင့် ဗမာ့အသံ အင်ဂျင်နီယာချုပ် ဦးဝင်းမောင်၊ လက်ထောက်အင်ဂျင်နီယာ ဦးစိုးဝင်းတို့၏ ကြိုးပမ်း အားထုတ်မှုကြောင့် အသံလွှင့်စက်ရုံသစ်ကြီးတွင် ၅၀ ကီလိုဝပ်အားရှိ လှိုင်းတိုအသံလွှင့်စက် သုံးလုံးနှင့် ၅၀ ကီလိုဝပ်အားရှိ လှိုင်းလတ် အသံလွှင့်စက်သစ်ကြီး တလုံးတို့ကို ၁၉၅၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်အောင်မြင်စွာ တပ်ဆင် ပြီးစီးခဲ့လေသည်။ ထိုနေ့ညနေမှာပင်ပြန်ကြားရေးဌာနဝန်ကြီး သခင်ချစ်မောင်က စက်သစ်ကြီးများကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးလိုက်ပြီးနောက် စက်သစ်ကြီးများကို စတင်အသုံးပြုနိုင်ခဲ့လေသည်။

ရေကူး အသံလွှင့်စက်ရုံတွင် လှိုင်းလတ်စက်နှင့် တွဲဖက် အသုံးပြုရန် ပေ ၄၀၀ မြင့်သော ကောင်းကင်ကြိုးတိုင်ကြီးတခုအပြင်၊ လှိုင်းတိုစက် သုံးလုံးနှင့် တွဲဖက် အသုံးပြုရန် ၃၅ ပေမှ ပေ ၁၀၀ အထိ မြင့်သော ကောင်းကင်ကြိုးတိုင် ၄၉ တိုင် ရှိလေသည်။ ကောင်းကင်ကြိုး ၁၇ စုံ ရှိသည့်အနက် လေးစုံမှာ ပြည်တွင်းအတွက်ဖြစ်ပြီး ကျန် ၁၃ စုံမှာ နိုင်ငံအရပ်ရပ်သို့ ဦးတည် တည်ဆောက်ထား၏။ သို့သော် ယခုအခါ ပြည်ပအသံလွှင့် အစီအစဉ်များ ထုတ်လွှင့်ခြင်းမရှိသေး၍ ယင်းကောင်းကင်ကြိုးများကို အသုံးမပြုရသေးပေ။

ရေကူးအသံလွှင့်စက်ရုံတွင် အသံလွှင့် စက်သစ်ကြီးများ အပြင် အရေးပေါ်အသံလွှင့်နိုင်ရန်အတွက် စတူဒီယို အသံလွှင့်ခန်း မကြီးမငယ် တခန်းလည်း ထည့်သွင်းတည်ဆောက်ထား၏။ စက်ရုံသစ် အတွက်

ကုန်ကျသော တန်ဘိုးငွေမှာ အဆောက်အဦအတွက် ကျပ် ၁၂ သိန်း ဖြစ်၍ စက်ပစ္စည်းများအတွက် ကျပ် ၄၉ သိန်း ဂ သောင်းဖြစ်ရာ စုစုပေါင်း တန်ဘိုးမှာ ၆၁ သိန်း ဂ သောင်း ဖြစ်လေသည်။

## အသံလွှင့်ချိန် တနာရီတိုးခြင်း

၁၉၅၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှအစပြု၍ အင်အားကြီးမားသော အသံလွှင့် စက်သစ်ကြီးများဖြင့် အသံလွှင့်နိုင်ခဲ့ပြီဖြစ်ရာ အသံလွှင့် အစီအစဉ်များကိုလည်း ကောင်းသည်ထက်ကောင်းအောင် ပြုပြင်မွမ်းမံ၍ အစီအစဉ် အသစ်အဆန်းများရေးဆွဲထုတ်လွှင့်နိုင်ရန်အတွက် အစီအစဉ်ဖက်ဆိုင်ရာ ဝန်ထမ်းများကို အင်္ဂလန်၊ အမေရိကန်စသော နိုင်ငံရပ်ခြားသို့ သင်တန်းများတက်ရန် စေလွှတ်သကဲ့သို့ စက်ဖက်ဆိုင်ရာ အင်ဂျင်နီယာများကိုလည်း အမေရိကန်ပြည်ထောင်စုသို့ ပညာသင်စေလွှတ်ခဲ့လေသည်။ အသံလွှင့်ချိန်ကိုလည်း ၁၉၅၈ ခုနှစ်၊ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယခင်က ညနေ ၆း၃၀ နာရီတွင် စတင် အသံလွှင့်နေရာမှ ညနေ ၅း၃၀ နာရီတွင် စတင်အသံလွှင့်ခြင်းအားဖြင့် အသံလွှင့်ချိန် တနာရီ တိုးလာသဖြင့် တနေ့လျှင် အသံလွှင့်ချိန် ၇ နာရီနှင့် ၄၅ မိနစ်ဖြစ်လာသည်။ ဤတိုးချဲ့ထားသောအချိန် အတွင်းတွင် ကာကွယ်ရေးဝန်ကြီး ဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနစိတ်နှင့် ညှိနှိုင်းကာ ပြည်တွင်းငြိမ်းချမ်းရေး အစီအစဉ်များကို အသံလွှင့်ခဲ့လေသည်။

## လွှတ်တော်မှ တိုက်ရိုက်အသံလွှင့်ခြင်း

မြန်မာနိုင်ငံ၏ အသံလွှင့်သမိုင်းတွင် ၁၉၅၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှာ သမိုင်းဝင် ထူးခြားသောနေ့ကြီးတနေ့ ဖြစ်ခဲ့ပါသည်။ ထိုနေ့တွင် အတွင်းဝန်ရုံးများ အတွင်းရှိ ပါလီမန်လွှတ်တော် အဆောက်အအုံမှနေ၍ လွှတ်တော်အစည်းအဝေး ကျင်းပပုံများကို ပထမဆုံးအကြိမ် တိုက်ရိုက် အသံလွှင့်ခဲ့ရသောကြောင့် ဖြစ်ပေသည်။

အရင်းရှင် ပါလီမန်စနစ်၏ ထုံးစံအတိုင်း နိုင်ငံရေးပါတီ အဖွဲ့အစည်းများသည် မိမိပါတီအာဏာ ရရှိရေး၊ မိမိတို့လူတစု ကောင်းစားရေးများကိုသာ ရှေးရှုကြသည်နှင့်အညီ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ထင်ရှားခဲ့သော ဖဆပလ အဖွဲ့ချုပ်ကြီးတွင် တည်မြဲနှင့် သန့်ရှင်းဟူ၍ ပါတီအုပ်စု နှစ်စုကွဲသွားခဲ့၏။ ထိုသို့အုပ်စုနှစ်စု ကွဲသွားခြင်းနှင့် ပတ်သက်၍ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဦးနုက ၁၉၅၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် တကြိမ်၊ မေလ ၆ ရက်နေ့တွင် တကြိမ်၊ တိုင်းပြည်သို့ အသံလွှင့် ကြေငြာခဲ့လေသည်။ ထိုကြေငြာ အသံလွှင့်ချက်ကြောင့် ပြည်သူလူထုကြီး တရပ်လုံးမှာ နိုင်ငံရေးတွင် အထူးစိတ်ဝင်စားလာကြသည်။ ထိုအချိန်မှာပင် လာမည့်ပါလီမန် လွှတ်တော်အစည်းအဝေးတွင် အတိုက်အခံ တည်မြဲ အမတ်များက ဦးနု ခေါင်းဆောင်သော အစိုးရ အဖွဲ့အား အယုံအကြည်မရှိ အဆိုတရပ် တင်သွင်းရန် အစီအစဉ် ရှိသည်ဟူသော သတင်းစကားများ ပေါ်ထွက် လာသောကြောင့် ပြည်သူလူထုကြီးတရပ်လုံးမှာ ထိုပါလီမန် လွှတ်တော်အစည်းအဝေး ကျင်းပပြုလုပ်မည့် နေ့ရက်ကိုသာ စောင့်ဆိုင်း စိတ်စောလျက် ရှိနေကြလေသည်။

ဤသို့ တနိုင်ငံလုံးက စိတ်ဝင်စားနေသဖြင့် ဗမာ့အသံသည် ပါလီမန် လွှတ်တော် အစည်းအဝေးကြီး ကျင်းပပုံကို တိုက်ရိုက် အသံလွှင့်ပေးရန် တာဝန်ကျလာသဖြင့် အသင့်ပြင်ကြလေတော့သည်။ ဝင်ဒါမီယာ ကရက်ဆင့်ရှိ အသံလွှင့်ရုံမှနေ၍ ပါလီမန်လွှတ်တော် အဆောက်အဦအထိ အသံလွှင့်ကြိုးများ ဆက်သွယ်ခြင်း လွှတ်တော်ထဲတွင် အမတ်များ ပြောသမျှကို အသံဖမ်းနိုင်ရန်အတွက် မိုက်ကရိုဖုန်း များစွာကို ထပ်မံ တပ်ဆင်ခြင်း၊ အသံစမ်းသပ်ခြင်းများကို ပြုလုပ်ခဲ့ရလေသည်။

ထို့နောက် ၁၉၅၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ပါလီမန် လွှတ်တော်၌ ဦးဘဆွေ ခေါင်းဆောင်သော တည်မြဲ ဖဆပလ အမတ်များက ဦးနုအစိုးရအဖွဲ့ အပေါ်တွင် အယုံအကြည် မရှိကြောင်း အဆိုတင်သွင်းပြောဆိုကြသည်များကို နံနက် ၁၁ နာရီမှ ညနေ ၆ နာရီ ၄၅ မိနစ် အချိန်အထိ တနေကုန် တိုက်ရိုက် အသံလွှင့်ပေးခဲ့လေသည်။ နောက်

ဆုံး အယုံကြည်မရှိဟူသော အဆိုကို မခံခဲ့သည်အထိ ဖြစ်လေသည်။ မခံခဲ့သောအခါ အစိုးရအဖွဲ့က ၁၂၇ မဲ၊ ၁၁၉ မဲနှင့် အနိုင်ရရှိသွားခဲ့သည်။ စာရေးသူမှာ ထိုနေ့နံနက် စောစောမှ ညနေ နေဝင်မိုးချုပ်ချိန်အထိ လွှတ်တော်ခန်းမထဲတွင် ထိုင်၍ မိုက်ကရိုဖုန်းတလုံးနှင့် မြင်တွေ့ခဲ့ရသမျှကို တိုက်ရိုက် အသံလွှင့်ခဲ့ရငြားသော်လည်း ပင်ပန်းသည်ဟု မထင်မိပါ။ အဘယ့်ကြောင့်ဆိုသော် ဤသို့လွှတ်တော်မှ တိုက်ရိုက်အသံလွှင့်ခြင်းမှာ ပထမဆုံးအကြိမ်လည်းဖြစ်သည့်အပြင် တနိုင်ငံလုံးကလည်း စိတ်ဝင်စားနေကြသောအရေးကိစ္စဖြစ်သောကြောင့် အိမ်တိုင်းအိမ်တိုင်း လက်ဖက်ရည်ဆိုင်တိုင်း ရေဒီယိုများဖွင့်ပြီးအစမှအဆုံးအထိ လူမြောက်မြားစွာ စိတ်ဝင်စားစွာ နားထောင်လျက် ရှိနေကြမည်ကို သိရှိရသောကြောင့် ပင်ပန်းနွမ်းနယ်မှုတို့မှာ လုံးဝပပျောက် သွားခဲ့ပါတော့သည်။

ထိုအခါမှစ၍ ပါလီမန်လွှတ်တော်တွင် အရေးကြီးသည့် မိန့်ခွန်းများ ဆွေးနွေးချက်များ ရှိလာသည့်အခါတိုင်း လွှတ်တော်မှနေ၍ တိုက်ရိုက်အသံလွှင့်ပေးခဲ့ရသည်မှာ ၁၉၆၀ ပြည့်နှစ်တွင် ၁၀ ကြိမ်၊ ၁၉၆၁ ခုနှစ်တွင် ၇ ကြိမ်ဖြစ်သည်။ အသံလွှင့်ရသည့်အချိန်များမှာ တခါတရံ၌ကာနေ ကုန်၍ အလွန်ကြာညောင်းလှပါသည်။ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျင်းပသည့် လွှတ်တော် အစည်းအဝေးဆိုလျှင် နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရေး အဆို တင်သွင်းမခဲ့သည့် အစည်းအဝေး ဖြစ်၍ နံနက် ၁၀ နာရီ ၅၀ မိနစ်မှ ညသန်းခေါင်ကျော် ၁ နာရီအထိ ကြာမြင့်ခဲ့သဖြင့် အချိန် အကြာဆုံး တိုက်ရိုက် အသံလွှင့်ခဲ့ရသော ပါလီမန်လွှတ်တော် အစည်းအဝေးတခု ဖြစ်ပါသည်။

အခန်း - ၆

# အိမ်စောင့်အစိုးရလက်ထက် မြန်မာ့အသံ (၁၉၅၈-၁၉၆၀)

ဦးနုခေါင်းဆောင်သော သန့်ရှင်းအစိုးရသည် ၁၉၅၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ပါလီမန်လွှတ်တော်အစည်းအဝေး၌ ဦးဘဆွေ ခေါင်းဆောင်သော တည်မြဲ ဖ-ဆ-ပ-လ အမတ်များ၏ အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို ၁၂၇ မဲ၊ ၁၁၉ မဲဖြင့် အနိုင်ရရှိခဲ့သော်လည်း နိုင်ငံတော်၏ စီးပွားရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်ဝပ်ပိပြားရေး စသည်တို့တွင် တည်ငြိမ်မှုရရှိအောင် ကြိုးစားထိန်းသိမ်းနေရလေသည်။ သို့ဖြစ်၍ နောက်ဆုံးတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်အရ ဝန်ကြီးချုပ်ဦးနုသည် ထိန်းသိမ်းနိုင်စွမ်းမရှိတော့သဖြင့် ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ည ၈ နာရီအချိန်တွင် ဗမာ့အသံမှနေ၍ အရေးကြီးသော ကြေငြာချက်တရပ်ကို တိုင်းပြည်သို့ ဦးနုကိုယ်တိုင် အသံလွှင့်ကြေငြာခဲ့လေသည်။ အဆိုပါကြေငြာချက်တွင် လုံခြုံမှုနှင့်ပတ်သက်၍လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် ပတ်သက်၍လည်းကောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရေးနှင့်ပတ်သက်၍ လည်းကောင်း လက်ရှိအခြေအနေအရ ဗိုလ်ချုပ်ကြီးနေဝင်းအား အစိုးရအဖွဲ့၏တာဝန်များကို လွှဲပြောင်းယူရန် ဘိတ်မန္တက ပြုလုပ်ကြောင်းဖြင့် အသံလွှင့်မိန့်ကြားခဲ့သည်။ အဆိုပါကြေငြာချက်အရ မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် အိမ်စောင့်အစိုးရဟူသော ထူးခြားသောကဏ္ဍသစ်

တရပ် ပေါ်ထွန်းလာသကဲ့သို့ မြန်မာ့အသံ၏ သမိုင်းကြောင်းသည်လည်း အိမ်စောင့်အစိုးရလက်ထက်တွင် များစွာ ထူးခြားပြောင်းလဲ တိုးတက်လာခဲ့ရပေသည်။

## ဗမာ့အသံမှ မြန်မာ့အသံသို့

ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် အသံလွှင့်ဌာန အနေ ဖြင့် ပြုပြင်ပြောင်းလဲ တိုးတက်မှု များစွာ ရှိခဲ့သည့်အနက် ထင်ရှားသော ပြောင်းလဲတိုးတက်မှုကြီးတရပ်မှာ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့မှစ၍ အမည်ထင်ရှားလူသိများခဲ့သော ဗမာ့အသံ ဟူသော အသံလွှင့်ဌာန၏အမည်ကို "မြန်မာ့အသံ" အဖြစ် ခေတ်ကာလ အခြေအနေအရပ်ရပ်နှင့် လျော်ညီစွာ ပြောင်းလဲခဲ့ခြင်းပင်ဖြစ်၏။

စင်စစ် "ဗမာ့အသံ" ဟူသော အမည်နာမသည် ၁၉၄၆ ခုနှစ် ဝန်းကျင်အမျိုးသားလွတ်မြောက်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလ တွင် အမျိုးသားရေးလက္ခဏာကို ဆောင်သော၊ အမျိုးသားစိတ်ဓာတ် ကို နှိုးဆွတက်ကြွစေသော အမည်နာမဖြစ်သဖြင့် ထိုခေတ် ထိုအချိန် ကာလနှင့် အလွန်ပင်ဟပ်မိ၍ ပဏ္ဍာရလှသော အမည်နာမတခုဖြစ်၏။ သို့သော် ယခုလွတ်လပ်ရေးရ၍ တိုင်းရင်းသား အမျိုးသားအစိုးရလည်း ပေါ်ထွန်းလာခဲ့ပြီ။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် သိပ်သည်းကျစ်လစ်ခိုင်မာလာရမည့်အစား လျော့ရဲလာရုံသာမက ပြည်တွင်းဆူပူသောင်းကျန်းမှုများဖြင့်တဖုံ၊ နိုင်ငံရေးဂိုဏ်းဂန၊ ဝါဒများကွဲပြားလာခြင်းဖြင့် တနည်း အဖုံဖုံအနည်းနည်း ဝါးအစည်းပြေလုနီးမျှဖြစ်လာရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလက္ခဏာကိုဆောင်သော "မြန်မာ့အသံ" အဖြစ် ပြောင်းလဲရမည်မှာ သဘာဝကျလှပေသည်။ သို့ဖြစ်၍ အသံလွှင့်ဌာနသည် ပြည်ထောင်စုဘွား တိုင်းရင်းသား အားလုံး၏ ကိုယ်စားပြုရာ "မြန်မာ့အသံ" အဖြစ်သို့ အမည်ပြောင်းလဲခေါ်ဝေါ်သုံးစွဲရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် စိတ်ဓာတ်ရေးဌာန ညွှန်ကြားရေးမှူး

ဗိုလ်မှူးကြီး ဘသန်း (ခမ္မိက)၊ ပေါ်လစီ ညွှန်ကြားရေးဝန် ဦးစောဦးနှင့် ဗမာ့အသံမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ပြုလုပ်သော ညှိနှိုင်း စည်းဝေးပွဲမှ ဆုံးဖြတ်သတ်မှတ်ခဲ့သဖြင့် ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဗမာ့အသံ သည် မြန်မာ့အသံ အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

## တွဲဘက်အစီအစဉ် ပေါ်လာခြင်း

ဗမာ့အသံအား မြန်မာ့အသံအဖြစ်သို့ အမည်ပြောင်းလဲခဲ့ရုံသာမက ပြည်တွင်းဆူပူမှုနှိမ်နင်းရေး၊ တပ်မတော်သားများနှင့် နယ်စပ်ဒေသများ အတွက် တိုးချဲ့အသံလွှင့်ရန် ဖော်ပြခဲ့သော မူဝါဒရေးရာနှင့် လုပ်ငန်း ဆိုင်ရာညှိနှိုင်းစည်းဝေးပွဲမှ ဆုံးဖြတ်ချက်အရ လက်ရှိမူလအစီအစဉ်များ အပြင် သီးခြားအသံလွှင့်စက်များဖြင့် နောက်ထပ်အသံလွှင့်အစီအစဉ် များကို တချိန်တည်းတွင် ပြိုင်တူအသံလွှင့်ရန် စီစဉ်ကြရပါတော့သည်။ ထိုစဉ်က ဗြိတိသျှစစ်ဖက်အုပ်ချုပ်ရေးမှ လွှဲပြောင်းရယူခဲ့သော ကီလိုဝပ် ၅၀ အားရှိ လှိုင်းတို အသံလွှင့်စက် တလုံးနှင့် ကမ္ဘာအေးစေတီ အနီး အသံလွှင့်စက်ရုံဟောင်းရှိ ၅ ကီလိုဝပ် လှိုင်းလတ်အသံလွှင့်စက်ဟောင်း တလုံးမှာ လုံးဝအသုံးမပြုသည့် အခြေအနေတွင် ရှိနေသည်။ သို့ဖြစ်၍ ယင်းစက်များကို ပြုပြင်မွမ်းမံရန်အတွက် ညွှန်ကြားရေးဝန် ဦးခင်ဇော်၊ ဒုတိယ ညွှန်ကြားရေးဝန် ဦးဖေသော်နှင့် အင်ဂျင်နီယာချုပ် ဦး ဝင်း မောင်တို့က တာဝန်ယူကြီးကြပ်ရလေသည်။ အသံလွှင့်အစီအစဉ်များ ရေးဆွဲရေး၊ ထုတ်လွှင့်ရေးနှင့် အသံလွှင့်ကြေငြာသူများအား လေ့ကျင့် ပေးရေးကိစ္စများကို မြန်မာပိုင်းအစီအစဉ်ပိုင်းက တာဝန်ယူ၍ မြန်မာ့ အသံမှ ဦးတင်ဦးနှင့် ဦးဇော်ဝင်းတို့အား တွဲဖက် တာဝန်ပေးထားရ သည်။ သို့သော် တွဲဘက်အစီအစဉ်၏ အသံလွှင့်အစီအစဉ်နှင့် စီမံခန့်ခွဲ အုပ်ချုပ်ရေးကိုမူ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် စိတ်ဓာတ် ရေးဌာန ညွှန်ကြားရေးမှူးက တာဝန်ယူသည်။ ဤသို့ဖြင့် မြန်မာ့အသံ **တွဲဘက်အစီအစဉ်များသည်** ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် လေလှိုင်းသံမှ ပေါ် ထွက်လာခဲ့လေသည်။ တွဲဘက်အစီအစဉ်ကို နေ့စဉ်

ညနေ ၆း၃၀ နာရီမှ ၉း၃၀ နာရီအထိ လှိုင်းလတ် ၂၆၀ မီတာ၊ လှိုင်းတိုမီတာ ၆၀ တို့မှ အသံလွှင့်နေသော်လည်း ဝင်ဒါမီယာကရက်ဆင့်ရှိ အသံလွှင့်ရုံတွင် အသံလွှင့်ခန်းနေရာ မပေးနိုင်သဖြင့် ရေးကူးအသံလွှင့်စက်ရုံ အဆောက်အဦရှိ အသံလွှင့်ခန်း တခန်းမှ နေ၍ အသံလွှင့်နေရသည်။

တွဲဘက်အစီအစဉ် အသံလွှင့်စတွင် ကာလပေါ် ခေတ်ပြား သီချင်းများ၊ သီချင်းကြီးများကို အချိန်အများဆုံး အသံလွှင့် ခဲ့သော်လည်း နောက်ပိုင်းတွင် "အနုသဘင်နှင့်သူ့အမြင်"၊ "ရဲဘော်သင်သိပါသလား"၊ "သာခုနှင့် အာယုဆွေးနွေးခန်း"၊ "သတင်းဝေဖန်ချက်"၊ "တိုးတက်နေသောကမ္ဘာ"၊ "စစ်မြေမှချစ်ဆွေများသို့"၊ "နားဝင်ပီယံတေးလက်သံ"၊ "ကျေးလက် စီးပွားရေး ကဏ္ဍ"၊ "ကိုခွေးနှင့် မယ်ထွေးတို့ဘို့" (ကလေးခန်း) နှင့် "ဇာတ်လမ်းပမာ" စသဖြင့် ဟောပြောချက်များ၊ ပညာပေးအစီအစဉ်များ၊ ဆွေးနွေးခန်းများကို တဖြည်းဖြည်းတိုးချဲ့ အသံလွှင့်ခဲ့သည်။ ဤသို့ဖြင့် သောတရှင်များအဖို့ တချိန်တည်း တပြိုင်တည်းတွင် အစီအစဉ်နှစ်ခုကို နားဆင်နိုင်ခွင့်ရနေသဖြင့် ကြေနပ် နှစ်ခြိုက်ခဲ့ကြသည့်အပြင် တွဲဘက်အစီအစဉ်များကိုလည်း လက်ခံခဲ့ကြသည့်အလျောက် နေ့လည်ပိုင်း၌ မူလမြန်မာ့အသံ အစီအစဉ်များနှင့် တဆက်တစပ်တည်း နားဆင်နိုင်စေရန်အတွက် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ မြန်မာ့အသံတွဲဘက်အစီအစဉ်များကို နေ့လည် ၁၁ နာရီမှ ၁၂ နာရီအထိ တနာရီတိုးချဲ့၍ အသံလွှင့်ခဲ့သည်။

ထိုအချိန်အတွင်း မူလမြန်မာ့အသံမှလည်း တိုင်းရင်းသား လူမျိုးများအတွက် ရှမ်းဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာများဖြင့် အသံလွှင့်နေခဲ့ရာမှ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ချင်းဘာသာနှင့် မွန်ဘာသာကိုလည်းကောင်း၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ချင်းဘာသာကိုလည်းကောင်း အသီးသီး တိုးချဲ့ထုတ်လွှင့်ခဲ့သည်။

## သတင်းဌာန ပေါ်လာခြင်း

အိမ်စောင့်အစိုးရ၏ အခိကရည်မှန်းချက်မှာ တရားဥပဒေ စိုးမိုးရေးနှင့် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအပြင် လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးရန် ဖြစ်သဖြင့် ဤလုပ်ငန်းကြီးများတွင် မြန်မာ့အသံသည် အစွမ်းကုန် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ အသံလွှင့်အစီအစဉ် အသီးသီးကိုလည်း အချိန်အခါနှင့် ကိုက်ညီအောင် ပြုပြင်ဖန်တီးကြရသည်။ အထူးသဖြင့် သတင်းများ ကြေငြာရာတွင် တိုင်းပြည်လူထု သိသင့်သိထိုက်သော သတင်းများကို အချိန်မီသိရှိရန် ဦးဦးဖျားဖျား အသံလွှင့်နိုင်အောင် ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ကောလာဟလသတင်းများကို သတင်းမှန်များဖြင့် ချေဖျက်သွားရန် ကြိုးပမ်းရပါမည်။ သို့ဖြစ်ခြင်းကြောင့် မြန်မာ့အသံသည် ယခင်ကကဲ့သို့ သတင်းများကို ပြန်ကြားရေးဌာနခွဲမှ ပြုစုပေးသည်ကို လက်ခံအသံလွှင့်ပေးရုံမျှဖြင့် တင်းတိမ်နေ၍မရတော့ပါ။ အသံလွှင့် သတင်းများသည် အသံလွှင့်ဌာနတိုင်း၏ အသက်ဖြစ်သည်ဟူ၍ ဆိုရလောက်အောင်ပင် အရေးကြီးသည်။ သတင်းများသည် တိုင်းပြည်လူထုအတွက် များစွာ အကျိုးသက်ရောက်စေနိုင်သည်ဟု ယုံကြည်သုံးသပ်မိသော ဗိုလ်ချုပ်ကြီး အစိုးရသည် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာ့အသံ သတင်းဌာနစိတ်ဟူ၍ သီးခြားဌာနစိတ်တခုကို အမှတ် ၂၀၊ ဝင်ဒါမီယာ ကရက်ဆင့် အဆောက်အဦတွင် ဖွဲ့စည်းတည်ထောင်ပေးခဲ့၏။

ယင်းသတင်းဌာနစိတ်တွင် ဒု-ညွှန်ကြားရေးဝန် (သတင်း) အဖြစ်နှင့် ဦးတင်အောင် (ယခု နယူးရောက်မြို့ကုလသမဂ္ဂ ပြန်ကြားရေးဌာန) အား ခန့်ထားပြီး သတင်းအယ်ဒီတာ သုံးဦး၊ လက်ထောက်အယ်ဒီတာ နှစ်ဦး၊ သတင်းထောက်ငါးဦးတို့ဖြင့် အသံလွှင့်သတင်းများကို နေ့စဉ် ပြုစုပေးစေသည်။

သို့ဖြင့် ယခင်က အသံလွှင့်သတင်းများတွင် ဝန်ကြီးများ၏နယ်လှည့်ခရီးစဉ်များ၊ မိန့်ခွန်းများ၊ အစိုးရကြေငြာများနှင့် နောက်ကျနေ၍ သတင်းတန်ဖိုးများစွာ မရှိတော့သော သတင်းဟောင်းများ၊ ငြီးငွေ့ဘွယ်

သတင်းများအစား၊ အဆင့်အတန်းမြင့်၍ ထူးခြားသောသတင်း၊ကိုယ်ပိုင်ထူးသတင်းသစ်များကို ဦးဦးဖျားဖျား စုံစုံလင်လင် အသံလွှင့်နိုင်ခဲ့လေသည်။ ထို့ကြောင့်လည်း သောတရှင်များနှင့်တကွ နေ့စဉ်သတင်းစာကြီးများကပင် အလေးတယူ ဂရုပြု၍ စောင့်မျှော်နားဆင်ကြသည်ကို တွေ့ရလေသည်။ နေ့စဉ်သတင်း အသံလွှင့်သည့်အကြိမ်များလည်း တိုးတက်လာခဲ့သည်။ နိုင်ငံခြားသတင်းများနှင့် သတင်း ဝေဖန်ချက်များကို ချဲ့ထွင်အသံလွှင့်ပေးနိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်၊စက်တင်ဘာလ ၁ ရက်နေ့မှအစပြု၍ ည ၇ နာရီ ၄၅ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် တွဲဘက် အစီအစဉ်တို့မှ သတင်းများကို တပြိုင်နက်တည်း အသံလွှင့်ပေးနိုင်ခဲ့သည်။ သတင်းလွှင့်သည့်အချိန်များလည်း ယခင်က အသံလွှင့်နာရီ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့လေသည်။

## သောတရှင်မဂ္ဂဇင်း ထုတ်ဝေခြင်း

ဗိုလ်ချုပ်ကြီးအစိုးရ၏ ၁၅ လ ခရီးတွင် မြန်မာ့အသံ အနေနှင့် ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့သော လုပ်ငန်းတရပ်မှာ သောတရှင် အမည်ဖြင့် တလနှစ်ကြိမ်ထုတ် ရေဒီယိုမဂ္ဂဇင်းတစောင်ကို တန်ဖိုး ပြား ၅၀ သတ်မှတ်၍ ထုတ်ဝေနိုင်ခဲ့ခြင်းပင် ဖြစ်၏။ နေ့စဉ်အသံလွှင့်မည့် အစီအစဉ်များ ပါဝင်သည့်"ဗမာ့အသံ"စာစောင်များအခမဲ့ထုတ်ဝေခြင်းကို ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရပ်ဆိုင်းခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ကွယ်လွန်သူ စာရေးဆရာ သန်းဆွေ အား စာတည်းခန့်ထားကာ "သောတရှင်"မဂ္ဂဇင်းကို အောင်အောင်မြင်မြင် ထုတ်ဝေလာနိုင်ခဲ့သည်။

ယင်းမဂ္ဂဇင်းတွင် ယခင်"ဗမာ့အသံ" အမည်ဖြင့် ထုတ်ဝေခဲ့သော အသံလွှင့်အစီအစဉ် စာစောင်များကဲ့သို့ နေ့စဉ်အသံလွှင့်မည့် မြန်မာပိုင်း အသံလွှင့်အစီအစဉ်များအပြင် သောတရှင်လူထုအား အကျိုးပြုစေမည့် အသံလွှင့်စာမူများ၊ မြန်မာ့အသံ ဝိုင်းတော်သားများ၏ တဦးချင်း အကြောင်းရပ်များ၊ တေးသံရှင်များ၏ ဘဝဖြစ်စဉ်များ၊ တီးဝိုင်း

အဖွဲ့များမှ အသံလွှင့်မည့် တေးသီချင်းစာသားများ၊ ကဗျာများ၊ ဝတ္ထုတိုများ၊ သော့စရာ့ အရှင်ဟာသ ကာတွန်းများ၊ဉာဏ်စမ်းပဟေဠိများ စသည်ဖြင့် ဝေဝေဆာဆာ ထည့်သွင်းပါရှိသည်။ စာဖတ်ပရိသတ်အကြိုက် ခေတ်မီမဂ္ဂဇင်းတစောင်ဖြစ်စေရန် သုံးရောင်ခြယ်၊ လေးရောင်ခြယ် မျက်နှာဖုံးရောင်စုံတို့ဖြင့် မွမ်းမံထားပေသည်။ ထို့ကြောင့်လည်း ပထမပွဲဦးထွက် စာစောင်တွင်ပင် စောင်ရေ ၇၀၀၀ နီးပါး ရောင်းချခဲ့ရပေသည်။

ယင်းသို့"သော့တရှင်"မဂ္ဂဇင်းကို လေးနှစ်တာမျှ ထုတ်ဝေခဲ့ပြီးသည့်နောက် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ အစပြု၍ ရပ်ဆိုင်းခဲ့လေသည်။ ထုတ်ဝေခြင်း ရပ်ဆိုင်းလိုက်သည့်အချိန်တွင် သော့တရှင်မဂ္ဂဇင်းသည် စောင်ရေ ၁၈၀၀၀ ခန့် ရိုက်နှိပ်နေရချိန် ဖြစ်လေသည်။

## နိုင်ငံရေးပါတီများ အသံလွှင့်ခွင့်ရခြင်း

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ အသံလွှင့်သမိုင်းတွင် တကြိမ်တခါမှ ခွင့်မပြုခဲ့ဘူးသည့် လုပ်ငန်းတရပ်ကို ဆောင်ရွက်ခဲ့ပေသည်။ ဗိုလ်ချုပ်ကြီး၏အစိုးရသည် နိုင်ငံတော်အတွင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်မြောက်လာရေးကို ဦးတည်ဆောင်ရွက်နေသည့်အတိုင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအား မြန်မာ့အသံမှနေ၍ အသံလွှင့် ဟောပြောခွင့် ပြုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။ ထိုဆုံးဖြတ်ချက်အရ ပါလီမန်ရွေးကောက်ပွဲများ မကျင်းပမီ နှစ်လခန့်အလိုမှစ၍ သန့်ရှင်း ဖ ဆ ပ လ အဖွဲ့၊ တည်မြဲ ဖ ဆ ပ လ အဖွဲ့တို့အား ရွေးကောက်ပွဲများနှင့်ပတ်သက်သော အသံလွှင့် ဟောပြောချက်များကို လေးကြိမ်စီ အသံလွှင့်ခွင့် ပြုခဲ့သည်။ ပ - မ - ည - တ အဖွဲ့ကိုမူ နှစ်ကြိမ်အသံလွှင့်ခွင့် ပြုခဲ့၏။ တကြိမ် အသံလွှင့် ဟောပြောလျှင် အချိန် ၁၅ မိနစ်ခန့် ခွင့်ပြုခဲ့သည့်အတွက် သန့်ရှင်းနှင့် တည်မြဲ ဖ ဆ ပ လ အဖွဲ့တို့မှာ အသံလွှင့်ချိန် တနာရီစီ ရရှိကြ၍ ပ - မ - ည - တ ကမူ မိနစ် ၃၀ သာ အသံလွှင့်ခွင့် ရရှိခဲ့ပေသည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအတွက် တိုင်းပြည်လူထု တရပ်လုံး မည်သည့် ပါတီသို့ မိမိတို့၏ မဲဆန္ဒပေးသင့်သည်ကို ချင့်ချိန်ဝေဖန် ဆုံးဖြတ်နိုင်ရန်နှင့် နိုင်ငံရေး ပါတီကြီးများကို ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဤသို့ အသံလွှင့် ခွင့်ပြုခဲ့ရုံသာမက ရွေးကောက်ပွဲများ ကျင်းပမည့် ၁၉၆၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်လည်း ရန်ကုန်မြို့ မဲရုံအသီးသီးမှ ပါတီအဖွဲ့အစည်း အသီးသီးတို့ ရရှိသည့် မဲဆန္ဒအရေအတွက် စာရင်းများကို ထိုနေ့ည ၉ နာရီ မိနစ် ၅၀ အချိန်မှအစပြု၍ နံနက် ၃ နာရီထိုးသည်အထိ မြန်မာ့အသံမှ အထူး အသံလွှင့် ကြေငြာပေးခဲ့ရသည်။ ထိုသို့ကြေငြာရာတွင် မဲဆန္ဒများ ရေတွက်ရာ နေရာဖြစ်သော ရန်ကုန်မြို့တော်ခန်းမမှ မဲဆန္ဒ အရေအတွက် စာရင်းများကို တယ်လီဖုန်းဖြင့်အကြောင်းကြား၍ ကြားသိရလျှင် ကြားသိချင်း ရေဒီယိုမှနေ၍ ကြေငြာပေးခြင်းဖြစ်သည်။ မဲစာရင်း မကြေငြာသည့် ကြားအချိန်များတွင် တေးဂီတများ ဖွင့်၍ဖျော်ဖြေပေးခဲ့လေသည်။

မြန်မာ့အသံမှ ဤသို့ထူးထူးခြားခြား အသံလွှင့်ပေးခဲ့ခြင်းကို တိုင်းပြည်လူထုကလည်း ရွေးကောက်ပွဲများတွင် အထူးစိတ်ဝင်စားနေကြသည့် အတိုင်း တညလုံး ရေဒီယိုနားတွင် မအိပ်မနေ စောင့်ဆိုင်းနားထောင်ခဲ့ကြသည်ကို ထူးထူးခြားခြား တွေ့ခဲ့ရ၏။ ဤအစီအစဉ်အတိုင်း ဖေဖော်ဝါရီလ ၇ ရက်၊ ဖေဖော်ဝါရီလ ၈ ရက်နှင့် ဖေဖော်ဝါရီလ ၉ ရက်နေ့ ညများတွင် ရွေးကောက်ပွဲ အနိုင်အရှုံး မဲစာရင်းများကို နံနက် ၅ နာရီ အချိန်အထိ မြန်မာ့အသံ ဝိုင်းတော်သားများသည် အသံလွှင့်ရုံတွင် စောင့်ဆိုင်း၍ ကြေငြာပေးခဲ့ရသည်။

ဤကား နိုင်ငံရေးနှင့်ပတ်သက်၍ မည်သည့်အစိုးရ လက်ထက်တွင်မှ မပြုလုပ်ခဲ့ဘူးသည့် လုပ်ငန်းတခုကို ဗိုလ်ချုပ်ကြီး အစိုးရ၏ ခွင့်ပြုချက်ဖြင့် မြန်မာ့အသံက တိုင်းပြည်အတွက် ဆောင်ရွက် ပေးနိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။

အခန်း - ၇

# ပြည်လမ်း အသံလွှင့်ရုံသစ်ကြီး (၁၉၆၀-၁၉၆၂)

၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ စတင်၍အသံလွှင့်ခဲ့သော မြန်မာ့အသံ တွဲဘက်အစီအစဉ်သည် တနှစ်ကျော် ကာလမျှ နေ့စဉ် အသံလွှင့်ခဲ့ပြီးသည့်နောက် ၁၉၆၀ ပြည့်နှစ်၊ မေလ ၁၆ ရက်နေ့တွင် "မြန်မာ့အသံ ဒုတိယအစီအစဉ်"ဟူ၍ အမည်ပြောင်းလဲ အသံလွှင့်ခဲ့လေသည်။ ဤသို့ အမည်ပြောင်းပင် ပြောင်းလိုက်ငြားသော်လည်း အသံလွှင့်နေရသည့် နေရာဌာနမှာကား တွဲဘက် အစီအစဉ်ဘဝက အသံလွှင့်ခဲ့သည့် ရေကူးရှိ အသံလွှင့်စက်ရုံမှပင် ဖြစ်လေသည်။ မြန်မာ့အသံ မူလအစီအစဉ်မှ အသံများသည်လည်း ဝင်ဒါမီယာကရက်ဆင့်ရှိ အသံလွှင့်ရုံငယ်ကလေးမှပင် လေလှိုင်းတွင် ပျံ့လွှင့်နေဆဲဖြစ်သည်။

မြန်မာ့အသံ ဒုတိယ အစီအစဉ်ကို ဗိုလ်ကြီးကျော်ဆန်းက ကြီးကြပ်အုပ်ချုပ်၍ မြန်မာ့အသံ ဦးသန်းမြင့် (အဘ) က အစီအစဉ်မှူးအဖြစ်နှင့် ဆောင်ရွက်ခဲ့ရလေသည်။

ဤအချိန်တွင် ပါလီမန် ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့သော ဦးနုခေါင်းဆောင်သည့် သန့်ရှင်း ဖ ဆ ပ လ အဖွဲ့က ပြည်ထောင်စုပါတီ (ပထစ) ဟူ၍ အမည်ပြောင်းလဲ လိုက်ပြီးနောက် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းကာ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့တွင် သမ္မတ အိမ်တော်၌ ကျမ်းသစ္စာဆိုပြီးသည့်အချိန် ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့် အစိုးရက တိုင်းပြည်အုပ်ချုပ်ရေး အာဏာများကို ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်သည့် အစိုးရ

အဖွဲ့အား ပြန်လည်အပ်နှင်း လိုက်သော်လည်း အိမ်စောင့် အစိုးရ လက်ထက်က စီစဉ်ဆောင်ရွက်ခဲ့သော မြန်မာ့အသံ၏ လုပ်ငန်းများကား အရှိန်မပျက်ပဲ ယခင် အစီအစဉ်များ အတိုင်းပင် ထားရှိ၍ ဆက်လက် အသံလွှင့်မြဲ လွှင့်နေလေသည်။

ဤ အတောအတွင်းတွင် ၁၉၅၈ ခုနှစ်က မီးလောင်ပျက်စီး ခဲ့ရသော ပြည်လမ်း အသံလွှင့်ရုံသစ်ကြီးကိုလည်း အမြန်ဆုံး အသုံးပြုနိုင်ရေးအတွက် အင်ဂျင်နီယာချုပ် ဦးဝင်းမောင် ခေါင်းဆောင်သော မြန်မာ့အသံ အင်ဂျင်နီယာများနှင့် စက်ဖက် ဝန်ထမ်းများက စက်ပစ္စည်းများကို မဆုတ်မနစ် ကြိုးပမ်း တပ်ဆင်လျက် ရှိနေကြ၏။

သို့ဖြင့် ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ အတွင်းတွင် အသံလွှင့်ရုံသစ်ကြီး ပြီးစီးပြီဖြစ်၍ အသံလွှင့်နိုင်သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းကောင်းကြားရလေသည်။ ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဥ နကြားရေးဝန်ရုံးနှင့် အုပ်ချုပ်ရေးဖက်ဆိုင်ရာ ရုံးအဖွဲ့တို့သည် အမှတ် ၂၇၊ ဝင်ဒါမီယာ ကရက်ဆင့် နေအိမ်မှ ပြည်လမ်း အသံလွှင့်ရုံသစ်ကြီးသို့ စတင် ပြောင်းရွှေ့ နေကြပြီ ဖြစ်လေသည်။ အောက်တိုဘာလ ၂၁ ရက်၊ ၂၂ရက်နှင့် ၂၃ ရက်နေ့များတွင် ပြည်လမ်းအသံလွှင့်ရုံမှနေ၍ စမ်းသပ် အသံလွှင့်ခြင်းများကို ပြုလုပ်ခဲ့၏။ ဝင်ဒါမီယာရှိ မြန်မာပိုင်း အစီအစဉ်နှင့် အင်္ဂလိပ်ပိုင်း အစီအစဉ်ဌာနစိတ်တို့မှ ခေတ်ပြားများ၊ ရုံးသုံးပစ္စည်းများ စသည်တို့ကိုလည်း အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ အသံလွှင့်ရုံသစ်သို့ ပြောင်းရွှေ့လျက် ရှိကြမည်။

သို့ဖြင့် ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက် သောကြာနေ့ညနေ ၅ နာရီခွဲ အချိန်တွင် ပြည်သမ်းအသံလွှင့်ရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး မြန်မာ့အသံ မူလအစီအစဉ်၊ ဒုတိယ အစီအစဉ်များအားလုံးကို ထိုနေ့မှ အစပြု၍ အသံလွှင့်ရုံ သစ်ကြီးမှ အသံလွှင့်နိုင်ခဲ့သည်။ အသံလွှင့်ရုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးပြီးနောက် အပျိုတော် အကဖြင့် ညှော်ပရိသတ်များအား ကပြအသုံးတော်ခံရာ အသံလွှင့်ရုံ

သစ်ကြီးရှိ ကပွဲဆောင် စတူဒီယို အေ အသံလွှင့် ခန်းမကြီးမှနေ၍ ထိုဖွင့်ပွဲ အခမ်းအနားကို အစမှအဆုံးတိုင် တိုက်ရိုက်အသံလွှင့် ပေးခဲ့လေသည်။

ပြည်လမ်းရှိ အသံလွှင့်ရုံ အဆောက်အဦသစ်ကြီး၏ အကျယ်အဝန်းမှာ စတုရန်းပေ ကိုးသောင်းကျော်(၉၃၇၇၀)ရှိ၍ အဆောက်အအုံဆောက်လုပ်ရာတွင် ကုန်ကျသောငွေပေါင်းမှာ ကျပ် ၆၂ သိန်း၊ အထဲတွင် တပ်ဆင်ရသော စက်ပစ္စည်းများအတွက် ကုန်ကျငွေမှာ ကျပ် ၂၅ သိန်း ဖြစ်ရာ စုစုပေါင်းကျပ် ၈၇ သိန်း ကုန်ကျခဲ့လေသည်။

အသံလွှင့်ခန်း စတူဒီယိုပေါင်း ရှစ် ခန်းရှိ၍ ယင်းအခန်းများ အသုံးပြုပုံကို နောက်ပိုင်းတွင် အသေးစိတ် ရှင်းလင်း ရေးသားပါမည်။ အသံလွှင့်ခန်းများ တည်ဆောက်ပုံမှာ မလိုလားအပ်သော ပြင်ပမှ အသံများ မကူးဝင်နိုင်စေရန် တသီးတခြား ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ တသီးတခြား ဆောက်လုပ်ထားခြင်းဟု ဆိုရာ၌ အသံလွှင့်ခန်းများသည် ကပ်လျက်ရှိသော အခန်းများနှင့် ဆက်စပ်မှု မရှိစေပဲ အသံလွှင့်ရုံ အဆောက်အဦကြီးအတွင်း၌ သီးခြားတည်ဆောက်ထားသော အဆောက်အဦငယ်ကလေးများနှင့် သဏ္ဍာန်တူလေသည်။ သို့ဖြစ်ခြင်းကြောင့် မော်တော်ယာဉ် အသွားအလာ ထူထပ်များပြား ဆူညံလှသော ပြည်လမ်းမကြီးနှင့်ကပ်လျက် ရှိစေကာမူ အသံလွှင့်ခန်း များထဲသို့ ရောက်နေသူများသည် ယင်းဆူညံသံများကို လုံးဝမကြားကြရပေ။ ယုတ်စွအဆုံး အပြင်ဖက်တွင် မိုးရွာနေလျှင်ပင် မိုးသံများကို မကြားနိုင်ပေ။ ထိုမှတပါး အသံလွှင့်ခန်းများ အတွင်း၌ ပဲ့တင်သံများ မဖြစ်ပေါ်နိုင်စေရန် အသံလွှင့်ခန်း နံရံများကို အသံလှိုင်း စုတ်ယူနိုင်သော ပစ္စည်းများ (Acoustics) ထည့်သွင်း တည်ဆောက် ထားလေသည်။

အသံလွှင့်ခန်းများအပြင် ယင်းတို့နှင့် တွဲဖက်ထားသော အသံထိန်း အခန်းငယ်ကလေးများ ( Sub Control ) ဗဟိုအသံထိန်း ခန်းမကြီး ( Master Control )နှင့် ဗဟိုအသံသွင်းခန်း (Recording Room) များလည်း ပါရှိသည်။ ယင်းစက်ခန်းများကိုပတ်လျက် အောက်ထပ်တွင် အစီအစဉ်ပိုင်း ဌာနစိတ်များ၊ ခေတ်ပြားကြိုးခွေ ပိဋကတ်တိုက်၊သတင်း

ဌာနစိတ်၊ စက်ဘက်ဌာနစိတ် ရုံးခန်းများ ထားရှိပြီး အပေါ်ထပ်တွင် ညွှန်ကြားရေးဝန်ရုံးခန်းနှင့် အုပ်ချုပ်ရေး ဌာနရုံးခန်းများ ရှိလေသည်။ ဝန်ထမ်းများ၊ ပညာရှင်များနှင့် ဧည့်သည်များ အပန်းဖြေ စားသောက်နိုင်ရန်အတွက် သန့်ရှင်း ကျယ်ဝန်းသော စားသောက်ခန်း တခန်းလည်း စတူဒီယို အနောက်ကပ်လျက် အောက်ထပ် အဝင်ဝတွင် ထားရှိလေသည်။

အသံလွှင့်ရုံသစ်ကြီးမှာ ဤသို့ ကြီးကျယ်ခမ်းနားပြီး နေရာထိုင်ခင်း ကျယ်ဝန်းလှသဖြင့် ယခင် ဝင်ဒါမီယာ ကရက်ဆင့်မှ မြန်မာပိုင်း အစီအစဉ်၊ အင်္ဂလိပ်ပိုင်း အစီအစဉ်နှင့် တိုင်းရင်းသား အစီအစဉ်တို့မှ ဝန်ထမ်းများအပြင် ယခင်က ရေကူး အသံလွှင့်စက်ရုံတွင် ယာယီရုံးဖွင့်ထားခဲ့ကြသော ဒုတိယ အစီအစဉ်မှ ဝန်ထမ်းများပါ အားလုံး အသံလွှင့်ရုံသစ်ကြီးတွင် တစုတပေါင်းတည်း ပြန်လည် ပေါင်းစုမိကြသည်။

## ပရိသတ်ရွေးမှု အသံလွှင့် အစီအစဉ်များ

အသံလွှင့်ရုံသစ်ကြီးသို့ ရွှေ့ပြောင်းပြီးစ ကာလတွင် အသံလွှင့်အချိန်များကို ရုတ်တရက် တိုးချဲ့ခြင်း မပြုသေးပဲ ယခင်အတိုင်း တနေ့တာ ၁၂ နာရီသာ အသံလွှင့်ချိန် ရှိစေကာမူ မြန်မာ့အသံ ဝိုင်းတော်သားများသည် လက်ရှိ ရှိရင်းစွဲ အစီအစဉ်များအပြင် ခမ်းနား ထယ်ဝါသော အသံလွှင့်ရုံသစ်ကြီးသို့ ဧည့်ပရိသတ်များအား ဖိတ်ကြား၍ ဧည့်ပရိသတ်များ၏ အသံများပါ ပါဝင်သော အသံလွှင့် အစီအစဉ်သစ်များ ထုတ်လွှင့်ရန် တီထွင်ကြသည်။

စတူဒီယိုအခေါ် အသံလွှင့်ခန်းမကြီးမှာ ဇာတ်ခုံလည်း ပါရှိသည့်အပြင် ပရိသတ် ၅၀၀ ပါဝင်ကြည့်ရှု နိုင်သည်ဖြစ်၍ အသံလွှင့်ရုံသစ်ဖွင့်ပွဲ အခမ်းအနားအတွက် အသုံးပြုခဲ့ပြီးဖြစ်ရာ ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ညတွင် ဧည့်ပရိသတ်များအား ဖိတ်ကြား၍ ဒါရိုက်တာ ဘိုကလေး တင့်အောင်၏ "မောင့်ဖြစ်အင်ရေး" အသံလွှင့်ဇာတ်ကို ပွဲကြည့် ဧည့်ပရိသတ်များ၏ ပွဲခင်းမှ ပေါ်ထွက်လာသော အသံ ဗလံများပါ ပါဝင်အောင် အသံလွှင့် တင်ဆက်ခဲ့သည်။ ထို့နောက် ၁၉၆၁

ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် မြန်မာ့အသံ ၁၅ ကြိမ်မြောက် နှစ်ပတ်လည်နေ့တွင် တကြိမ် ရေဒီယို အဆိုတော်များကိုယ်တိုင် ညော့ပရိသတ်များ ရှေ့မှောက်တွင် တေးသီချင်းများ သီဆို ဖျော်ဖြေကြသည်ကိုလည်း တိုက်ရိုက် အသံလွှင့်ပေးခဲ့သည်။ ၁၉၆၁ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ညတွင်လည်း ရုပ်သေးပညာရှင် ဒဂုန်ဆရာလင်းက အဆိုပါ စတူဒီယိုအေ အသံလွှင့်ခန်းမကြီးထဲမှ ရုပ်သေးရုပ်များဖြင့် ညော့ပရိသတ်များရှေ့တွင် ရုပ်သေး အစီအစဉ်တခုကို အသံလွှင့် တင်ဆက်ခဲ့၏။

အသံလွှင့်ချိန်များကို ရုတ်တရက်အားဖြင့် တိုးချဲ့ခြင်း မပြုနိုင်သေးသော်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှု၍ တိုင်းရင်းသား ဘာသာအစီအစဉ်များတွင် လက်ရှိ အသံလွှင့်နေသော တိုင်းရင်းသားဘာသာများအပြင် နောက်ထပ် ဘာသာစကား လေးမျိုးကို တိုးချဲ့အသံလွှင့်ရန် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ၁၉၆၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် မွန်ဘာသာ၊ ပအိုဝ်ဘာသာ၊ လားဟူဘာသာနှင့် ရိုဟင်ဂျာဘာသာ အစီအစဉ်များကို တဘာသာလျှင် ၁၀ မိနစ်စီ စတင်အသံလွှင့်ခဲ့သည်။

## သတင်းအဖွင့် တီးလုံး

မြန်မာ့အသံ မူလအစီအစဉ်နှင့် တွဲဘက်အစီအစဉ်တို့သည် ညနေပိုင်းတွင် မိမိတို့ မိတာအသီးသီးမှ အစီအစဉ်များကို တချိန်တည်း ထုတ်လွှင့်လျက် ရှိသော်လည်း ည ၇း၄၅ နာရီအချိန်တွင် ပြည်တွင်းသတင်းများကို မြန်မာ့အသံက ကြေငြာသည့်အခါ တွဲဘက် အစီအစဉ်မှလည်း တပြိုင်တည်း အသံလွှင့်နိုင်ရန် အသံလွှင့် စက်ဖက်ဆိုင်ရာ ဝန်ထမ်းများက စီစဉ်ပေးရလေသည်။ ထိုအခါမျိုးတွင် မြန်မာ့အသံက သတင်းများ စလွှင့်မည့်အချိန်၌ တွဲဘက်အစီအစဉ်မှ အသံလွှင့်နေဆဲဖြစ်သော အစီအစဉ်များကို ဖြတ်တောက်ပစ်ရခြင်း၊ အသံမှိန်၍ အဆုံးသတ်ပေးရခြင်း၊ တခါတရံ အချိန်ပြည့်တီးလုံး၊ ခါတ်ပြားသီချင်းများ ဖွင့်ပေးရခြင်း စသည်ဖြင့် အစီအစဉ် ချောမောစေရန် လိုအပ်သလို စီစဉ်ပေးရ၏။

သို့တိုင်အောင် တဲ့ဘက်အစီအစဉ်အနေဖြင့် ၇ နာရီ ၄၅ မိနစ်တွင် ကွက်တိအချိန်ကိုက်အောင် ပြုလုပ်ရန်မှာ လက်တွေ့တွင် မဖြစ်နိုင်သဖြင့် အစီအစဉ်လည်း ချောမောစေ၊ နားသောတ အာရုံဆင်မှုဒ္ဒလည်း ရသ မပျက်စေ၊ အချိန်ကွက်တိလည်း ပြီးစေရန်အတွက် သတင်းအဖွင့် တီးလုံး ကို စီစဉ်ရလေသည်။ ဤနည်းအားဖြင့် အစီအစဉ် နှစ်ခုစလုံးသည် ချောမောစွာဖြင့် ပြည်တွင်းသတင်းများကို အချိန်ကိုက် အသံလွှင့်နိုင် ခဲ့လေသည်။

သတင်းအဖွင့် တီးလုံးကို ရွှေမန်းတင်မောင် ဇာတ်သဘင်အဖွဲ့မှ ကကြိုးတီးလုံးကိုယူ၍ အသုံးပြုခဲ့သည်။ သို့သော် မူလတီးလုံးမှာ အချိန် တိုနေသဖြင့် နှစ်ကြော့ပြန်ရအောင် စီစဉ်ထားရလေရာ စည်းဝါးမကိုက် သောကြောင့် နောက်ပိုင်းတွင် စိန်ဘိုတင့် လက်သံဖြင့် အသစ်ပြန်လည် အသံသွင်းယူရသည်။ ထိုတီးလုံးမှာ ယခုထက်တိုင် သုံးစွဲလျက် ရှိနေ သော သတင်းအဖွင့် တီးလုံးဖြစ်၏။

## နိုင်ငံတော် သီချင်း ခေတ်ပြားသင်

ဝင်ဒါမီယာ အသံလွှင့်ရုံဟောင်းတွင် နံနက် ၇ နာရီအချိန် အသံလွှင့် အစီအစဉ်များ စလျှင်စချင်း ဖွင့်လေ့ရှိသည့် နိုင်ငံတော်သီချင်းမှာ "ကမ္ဘာမကြေ၊ ဗမာပြေ၊ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ" အစ ရှိသော စာသားများကို ဗမာ့ဆိုင်းဝိုင်းကြီးနှင့် တွဲဖက်သီဆိုထားသော သီချင်းဖြစ်သည်။ ယခု အသံလွှင့်ရုံသစ်သို့ ပြောင်းရွှေ့လာပြီးသည့် နောက်တွင် အဆိုပါ နိုင်ငံတော်သီချင်းခေတ်ပြားအစား ၁၉၆၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှ အစပြု၍ အဆိုမပါ ဘင်ခရာတီးဝိုင်းနှင့် အတီး သက်သက်သာ တီးမှုတ်ထားသော နိုင်ငံတော်သီချင်းခေတ်ပြားအသစ် ကို ပြောင်းလဲအသုံးပြုခဲ့သည်။ ယင်း နိုင်ငံတော် သီချင်းခေတ်ပြားကို ယနေ့တိုင်အောင် ည ၁၀ နာရီခွဲအချိန် အသံလွှင့် အစီအစဉ်များ၊ တနေ့တာ အသံလွှင့်ခြင်း ပြီးဆုံးသည့်အချိန်တွင် ဆက်လက်အသုံးပြု လျက် ရှိနေသည်။

# ကျွန်းဆွယ် အားကစားပွဲမှ ရလဒ်

၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ဒုတိယအကြိမ်မြောက် အရှေ့တောင် အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ ရန်ကုန်မြို့တော်တွင် ကျင်းပပြုလုပ်ရန် အခွင့်ကြုံခဲ့သည်။ ထိုအားကစားပွဲတော်ကြီးကို လာရောက်ကြည့်ရှုအားပေးကြမည့် ပရိသတ်များမှာ လက်ရှိအောင်ဆန်းကွင်းမှ အဆောက်အဦများနှင့် လုံလောက်နိုင်မည် မဟုတ်သည့်အပြင် နိုင်ငံခြားတိုင်းပြည်များမှ အားကစားသမားများ၊ ဧည့်သည်တော်များလည်း လာရောက်ကြမည် ဖြစ်သည့်အတွက် အောင်ဆန်းကွင်းကြီးကို ပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာပေသည်။

ဤသို့ ပြုပြင်တိုးချဲ့ ဆောက်လုပ်ခြင်းကို မြန်မာ့အသံက အခွင့်ကောင်း ယူလိုက်ပါသည်။ ယင်းမှာကား အောင်ဆန်းကွင်းထဲတွင် တိုက်ရိုက်အသံလွှင့်သူများနှင့် စက်ပစ္စည်းများအတွက် သီးသန့်အသံလုံစတူဒီယိုခန်းတခု ထည့်သွင်း ဆောက်လုပ် ပေးရန်ပင် ဖြစ်သည်။ ဘောလုံးပွဲများကို တိုက်ရိုက်အသံလွှင့်ကြရာဝယ် ဘောလုံးကွင်းထဲမှ နေ၍လည်းကောင်း၊ သို့မဟုတ် အထူးတန်းရှိ လေှကားအဝင်ပေါက်များ အပေါ်တွင် စင်ထိုး၍လည်းကောင်း ဖြစ်သလိုအသံလွှင့်ခဲ့ကြရသည်။ ထို့ကြောင့် ယခုကျွန်းဆွယ်အားကစား ပြိုင်ပွဲများကို တိုက်ရိုက် အသံလွှင့်ပေးရမည့်အခါတွင် အသံလွှင့်သူများအတွက် အသံလုံမှန်ခန်းတခန်း ထည့်သွင်းဆောက်လုပ်ပေးလျှင် ဘောပွဲကြည့် ပရိသတ်များ၏ အားပေးသံများ၊ ဆူသံဆဲသံများကို လိုအပ်သလို အသံထိန်းပေးနိုင်မည်။ အသံလွှင့်သူများ၏ အသံကိုဘေးဘီမှ အနှောင့်အယှက်အသံများ နည်းပါးစွာဖြင့်ကြည်ကြည်လင်လင်ပြတ်ပြတ်သားသား ကြားနိုင်ကြမည်ဟူ၍ မြန်မာ့အသံက အကြံပေးလိုက်ခြင်းကြောင့် သက်ဆိုင်ရာတို့က အောင်ဆန်းကွင်း အထူးတန်းအလယ်တည့်တည့် အပေါ်ဆုံးတွင် အသံလုံစတူဒီယို တခုကို ထည့်သွင်းဆောက်လုပ် ပေးခဲ့သည်။

ထို့ကြောင့် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် ဒုတိယအကြိမ် အရှေ့တောင် အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီး ဖွင့်ပွဲအခမ်းအနားများကို တိုက်ရိုက်အသံလွှင့်ပေးခဲ့ရသည့်နေ့မှအစပြု၍ တိုင်းနှင့် ပြည်နယ် ဘောလုံးပွဲများ၊ နိုင်ငံခြား ဘောလုံးအသင်းနှင့် ကစားသည့် အထူး ဘောလုံးပွဲများကို ဤမှန်ခန်းအတွင်းမှနေ၍ မြန်မာ့အသံ အသံလွှင့် သူများသည် ဣန္ဒြေရရဖြင့် စိတ်အေးလက်အေး အသံလွှင့် ပေးနိုင်ခဲ့လေသည်။

ထိုကျွန်းဆွယ် ပြိုင်ပွဲကြီး၏ နောက်ဆုံးနေ့ဖြစ်သော ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသည့် ဘောလုံးပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ကွင်းပိတ်အခမ်းအနားများကိုလည်း အောင်ဆန်းကွင်းမှပင် တိုက်ရိုက် အသံလွှင့် ပေးခဲ့သည်။

ဘောလုံးပွဲများနှင့် ပတ်သက်၍ ဖော်ပြလိုသည်မှာ ၁၉၆၂ ခုနှစ် နောက်ပိုင်း တော်လှန်ရေးကောင်စီတက်လာပြီးသည့်အချိန်တွင် စာရေးသူသည် တော်လှန်ရေးကောင်စီ ကြေငြာချက်များကို ပင်တိုင်အသံလွှင့် နေရသောကြောင့် ဘောလုံးပွဲများ တိုက်ရိုက်အသံလွှင့်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်အသံမလွှင့်ရတော့ပေ။ ထိုအခါ မြန်မာ့အသံတွင် ဖွဲ့စည်းပြီးကာစ ရှိသေးသော သီချင်းကြိုးခွေနှင့် ခေတ်ပြားတိုက်မှ ဘောလုံးကစားခြင်းကို နားလည်ကျွမ်းကျင်သော ပိဋကတ်တိုက်မှူး ဦးမောင်မောင်ရင်၊ ဘောလုံးပွဲကို အထူးဝါသနာပါသူ အစီအစဉ် လက်ထောက် ဦးငင်းမြင့်၊ မြန်မာ့အသံ အားကစားအစီအစဉ်တာဝန်ခံ ဦးဝင်းအောင်တို့ကို အသံလွှင့်ပုံ လွှင့်နည်းများ သင်ကြားပြသ ပေးပြီးနောက် ၁၉၆၂ ခုနှစ်၊ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲများမှအစပြု၍ အသံလွှင့်စေခဲ့ရာ ယခုဆိုလျှင် ထိုပုဂ္ဂိုလ်များမှာ ဘောလုံးပွဲ တိုက်ရိုက်အသံလွှင့်သူများအဖြစ် အောင်မြင်ကျော်ကြား လူသိများလျက် ရှိနေကြလေပြီ။

အခန်း - ၈

# တော်လှန်ရေးအစိုးရနှင့် မြန်မာ့အသံ (၁၉၆၂-၁၉၇၃)

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စုကြီးကို ယိုယွင်းပျက်စီးခြင်းမှကာကွယ်ရန်အတွက် ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သော ဗမာ့တပ်မတော်က တိုင်းပြည်အာဏာကို ထိန်းသိမ်းလိုက်လေသည်။ ထိုသို့ထိန်းသိမ်းလိုက်ရာတွင် တပ်မတော်သည် မြန်မာ့အသံကို ဦးစွာပထမ သိမ်းယူလိုက်ပြီးနောက် အာဏာသိမ်းယူလိုက်သည့်အကြောင်းကို မြန်မာ့အသံမှတဆင့် တိုင်းပြည်သို့ ပထမဆုံး အသံလွှင့် ကြေငြာ၍ အသိပေးခဲ့သည်။ ထိုနေ့နံနက် ၈ နာရီ ၄၅ မိနစ် အချိန်တွင် ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တိုင် ဖတ်ကြားသော ကာကွယ်ရေး ဦးစီးချုပ်၏ ကြေငြာချက်ကို ဗိုလ်ချုပ်ကြီး နေဝင်း၏အိမ်တွင် အသံသွင်းယူရပြီးနောက် ယင်းတိပ်ခွေကို မြန်မာ့အသံမှတဆင့် အသံလွှင့်ခဲ့လေသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ အသံလွှင့်ချက်ကို နံနက် ၉ နာရီအထိ စစ်ချီသီချင်းများနှင့် တွဲဖက်ပြီး ၅ မိနစ်ခြားတကြိမ် အသံလွှင့် ပေးခဲ့ရသည်။

ထို့နောက် ယင်းကြေငြာချက်ကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ နာရီဝက်ခြားတကြိမ် စာရေးသူ၏အသံဖြင့် ဖတ်ကြားအသံလွှင့်ပေးခဲ့သည်။ စာရေးသူ ဖတ်ကြားခဲ့ရသည့် ဗိုလ်ချုပ်ကြီးနေဝင်း၏ ကြေငြာချက်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

## ကာကွယ်ရေးဦးစီးချုပ် ကြေငြာချက်

နေ့စွဲ။ ။၂-၃-၆၂

နိုင်ငံတော် တဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ခင်ဗျား။

ပြည်ထောင်စု နိုင်ငံတော်၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း အစီရင်ခံပါသည်။ အရပ်ရပ်ရှိ တိုင်းသူပြည်သား ရဟန်းရှင်လူ အများသည် ကြောင့်ကြ စိုးရိမ်ပူပန်ခြင်း မဖြစ်ကြဘဲ ခါတိုင်း သာမန် အချိန်ကဲ့သို့ စိတ်လက်ချမ်းသာ မိမိတို့လုပ်ငန်း ဆောင်တာများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါသည်။ အစိုးရ မှုထမ်း ရာထမ်းများသည်လည်း မိမိတို့တာဝန် ဝတ္တရားများကို မပျက်မကွက် ဆက်လက် ဆောင်ရွက်ကြစေလိုပါသည်။ အထူးသဖြင့် ပညာရေးဆိုင်ရာ တာဝန်ခံများနှင့် ကျောင်းသူကျောင်းသားများသည် မိမိတို့စစ်ဆေးဖြေဆိုနေဆဲ ကိစ္စများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။

တိုင်းသူပြည်သားအများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးအတွက် ကျွန်တော်တို့ အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ပါမည်။

အထက်ပါ ကြေငြာချက်ကို အသံလွှင့်ပြီးသည့်နောက် တော်လှန်ရေးကောင်စီ ဖွဲ့စည်းလိုက်သည့် ကြေငြာချက်၊ ဌာနတာဝန်ခံများ ခန့်အပ်လိုက်သည့် ကြေငြာချက် စသည်များကိုလည်း စာရေးသူ၏ အသံနှင့်ပင် ထိုနေ့ (မတ်လ ၂ ရက်) မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ အထူးအစီအစဉ် တရပ်အနေဖြင့် အသံလွှင့်ပေးခဲ့ရလေသည်။

ထိုနေ့မှအစပြု၍ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီသည် ပါလီမန် ဒီမိုကရေစီစနစ်ကို ဖျက်သိမ်း၍ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို အောင်မြင်စွာ ဆောင်ရွက်အ

ကောင်အထည် ဖော်နိုင်ရန်အတွက် မြန်မာ့အသံကို တိုင်းပြည်အတွက် အကျိုးရှိစွာ ထိထိရောက်ရောက် အသုံးပြုခဲ့သည်။

ယခင်က မြန်မာ့အသံသည် အာဏာရ အစိုးရအဖွဲ့၏ ဟစ်တိုင်သဖွယ်၊ အာဘော်သဖွယ် ဖြစ်ခဲ့ရာမှ ယခုတော်လှန်ရေးကောင်စီလက်ထက်တွင် လုပ်သားပြည်သူများအား ပြန်ကြားပေးရန်၊ လုပ်သားပြည်သူများအား အသိပညာပေးရန်၊ လုပ်သားပြည်သူများအား ဖျော်ဖြေမှုပေးရန် တာဝန်များကို မြန်မာ့အသံက လုံးလုံးလျားလျား တာဝန်ယူခဲ့ရလေသည်။

ပြည်လမ်းရှိ မြန်မာ့အသံ အသံလွှင့်ရုံ အဆောက်အဦကြီးပေါ်ရှိ ကောင်းကင်ကြိုးတိုင်ပေါ်တွင် "ပြည်သူ့အတွက် မြန်မာ့အသံ" ဟူသော စာလုံးကြီးများကို အနီ အစိမ်း နီယွန်မီးချောင်းများဖြင့် စာလုံးဖော် တပ်ဆင်ပြီး ညစဉ် ယင်းနီယွန်လိုက် မီးစာလုံးများကို စတင် ထွန်းညှိခဲ့သည်။

ပြန်ကြားပေးရန် မြန်မာ့အသံ
ပညာပေးရန် မြန်မာ့အသံ
ဖျော်ဖြေမှုပေးရန် မြန်မာ့အသံ
ပြည်သူ့အတွက် မြန်မာ့အသံ

ဟူသော တေးအမည်လည်း မြန်မာ့အသံ၏ ပဏာမတေးသံ ( Signature Tune ) ဖြစ်လာခဲ့လေသည်။ တော်လှန်ရေးကောင်စီ တက်ရောက်လာပြီးနောက် မြန်မာ့အသံ ပထမဆုံးဆောင်ရွက်ရသည့် လုပ်ငန်းမှာ —

(က) ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်များကို ပြန်လည်တမ်းတသည့် တေးသီချင်းများ၊

(ခ) နတ်၊ စုံး၊ တစ္ဆေ၊ ကဝေ စသည်တို့ကို ယုံကြည် အားကိုးလာအောင် လှုံ့ဆော်ပေးသော တေးသီချင်းများ၊

(ဂ) ပြည်ထောင်စုဘွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည့် တေးသီချင်းများ၊

(ဃ) မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်ကို ဆန့်ကျင်သည့် အနောက်တိုင်းဆန်လွန်းသော တေးသီချင်းများ အသံလွှင့်ခြင်းမှ လုံးဝရှောင်ကြဉ်ဖယ်ရှားပစ်ရန် ဖြစ်လေသည်။

ထို့အပြင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်၍ သာယာဝပြောသော ဆိုရှယ်လစ်လောက လူ့ဘောင်သစ်ကို ဖန်တီးနိုင်ရန် အတွက် လိုအပ်သော အမိန့်များ၊ ဥပဒေများ၊ ညွှန်ကြားချက်များကို တော်လှန်ရေးကောင်စီမှ ထုတ်ပြန်သည့်အခါတိုင်း မြန်မာ့အသံမှနေ၍ အထူး အစီအစဉ်တရပ်အနေဖြင့် တိုင်းပြည်သို့ အပြည့်အစုံ ဖတ်ကြား အသံလွှင့်ပေးခဲ့ရသည်။

ဤနေရာတွင် တော်လှန်ရေးကောင်စီ၏ ထူးထူးခြားခြား စီမံဆောင်ရွက်ချက်ကို ဖော်ပြရန်လိုမည်ဟု ထင်ပါသည်။ တော်လှန်ရေးကောင်စီမှ ထုတ်ပြန်သည့် ကြေငြာချက်မှန်သမျှကို မြန်မာ့အသံမှ ကြိုရာလူများအား အသံလွှင့်ဖတ်ကြားစေခြင်းမပြုပဲ စာရေးသူတဦးတည်းကိုသာ ပင်တိုင်အသံလွှင့် ဖတ်ကြားစေခဲ့ခြင်းပင် ဖြစ်ပါသည်။ ဤသို့ စီမံလိုက်ခြင်းကြောင့် တတိုင်းပြည်လုံးရှိ လုပ်သားပြည်သူများသည် စာရေးသူ၏အသံကို ရေဒီယိုမှ ကြားလိုက်သည်နှင့်ဘပြိုင်နက် အရေးကြီးသော ကြေငြာချက်၊ သို့မဟုတ် ထူးခြားသော ကြေငြာချက်ဟူ၍ ချက်ချင်းသိရှိကြပြီး ရောက်လေရာနေရာမှနေ၍ ရေဒီယိုကို အာရုံစူးစိုက်နားထောင်တတ်သည့် အလေ့အထ ရသွားကြလေသည်။

အထူးကြေငြာချက်များ အသံလွှင့်လေ့လှင့်ထရှိသော အချိန်များမှာ ည ၇း၁၅ နာရီနှင့် ၈း၁၅ နာရီတို့တွင် ဖြစ်သည်။ များသောအားဖြင့် ယင်းကြေငြာချက်များကို ကြိုတင်အသံသွင်းယူထားပြီးမှ အသံလွှင့်လေ့ရှိသည်။ သို့သော် အချို့အရေးကြီးသည့် ကြေငြာချက်များကိုမူ ကြိုတင်အသံသွင်းယူခြင်းမပြုပဲ အသံလွှင့်ရန် အချိန်ကျရောက်

သည့်အခါမှသာ လူကိုယ်တိုင် အသံလွှင့်ခန်းမှနေ၍ တိုက်ရိုက်ဖတ်ကြား အသံလွှင့်ခဲ့ရသည်များလည်း ရှိခဲ့လေသည်။

ဥပမာအားဖြင့် ဖော်ပြရမည်ဆိုလျှင်—

| | | |
|---|---|---|
| (က) | ၂၃-၂-၆၃ မွန်းတည့် ၁၂ နာရီ | — နိုင်ငံခြား ဘဏ်များနှင့် တိုင်းရင်းသား ပုဂ္ဂလိကဘဏ်များကို ပြည်သူပိုင် ပြုလုပ်သည့် ဥပဒေ၊ |
| (ခ) | ၁၉-၃-၆၄ မွန်းလွဲ ၁၂း၃၀ နာရီ | — ရန်ကုန် နယ်နိမိတ် အတွင်းရှိ အထွေထွေ စတိုးဆိုင်ကြီးများကို ပြည်သူပိုင်ပြုလုပ်သည့် ဥပဒေ၊ |
| (ဂ) | ၁၇-၅-၆၄ ည ၇ နာရီ | — ကျပ် ၁၀၀ တန် ငွေစက္ကူနှင့် ကျပ် ၅၀ တန် ငွေစက္ကူများကို တရားမဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေ၊ |
| (ဃ) | ၁၈-၁-၆၅ မွန်းလွဲ ၁း၁၀ နာရီ | — ဘားမား ကော်ပို ရေးရှင်း လီမိတက် ကို ပြည်သူပိုင်သိမ်းသည့် ဥပဒေ၊ |
| (င) | ၁-၄-၆၅ နံနက် ၁၁း၃၀ နာရီ | — ကိုယ်ပိုင် အထက်တန်း ကျောင်းများနှင့် အလယ်တန်းကျောင်းများကို ပြည်သူပိုင်သိမ်းသည့် ဥပဒေ။ |

တော်လှန်ရေးကောင်စီမှ ထုတ်ပြန်သည့် အထူး ကြေငြာချက်များကို မိမိတဦးတည်းသာ ပင်တိုင်ကြေငြာရမည်ဟူသော တာဝန်ပေးအပ်ထားချက်ကြောင့် စာရေးသူမှာ ညနေပိုင်းများတွင် မိမိနေအိမ်မှနေ၍ တော်လှန်ရေးကောင်စီ ကြေငြာချက်များ ယနေ့ ထွက်လာလေမလား ဟူသော စိုးရိမ်ပူပန်စိတ်ဖြင့် မည်သည့်နေရာကိုမှ ရဲရဲဝံ့ဝံ့ မသွားဝံ့ခဲ့ပေ။ တခါတရံ ရုပ်ရှင်ပွဲ၊ ဘောလုံးပွဲများသို့ သွားရောက်ကြည့်ရှုနေသည့် အခါနှင့် တော်လှန်ရေးကောင်စီ ကြေငြာချက် ထုတ်ပြန်သည့်အချိန်နှင့် တိုက်ဆိုင်ခဲ့လျှင်လည်း အသံလွှင့်ရုံမှ တာဝန်မှူးက စာရေးသူအား ရှာဖွေ

ရှင်ရှုံ၍လည်းကောင်း၊ ဘောလုံးပွဲ၍လည်းကောင်း လိုက်လံခေါ်ယူရသည့် အဖြစ်မျိုးကိုလည်း ကြုံခဲ့ရလေသည်။

ဤသို့အားဖြင့် တော်လှန်ရေးကောင်စီ စတင်တက်ရောက်လာသည့် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ တော်လှန်ရေးကောင်စီကို ဖျက်သိမ်းလိုက်သည့် ၁၉၇၄ ခုနှစ်၊မတ်လ ၂ ရက်နေ့အထိ ၁၂ နှစ်ကာလအတွင်းတွင် တော်လှန်ရေးကောင်စီ ကြေငြာချက် အမှတ်စဉ် ၁ မှ အမှတ်စဉ် ၁၀၅ အထိကို စာရေးသူကိုယ်တိုင် ဖတ်ကြား အသံလွှင့်ခဲ့ရလေသည်။

ဆိုဗီယက် ရုရှားတွင်လည်း ရေဒီယိုနှင့် ရုပ်မြင်သံကြားဆိုင်ရာ နိုင်ငံတော် ကော်မတီမှ မစ္စတာ လာဗီတန်ဆိုသူမှာ စာရေးသူကဲ့သို့ပင် နိုင်ငံတော်အစိုးရ၏ အရေးကြီးသော ကြေငြာချက်များကို ရေဒီယိုမော်စကိုမှ ပင်တိုင်အသံလွှင့် ကြေငြာပေးရသည်ဟု သိရှိရ၏။

## သတင်းဖတ်သူ အမည်ကြေငြာခြင်း

မြန်မာနိုင်ငံတွင် အသံလွှင့်လုပ်ငန်း ပေါ်ပေါက်လာသည့်အချိန်မှစ၍ သတင်းဖတ်ကြားသူများ မည်သူ မည်ဝါ ဖြစ်သည်ကို သောတရှင်များ သိရှိခွင့် မရခဲ့သော်လည်း တော်လှန်ရေးကောင်စီ တက်ရောက်လာပြီးသည့်နောက်ပိုင်းတွင် သတင်းဖတ်ကြားသူ မည်သူမည်ဝါ ဖြစ်ကြောင်းကို သောတရှင်တို့ သိရှိခွင့်ရရှိလာကြသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညပိုင်းမှအစပြု၍ မြန်မာဘာသာသတင်းများ၊ အင်္ဂလိပ်ဘာသာသတင်းများ အသံလွှင့်ဖတ်ကြားသူများ၏အမည်ကို ထုတ်ဖော်ကြေငြာပေးရန် အထက်မှညွှန်ကြားချက်အရ မြန်မာ့အသံသည် သတင်းများမကြေငြာမီ "ယခုအချိန်မှစပြီး သတင်းများကို ဦးဘယ်သူ ဒေါ်ဘယ်သူက ကြေငြာပါတော့မည်" ဟူသော မိတ်ဆက်စကားများကြောင့် သောတရှင်များသည် သတင်းဖတ်ကြားသူများနှင့် ရင်းနှီးလာကြရပေသည်။ သတင်းဖတ်ကြားသူများမှာလည်း မိမိတို့၏အမည်ကို ထုတ်ဖော်ကြေငြာထားပြီးဖြစ်သဖြင့် သတင်းများကို ဖတ်ကြားရာတွင် အမှားအယွင်း အတိမ်းအစောင်း မရှိရအောင် ပိုမို၍ ဂရုတစိုက်ဖတ်ကြားလာကြမည်ကို တွေ့ရှိရသည်။

ဤသို့အားဖြင့် မြန်မာ့အသံ၏ သတင်းများကိုလည်း လုပ်သား ပြည်သူများက ပိုမို၍ အာရုံစူးစိုက်စွာ နားထောင်လာခဲ့ကြပေသည်။ သတင်းဖတ်ရသူများသည်လည်း မိမိတို့၏ အမည်များကို ထုတ်ဖော် ကြေငြာခြင်းခံရသဖြင့် ဝမ်းမြောက်ပီတိဖြစ်ကြလေသည်။

## ကြော်ငြာအစီအစဉ် တီထွင်ခြင်း

တော်လှန်ရေးကောင်စီ လက်ထက်တွင် မြန်မာနိုင်ငံ အသံလွှင့် လုပ်ငန်း၌ မည်သည့်ခေတ်ကမှ မတီထွင်ခဲ့သေးသည့် အစီအစဉ်တခု ကိုလည်း ထူးထူးခြားခြားတီထွင်အသံလွှင့်ပေးခဲ့လေသည်။ ယင်း အစီ အစဉ်မှာ အခြားမဟုတ်။ ကြီးပွားတိုးတက်နေသည့် နိုင်ငံကြီးများတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့၌ အမြဲလိုလိုပါရှိလေ့ရှိသော စီးပွားရေး ကြော်ငြာအစီအစဉ်မျိုးပင် ဖြစ်လေသည်။ ကြော်ငြာ တခုလွှင့်လိုက်၊ ဓာတ်ပြား သီချင်း တပုဒ် လွှင့်လိုက် နှင့် ကြော်ငြာနှင့် သီချင်း များကို တလှည့်စီ အသံလွှင့်ပေးသော အစီအစဉ်ဖြစ်သည်။ ယင်း စီးပွားရေး ကြော်ငြာအစီအစဉ်သစ်ကို ၁၉၆၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှအစပြု၍ မြန်မာ့အသံ ဒုတိယအစီအစဉ်မှနေ၍ ညစဉ် ညနေ ၆ နာရီခွဲမှ ၇ နာရီခွဲ အထိ တနာရီအချိန်ယူ၍ အသံလွှင့်ခဲ့သည်။

ထို အစီ အစဉ် သစ်ကို အသံလွှင့်နိုင်ရန် အတွက် အသံလွှင့်ရုံတွင် ကြော်ငြာဌာနဟူသော ဌာနစိတ်သစ်တခုကို ဖွဲ့စည်း၍ ဝန်ထမ်းများ ကိုလည်း ထပ်မံခန့်ထားရလေသည်။ ကြော်ငြာများအတွက် တကြိမ် အသံလွှင့်လျှင် အနည်းဆုံးတမိနစ်၊ အများဆုံးနှစ်မိနစ်အထိသာ လက်ခံ အသံလွှင့်ပေးသည်။ တမိနစ်အသံလွှင့်ချိန်အတွက် ကြော်ငြာခ ကျပ် ၃၀ ယူကာ၊ အနည်းဆုံး သုံးကြိမ် အသံလွှင့်ပေးရန်အတွက် စာချုပ် ချုပ်ဆို ရသည်။ လက်ခံအသံလွှင့်ပေးသည့် ကြော်ငြာများမှာလည်း အမျိုးမျိုး ရှိ၏။ ဘီအိုင်ဒီစီ လက်အောက်ခံဌာနများမှ ရောင်းချဖြန့်ဖြူးပေးသော ဟောလစ်၊ အိုဗာတင်း၊ ဗာကင်စည်သွတ်ဗူးများမှအစ ပုဂ္ဂလိကအထည် စက်ရုံများမှ နိုင်လွန်ထည်များ၊ ချည်ထည်များ၊ အိမ်သုံးဆေး ကြော်

ငြာများ၊ ပလပ်စတစ်ပစ္စည်းများ ပါဝင်လေသည်။ အသံလွှင့်ကြော်ငြာ မှုများမှာလည်း စိတ်ဝင်စားဘွယ်ကောင်းလှသည်။ တေးသီချင်းများ ရေးစပ်၍ ကြော်ငြာသည်များရှိသကဲ့သို့ စကားပြောလေးများနှင့် တဖုံ၊ အချီအချ စကားပြောပုံဖြင့်တနည်း နည်းမျိုးစုံလှသဖြင့် ယင်း ကြော် ငြာအစီအစဉ်ကို လူကြိုက်အလွန်များခဲ့လေသည်။

အထူးသဖြင့် ထိုအချိန်က ခလေးလူကြီးများ၏ နှုတ်ဖျားတွင် စွဲနေ သော ကြော်ငြာအချို့မှာ –

သင့်အင်အားကို တိုးပွားစေရန် အရသာရှိသော အိုဗာတင်းကို သုံးဆောင်ပါ၊ အိုဗာတင်း....အိုဗာတင်း

အမောပြေအောင် ဟောလစ်ကိုသုံးဆောင်ပါ၊ ဟော....ဟော.... ဟောလစ် ....

ဗာကင်သရက်သီး စည်သွတ်ဗူးဖျော်ရည် တဖန်ခွက်သောက် လိုက်ရင် ဖန်ခွက်ကြီးပါမျိုချလိုက်ချင်တယ်။အို့ဟို။ ဒါ့ကြောင့်ကိုး၊

စသည်တို့ ဖြစ်လေသည်။ ဤသို့ ပရိသတ်စွဲမက်လောက်အောင် ကြော်ငြာနိုင်သည်နှင့်အမျှ အသံလွှင့်ပေးသော သီချင်းများမှာလည်း လူကြိုက်များသည့် သီချင်းကောင်းများသာ ဖြစ်သောကြောင့် လူတိုင်း ပင် နေ့စဉ်ညနေ ၆ နာရီခွဲမှ ၇ နာရီခွဲအထိ အသံလွှင့်ပေးနေသော ယင်းကြော်ငြာအစီအစဉ်ကို နားမထောင်ဘဲ မနေနိုင်ခဲ့ကြပေ။ ဤသို့ လူကြိုက်များလှသော်လည်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကြောင့် ပြည်သူ ပိုင် လုပ်ငန်းများကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် စက်ရုံ အလုပ်ရုံကြီးများကို ပြည်သူပိုင် သိမ်းယူလိုက်ပြီးသောအခါတွင် ယင်း ကြော်ငြာအစီအစဉ်များကို ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ရပ်ဆိုင်း လိုက်ရလေသည်။ ယင်းအစီအစဉ်များ အသံလွှင့်ခဲ့သည့် ၁၉၆၂ ခုနှစ်မှ ၁၉၆၄ခုနှစ် နှစ်နှစ်တာကာလအတွင်းတွင် ကြော်ငြာခငွေ ကျပ်တသိန်းခွဲမှ နှစ်သိန်းနီးပါးအထိ ရရှိခဲ့လေသည်။

နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးဝင်ငွေ ပိုမိုရရှိနိုင်ရန်အတွက် ယင်း ကြော်ငြာအစီအစဉ်မျိုးကို ခေတ်နှင့် လျော်ညီအောင်စီစဉ်၍ မြန်မာ့

အသံတွင် ထပ်မံတိုးချဲ့အသံလွှင့်သင့်သည်ဟု ထင်ပါသည်။ အချို့နိုင်ငံများတွင် ကြော်ငြာအစီအစဉ်များ အသံလွှင့်ပေးရုံဖြင့်ပင် အသံလွှင့်ရုံတခု ကောင်းစွာရပ်တည်နိုင်သည်ကို တွေ့မြင်သိရှိခဲ့ရလေသည်။ သို့သော်လည်း ဘီဘီစီကဲ့သို့သော ဗြိတိသျှ အသံလွှင့်ဌာနကြီးကမူ ဤသို့သော ကြော်ငြာအစီအစဉ်မျိုးကို လုံးဝ လက်ခံခြင်းမပြုပဲ လုံးဝအသံမလွှင့်သည်မှာလည်း ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

## အိမ်တိုင်ယာရောက် နှီးနှောဖလှယ်ပွဲများ

တော်လှန်ရေးကောင်စီဘက်လာပြီးနောက် တောင်သူလယ်သမားကြီးများ၏ ဘ၀ပြဿနာအရပ်ရပ်ကို အဖြေရှာရန်အတွက် တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများကို တောင်သူလယ်သမားဦးရေ များပြားစွာနေထိုင်ကြသည့် ဒေသများတွင် ပြုလုပ်ခဲ့ရာ ထိုနှီးနှောဖလှယ်ပွဲများတွင် တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများ ဆွေးနွေးပြောဆိုကြသည့် စကားများကို တပြည်လုံးရှိ သောတရှင်များ ကြားနိုင်ကြရန် အတွက် မြန်မာ့အသံသည် နှီးနှောဖလှယ်ပွဲကျင်းပရာ နေရာများသို့ သွားရောက်အသံသွင်းယူ ပြီးနောက် ညတွင်းချင်း ပြန်လည်အသံလွှင့် ပေးခဲ့သည်။

ဤသို့ဖြင့် သောတရှင်များသည် ၁၉၆၂ ခုနှစ် တွင် ကျင်းပသော အုန်းတောရွာ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ၊ ၁၉၆၃ ခုနှစ်တွင် ကျင်းပသော ဒူးယားရွာ နှီး နှော ဖလှယ်ပွဲ နှင့် ပုပ္ပါး နှီး နှော ဖလှယ်ပွဲ၊ ၁၉၆၄ ခုနှစ်တွင်ကျင်းပသော ခပေါင်းနှီးနှောဖလှယ်ပွဲများမှ တောင်သူလယ်သမားဦးကြီးများ၏ ရင်ဖွင့်ဆွေးနွေးတင်ပြကြချက်များကို မိမိတို့၏ အိမ်ဧည့်ခန်းတွင်းရှိ ရေဒီယိုမှနေ၍ ထိုင်ရာမထ နားထောင်ခဲ့ကြရသည်။

အလားတူပင် ၁၉၆၄ ခုနှစ်က ရေနံမြေ ချောက်မြို့တွင်ကျင်းပသော အလုပ်သမားနှေ အခမ်းအနားမှ အလုပ်သမားကြီးများ၏ ဆွေးနွေးချက်များကို ညတွင်းချင်းပင် ပြန်လည်၍ နားထောင်ခွင့်ရကြသည်။

လှိုင်ကော်၊ မန္တလေး၊ ဖားအံ၊ တောင်ကြီး စသည့် ပြည်နယ်မြို့ကြီးများတွင်ကျင်းပသော ပြည်ထောင်စုနေ့ အခမ်းအနားကြီးများမှ ပြည်ထောင်စုဘွားတိုင်းရင်းသားများ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးတင်ပြဆိုးဖြတ်ကြသည့် အချက်အလက်များကိုလည်း မြန်မာ့အသံက ဤနည်းနှင့်နှင့် ကြားကြရအောင် အသံသွင်းယူလျက် ပြန်လည်အသံလွှင့် ပေးနိုင်ခဲ့သည်။ ထို့အပြင် ရန်ကုန်မြို့တွင် နှစ်စဉ်ကျင်းပခဲ့သော ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့နှင့် အလုပ်သမားနေ့ လူထုစည်းဝေးပွဲကြီးများကိုလည်း ကျိုက္ကဆံကွင်းမှ တိုက်ရိုက်အသံလွှင့်ပေးခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

## အစီအစဉ်များ တီထွင်ခြင်း

တော်လှန်ရေးကောင်စီ တက်လာပြီးသည်နှင့် တပြိုင်နက် မြန်မာ့အသံမှ အသံလွှင့်နေသော အသံလွှင့်အစီအစဉ်များထဲမှ ခေတ်နှင့် မညီညွတ်သော အစီအစဉ်အချို့ကိုရပ်ဆိုင်း၍ တော်လှန်ရေးကာလခေတ်နှင့် ကိုက်ညီမည့် အစီအစဉ်သစ်များကို တီထွင်ထုတ်လွှင့်သွားရန် ပြန်ကြားရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီး စောမြင့်က စာရေးသူအား တာဝန်ပေးပါသည်။ ထိုသို့ တာဝန်ပေးချက်အရ စာရေးသူသည် အသံလွှင့် အစီအစဉ်သစ်များကို ရေးဆွဲတင်ပြခဲ့ရာ အောက်ပါအစီအစဉ်သစ်များသည် ၁၉၆၂ ခုနှစ်အတွင်းတွင် လေထဲမှပြန့်လွှင့်ထွက်ပေါ် လာခဲ့ပါတော့သည်။

(က) ကမ္ဘာ့ဂီတ (၇-၄-၆၂)
(ခ) ဘဝကြေးမုံ ဇာတ်လမ်းစုံ (၈-၄-၆၂)
(ဂ) ရှုဒေါင့်တကွေ့မှ အတွေ့အကြုံ (၈-၄-၆၂)
(ဃ) သောတရှင်အတွက် ပြန်ကြားချက် (၈-၄-၆၂)
(င) လူငယ်ကဏ္ဍ (၁-၇-၆၂)
(စ) သိမှီဂေဟာ (၃၀ ၇-၆၂)
(ဆ) အသံထွက် ဆောင်းပါး (၁-၉ ၆၂)
(ဇ) ရေဒီယို ဆရာဝန် (၁-၁၀-၆၂)

အထက်ပါအစီအစဉ်များအပြင် နိုင်ငံတော်၏ အခြေခံအင်အားကြီး နှစ်ရပ်ဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားများနှင့် အရန် အင်အားဖြစ်သော လူငယ်များကိုလည်း ခေတ်ပြောင်းတော်လှန်ရေးနှင့် လျော်ညီစွာ ဆိုရှယ်လစ်သဘောတရားနှင့် အသိပညာများ တိုးပွား ကြွယ်ဝရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍမြင့်မားရေးတို့ အတွက် တောင်သူလယ်သမားများအတွက် ကျေးလက်ဖွံ့ဖြိုးရေး အစီ အစဉ်ကိုလည်းကောင်း၊ အလုပ်သမားများအတွက် အလုပ်သမားကဏ္ဍ အစီအစဉ်ကိုလည်းကောင်း၊ လူငယ်များအတွက် လူငယ်ကဏ္ဍ (ဝါ) လူငယ့်ရေးရာ အစီအစဉ်ကို လည်းကောင်း အသံလွှင့်ကော်မတီများ ဖွဲ့စည်းကာ အစီအစဉ်သစ်များကို တီထွင်ထုတ်လွှင့်ခဲ့၏။

ကျေးလက်အစီအစဉ်သည် ဗိုလ်ချုပ်ကြီး နေဝင်း အိမ်စောင့်အစိုးရ လက်ထက်ကပင် မြန်မာ့အသံ တွဲဘက်အစီအစဉ်မှ "ကျေးလက်စီးပွား ရေးကဏ္ဍ" ဟူသော အမည်ဖြင့် "လူငယ့်ကဏ္ဍ" နှင့် တလှည့်စီ တပတ် ခြား သောကြာနေ့တိုင်း ည ၇ း ၁၅ နာရီ အချိန်တွင် အသံထုတ်လွှင့် ခဲ့သော အစီအစဉ်ဖြစ်၏။ ယင်း အစီအစဉ်ကို တော်လှန်ရေးအစိုးရ လက်ထက်တွင် ထပ်မံတိုးချဲ့၍ အသံလွှင့်ခဲ့လေသည်။

၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် မြန်မာ့အသံမှ ကျေးလက်အစီ အစဉ် တာဝန်ခံများနှင့် စိုက်ပျိုးရေးဌာန၊ မြေကျေးရှင်းဌာန၊ မိုးလေ ဝသဌာန၊ လူမှုဝန်ထမ်းဌာန၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန၊တပ် မတော် ပြန်လည်နေရာချထားရေး၊ တိရစ္ဆာန်ဆေးကုဌာန၊ ဆည်မြောင်း ဌာန၊ သစ်တောဌာန၊ သမဝါယမဌာန၊ ပညာရေးဌာန၊ ကျန်းမာရေး ဌာနများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကာ ကျေးလက်ဖွံ့ဖြိုး ရေးအစီအစဉ် တိုးတက် ကောင်းမွန်လာရေး အတွက် စီစဉ်ခဲ့ကြ၏။ အသံလွှင့်အစီအစဉ်များအနေဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော ဟော ပြောချက်များသာမက မွေးမြူရေး၊ ကျန်းမာရေးဆိုင်ရာ ဟောပြော ချက်များ၊ ဆွေးနွေးခန်းများ၊ ကျေးလက်စာတိုက်၊ တို့ကျေးရွာနှင့် ကျေးလက် ဇာတ်လမ်းများကိုပါ စီစဉ်ကာ အသံလွှင့်ချိန်ကိုလည်း

မြန်မာ့အသံ ဒုတိယအစီအစဉ်မှ ည ၆ း ၄၅ နာရီမှ ၇ း ၁၅ နာရီအထိ တိုးချဲ့အသံလွှင့်ခဲ့လေသည်။ ထိုကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်ကို ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မြန်မာ့အသံ ကျေးလက်ဖွံ့ဖြိုးမှု ပညာပေးရေးကော်မတီအမည်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေ့တွင် ထိုကော်မတီကို တောင်သူလယ်သမားကဏ္ဍ အသံလွှင့်ကော်မတီဟု အမည်ပြောင်းလဲခေါ်တွင်စေပြီး ဥက္ကဋ္ဌအဖြစ် မြန်မာ့အသံ ညွှန်ကြားရေးဝန်က ဆောင်ရွက်ပြီး လယ်ယာစိုက်ပျိုးရေးဌာနခွဲ၊ ဆည်မြောင်းဌာနခွဲ၊ သစ်တောဌာနခွဲ၊ သစ်လုပ်ငန်းဌာနခွဲ၊ မိုးလေဝသဌာနခွဲ၊ ကျန်းမာရေးဌာနခွဲ၊ စိုက်ပျိုးရေးဌာနခွဲ၊ ကြေးတိုင်နှင့်မြေစာရင်း ဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲ၊ သမဝါယမဌာနခွဲ၊ ငါးလုပ်ငန်းဌာနခွဲ၊ဆားလုပ်ငန်းဌာနခွဲ၊ ပြည်သူ့ဘဏ် စိုက်ပျိုးရေးငွေချေးဌာနခွဲများသာမက မွေးမြူရေးကော်မတီနှင့်ဗဟိုပြည်သူ့ လယ်သမားကောင်စီတို့မှ ကိုယ်စားလှယ်တစ်ဦးကျစီက အဖွဲ့ဝင်များအဖြစ်ပါဝင်ပြီး မြန်မာ့အသံ ကျေးလက်ဖွံ့ဖြိုးမှုပညာပေး အစီအစဉ်တာဝန်ခံက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ ထိုကော်မတီမှ ကျေးလက်ဖွံ့ဖြိုးမှုနှင့် ပညာပေးရေးအစီအစဉ်များကို ဆတက်ထမ်းပိုး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်ဖြစ်ရာ တောင်သူလယ်သမားကဏ္ဍ အသံလွှင့် အစီအစဉ် အမည်ဖြင့် ယနေ့ထက်ထိုင် အသံလွှင့်လျက် ရှိနေပေသည်။

အလားတူပင် တဖက်မှလည်း ကျွမ်းကျင်သောဆိုရှယ်လစ်လုပ်သားကောင်းများ ပေါ်ထွက်လာရေးအတွက် အလုပ်သမားများနှင့်သက်ဆိုင်သော စီးပွားရေးရာ၊ လူမှုရေးရာ၊ သိပ္ပံရေးရာ၊ စက်မှုရေးရာ၊ အလုပ်သမားရေးရာ အဖြာဖြာတို့ကို အသံလွှင့် ဟောပြောနိုင်ရန်အတွက် ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ အလုပ်သမား ညွှန်ကြားရေးဝန်ချုပ်ရုံးနှင့် မြန်မာ့အသံတို့မှ ကိုယ်စားလှယ်များပါဝင်သော အလုပ်သမားပညာပေး အသံလွှင့် အစီအစဉ်ကော်မတီ တရပ်ကို ဖွဲ့စည်းကာ အပတ်လျှင် သုံးကြိမ်ကျ အသံလွှင့်ပေးခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ယင်း

အသံလွှင့်ကော်မတီကိုဖျက်သိမ်း၍ အလုပ်သမားများနှင့် တိုက်ရိုက်ဆက်နွှယ်နေသော ဦးစီးဌာနများ၊ ဘုတ်ကော်ပိုရေးရှင်းများမှ ကိုယ်စားလှယ်ပေါင်း ၄၅ ဦးပါဝင်သော အလုပ်သမားကဏ္ဍ အသံလွှင့် ကော်မတီကို ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အသစ်ပြန်လည် ဖွဲ့စည်းကာ အလုပ်သမား အစီအစဉ်များကို တောင်သူလယ်သမား အစီအစဉ်များနှင့် တပြေးညီဖြစ်စေရန် အသံလွှင့်ခဲ့သည်။

တချိန်တည်းမှာပင် နောင်တခေတ်၌ တိုင်းပြည်၏ ခေါင်းဆောင်များနေရာတွင် တာဝန်ယူကြမည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အရန်အင်အားစုဖြစ်သော လူငယ်လူရွယ်များအတွက် အကျိုးရှိစေမည့် အစီအစဉ်များကို ရေးဆွဲထုတ်လွှင့်နိုင်ရန်အတွက် လူငယ်ကဏ္ဍအသံလွှင့် ကော်မတီတရပ်ကို ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီတွင် လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီ အခြေခံပညာရေးဦးစီးဌာန၊ ပညာရေးသုတေသနအဖွဲ့၊ပြည်သူ့ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာ့အသံတို့မှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။

အထက်ဖော်ပြပါ တောင်သူလယ်သမားကဏ္ဍ အသံလွှင့်ကော်မတီ၊ အလုပ်သမားကဏ္ဍ အသံလွှင့်ကော်မတီနှင့် လူငယ်ရေးရာ အသံလွှင့်ကော်မတီတို့သည် လစဉ် တလလျှင်တကြိမ်ကျ လဆန်းရက်များတွင် အစည်းအဝေးများထိုင်ပြီးနောက် လာမည့်လအတွက် ကောင်းနိုးရာရာ အသံလွှင့်အစီအစဉ်များကို ညှိနှိုင်းရေးဆွဲကြရလေသည်။ ဤသို့ အစီအစဉ်များ ရေးဆွဲရာတွင်လည်း သက်ဆိုင်ရာ သောတရှင် ပရိသတ်များ စိတ်ဝင်စားစွာဖြင့် နားထောင်နိုင်ကြရန် တဦးချင်း ဟောပြောချက်များ၊ မြန်မာ့အသံကိုယ်စားလှယ်နှင့် အမေးအဖြေဆွေးနွေးခန်း၊ ဝိုင်းဖွဲ့ဆွေးနွေးခန်းများ၊ ဇာတ်လမ်းများ၊ သတင်းနှင့်သီချင်း ရောယှက်ထားသည့်အစီအစဉ်များ၊ အနယ်နယ်အရပ်ရပ်သို့ စုပေါင်း ခရီးထွက်ကြပြီး ဒေသခံပုဂ္ဂိုလ်များနှင့် ဆွေးနွေးခန်းများ စသည့် ဖွယ်ဖွယ်ရာရာ အစီအစဉ်များဖြစ်အောင် ဖန်တီးထုတ်လွှင့်ကြလေသည်။

## အသံလွှင့်ချိန် တိုးခြင်း

၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ တနေ့လျှင် အသံလွှင့်ချိန် ၁၂ နာရီအထိ တိုးချဲ့အသံလွှင့်ခဲ့ခြင်းကို မြန်မာ့အသံသည် မကြေနပ်နိုင်သေးပဲ သစ်လွင်ဆန်းသစ်သော အစီအစဉ်များကို ပို၍နားထောင် နိုင်ရန်အတွက် ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် (နှစ်ဆန်းတရက်နေ့) တွင် နောက်ထပ်၍ အသံလွှင့်ချိန်များကို တိုးချဲ့အသံလွှင့်လိုက်ပြန်လေသည်။

နံနက်ပိုင်းတွင် မူလ ၇ နာရီ မိနစ် ၃၀ မှ စကင်အသံလွှင့်ခြင်းအစား ၇ နာရီတိတိတွင်စတင်၍ ညနေပိုင်းတွင် ညနေ၆နာရီ မိနစ်၃၀ အစား ၅ နာရီ မိနစ် ၃၀ မှ စတင်အသံလွှင့်ကာ ညဖက်တွင် မူလက အစီအစဉ်များ အားလုံးပြီးဆုံးသည့် ည ၁၀ နာရီအစား နောက်ထပ် မိနစ် ၃၀ တိုး၍ လွှင့်ခြင်း၊ ဒုတိယအစီအစဉ်ကို ည ၉ နာရီ ၁၅ မိနစ် ပြီးဆုံးရမည့်အစား ည ၉ နာရီတွင် ပြီးဆုံးစေခဲ့ခြင်းဖြင့် တနေ့တာအသံလွှင့်ချိန် စုစုပေါင်း မှာ ၁၃ နာရီ ၄၅ မိနစ်အထိ တိုးချဲ့ခဲ့သည်။

ဤသို့ အသံလွှင့်ချိန်များ တိုးချဲ့လာသည်နှင့်အမျှ တိုင်းရင်းသား ဘာသာအစီအစဉ်များတွင် ယခင်ကတဘာသာလျှင် ၁၀ မိနစ်စီ အသံလွှင့်နေခဲ့ရာမှ ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစတင်၍ တဘာသာလျှင် ၁၅ မိနစ်စီ အသံလွှင့်ရန် အချိန်ပိုပေးနိုင်ခဲ့သည်။ ထို့ပြင် ယခင်က တပတ်လျှင်နှစ်ကြိမ်မျှ အသံလွှင့်ခွင့်ရရှိခဲ့သော ကျောင်းသင်ခန်းစာများကိုစနစ်သစ်ပညာရေးနှင့်အညီ သင်ကြားပို့ချနိုင်ရန်အတွက် ၁၉၆၄ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှအစပြု၍ တပတ်လျှင်လေးကြိမ် အသံလွှင့်နိုင်ရန် စီစဉ်ပေးသည်။ ထိုအစီအစဉ်အရ တနင်္လာနှင့် ကြာသပတေးနေ့များတွင် အထက်တန်းများအတွက်၊ အင်္ဂါနှင့် သောကြာနေ့များတွင် အလယ်တန်းများအတွက် ကျောင်းသင်ခန်းစာများကို တိုးချဲ့အသံလွှင့်နိုင်ခဲ့ပေသည်။

အသံလွှင့်မည့် တေးသီချင်းများကိုလည်း ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကာလနှင့် ကိုက်ညီမည့် တေးသီချင်းများကိုသာ စီစဉ်ထုတ်လွှင့်ပေးနိုင်စေရန် ယခင်က တေးသီချင်းစိစစ်ရေး ဘုတ်အဖွဲ့ဟူ၍ ဖွဲ့တည်းသာရှိခဲ့သော သီချင်းစိစစ်ရေး ဘုတ်အဖွဲ့ကို ၁၉၆၄ ခုနှစ်၊

အောက်တိုဘာလ ၂၇ ရက်နေ့မှအစပြု၍ သီချင်းကြီးစိစစ်ရေးဘုတ်အဖွဲ့၊ ကာလပေါ် တေးသီချင်းစိစစ်ရေး ဘုတ်အဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ကို တော်လှန်ရေးအစိုးရက ဖွဲ့စည်းပေးလိုက်သည်။

၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုရှေးရှု၍ လက်ရှိ အသံလွှင့်နေသော တိုင်းရင်းသားဘာသာအစီအစဉ်များမှ မွန်၊ ပအိုဝ်၊ လားဟူ၊ ရိုဟင်ဂျာဘာသာများနှင့် ဟိန္ဒူစတန်နီ ဘာသာအစီအစဉ်များကို အသံလွှင့်ခြင်းမှ ရပ်ဆိုင်းလိုက်ပြီး ထိုနှစ်နိုဝင်ဘာလ ၁ ရက်နေ့တွင် ကယားဘာသာ အစီအစဉ်များကို စတင်အသံလွှင့်ခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားအစီအစဉ်တွင် ပြည်နယ်ကြီးငါးခုဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းဘာသာအစီအစဉ်များကိုသာ အသံလွှင့်စေခဲ့သည်။

ထိုနှစ်ထဲမှာပင် ကျောင်းသင်ခန်းစာ အစီအစဉ်၌ မူလတန်းများအတွက် ကျောင်းသင်ခန်းစာများကို တလလျှင်တကြိမ်ကျ တိုးချဲ့အသံလွှင့်နိုင်ခဲ့သည်။

အထက်ဖော်ပြပါ အစီအစဉ်များအပြင် ပြည်ထောင်စုတဝန်းလုံးနှင့် တိုက်ရိုက် သက်ဆိုင်၍ အရေးကြီးလှသော လုပ်ဆောင်ချက်များဖြစ်သည့် ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အတည်ပြုပြဋ္ဌာန်းရေးအတွက် ကျင်းပပြုလုပ်သော ပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲကြီးနှင့် ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပွဲများတွင် မြန်မာ့အသံသည် တတပ်တအား အနေဖြင့် အစွမ်းကုန်ပါဝင် ကူညီဆောင်ရွက် ပေးခဲ့သည်။ စာမတတ်သူများ ပပျောက်ရေး၊ လမ်းအန္တရာယ်ကာကွယ်ရေး၊ ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှု လုပ်ငန်း စသည့်အပြင် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့များနှင့်စပ်လျဉ်း၍လည်း မြန်မာ့အသံမှ ဟောပြောချက်များ၊ ဆွေးနွေးခန်းများ၊ ဇာတ်လမ်းများ၊ တေးဂီတများနှင့် အမြဲတစေ လှုံ့ဆော်ပေးလာခဲ့သည်။

## လုပ်ငန်းခွင် သင်တန်းများ

တော်လှန်ရေးကောင်စီ တက်ရောက်လာပြီးသည့်နောက်တွင် မြန်မာ့အသံမှ အသံလွှင့် အစီအစဉ်များ ပိုမိုကောင်းမွန်စေရေး အတွက် အစီအစဉ်အမျိုးမျိုးတင်ဆက်ခြင်း၊ အသံလွှင့်ချိန်များ တိုးချဲ့ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်တဆက်တည်းမှာပင် မြန်မာ့အသံရှိ အစီအစဉ်ပိုင်းဆိုင်ရာဝန်ထမ်းများ အရည်အချင်းတိုးတက် မြင့်မားလာရေးအတွက် လုပ်ငန်းခွင် သင်တန်းများကို ဖွင့်လှစ်ပို့ချ စေခဲ့ပါသည်။ အထူးသဖြင့် မြန်မာ့အသံမှ ဝန်ထမ်းများမှာ အသံနှင့် အလုပ်လုပ်ကြရသူများ ဖြစ်သဖြင့် ရေးတော့အမှန် ဖတ်တော့အသံဟူသည့် စကားအတိုင်း မြန်မာစာအသံထွက် မှန်ကန်ကြရန် အထူး အရေးကြီးလှပေသည်။ မြန်မာစာကို ဌာန်ကရိုဏ်းကျအောင် ဖတ်တတ်သင့်သည်၊ ဖတ်တတ်ရန်လိုအပ်သည်။ စကားပြောဆိုရာတွင်လည်း လေယူလေသိမ်း၊ ပုဒ်ဖြတ် ပုဒ်ရပ် မှန်ကန်ရန် လိုအပ်သည်ဖြစ်၍ ဤအချက်အလက်များကို ကောင်းစွာနားလည် သဘောပေါက်စေရန် မြန်မာစာအသံထွက် ဖတ်ကြားနည်း သင်တန်းများကို ၁၉၆၄ ခုနှစ်၊ ဇူလိုင်လအတွင်း၌ မြန်မာပညာရှိ ဆရာကြီး ဦးဂုဏ်ဘဏ်နှင့် ဦးဘထွန်း တို့က စတင်ပို့ချ သင်ကြားပေးသည်။

ထို့နောက် ၁၉၆၆ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ဆရာဦးဝန် (မင်းသုဝဏ်)၊ တက္ကသိုလ် ဘာသာပြန်ဌာနမှ ဦးတင်လှနှင့် စာရေးသူတို့က တဖန် ပို့ချပေးခဲ့ပြန်သည်။

၁၉၆၇ ခုနှစ် စက်တင်ဘာလအတွင်း၌ မြန်မာ့အသံမှ ဦးဇော်ဝင်း၊ ဦးအောင်မြင့်နှင့် ဒေါ်သန်းနှစ်တို့ကလည်း အစီအစဉ်ဝန်ထမ်း အရည်အချင်းမြှင့် သင်တန်းများကို ပို့ချပေးကြသည်။

စာရေးသူအနေဖြင့်မူ ၁၉၇၁ ခုနှစ် ဇူလိုင်လအတွင်းတွင် အသံလွှင့်ကြေငြာသူများ အရည်အချင်းမြှင့် သင်တန်းနှင့် သတင်းဖတ်ကြားနည်း သင်တန်းများကို တာဝန်ယူခဲ့ရပြီးနောက် ထိုနှစ် ဩဂုတ်လအတွင်းတွင် ဦးသန်းမြင့် (အဘ) နှင့် တွဲဖက်ကာ ဇာတ်လမ်းများ ထုတ်

လှင့်ပုံ ထုတ်လွှင့်နည်းနှင့် ပတ်သက်၍ လက်တွေ့ ထုတ်လွှင့်ရေးမှူး အရည်အချင်းမြှင့် သင်တန်းများကို ပို့ချပေးခဲ့ရလေသည်။ ထို့အပြင် ၁၉၇၂ ခုနှစ် စက်တင်ဘာလတွင် မြန်မာစာအဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲ တခု ကျင်းပခဲ့သေးသည်။

၁၉၇၅ ခုနှစ် ဩဂုတ်လအတွင်းတွင် မြန်မာစာအသံထွက် ဖတ်ကြား နည်း သင်တန်းတခုကို အသံလွှင့်ကြေငြာသူများနှင့် သတင်းဖတ်ကြား သူများအား စာရေးသူကပင် သင်ကြားပို့ချပေးခဲ့ခြင်းဖြင့် မီးခဲပြာဖုံး ဖြစ်နေကြသော မြန်မာ့အသံဝန်ထမ်းများမှာ ယခုအခါတွင် အရည် အချင်း အဆင့်မြင့်လျက် အရည်အသွေးပြောင်းလက်လျက် ရှိနေကြပြီ ဖြစ်လေသည်။ ဤသို့ ဖြစ်လာကြရခြင်းမှာ တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေးအစိုးရတို့၏ မြန်မာ့အသံအပေါ် ထားရှိသောစေတနာနှင့် ဦးဆောင်ညွှန်ကြားမှုတို့ကြောင့်ပင် ဖြစ်ပါသည်။

အခန်း–၉

# ယနေ့ မြန်မာ့အသံ

ယနေ့ မြန်မာ့အသံ၏ သက်တမ်းသည် အနှစ် ၃၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်လေသည်။ မြန်မာ့အသံ သက်တမ်းတလျှောက်တွင် တွေ့ကြုံ ဖြတ်သန်း ခဲ့ရသော ခရီးစဉ်များကို စာရှုသူတို့ ဖတ်ရှုခဲ့ပြီးလည်း ဖြစ်လေသည်။ ယနေ့မြန်မာ့အသံသည် "ပြည်သူ့အတွက် မြန်မာ့အသံ" ဟူသော ဆောင်ပုဒ်ကို ဦးထိပ်ရွက်ပန်ဆင်ကာ ပြည်သူများအတွက် အကျိုးရှိစေမည့် အစီအစဉ်များကို အစဉ်တစိုက် အသံလွှင့်လျက် ရှိနေရာမှ ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ ၂၅ နှစ်မြောက် မြန်မာ့အသံ ငွေရတုသဘင် အထိမ်းအမှတ်အဖြစ် ယခင်ရှိရင်းစွဲ ကီလိုဝပ် ၅၀ လှိုင်းတို အသံလွှင့်စက်သုံးလုံး၊ ကီလိုဝပ် ၅၀ လှိုင်းလတ်အသံလွှင့်စက်တလုံးအပြင် နောက်ထပ်ကီလိုဝပ် ၅၀ လှိုင်းလတ်အသံလွှင့် စက်သစ်တလုံးကိုအင်အား ထပ်ဖြည့်ခဲ့လေသည်။ အသံလွှင့် အစီအစဉ်များကိုလည်း ယခင်က တနေ့လျှင် ၁၃ နာရီ ၄၅ မိနစ် အသံလွှင့်နေရာမှ တနေ့လျှင် နာရီပေါင်း ၁၅ နာရီ ၄၅ မိနစ်အထိ တိုးချဲ့အသံလွှင့်ခဲ့သည်။ တိုင်းရင်းသား ဘာသာများဖြင့်လည်း သီးခြားအသံလွှင့်စက်တလုံးဖြင့် တဘာသာလျှင် မိနစ် ၃၀ အထိ တိုးချဲ့အချိန်ပေးပြီး တနေ့လျှင် ၃ နာရီ ၁၅ မိနစ်မျှ အသံလွှင့်နိုင်ခဲ့သည်။ သောတရှင် လုပ်သားပြည်သူများအတွက် ဤသို့ဆောင်ရွက်နိုင်ခဲ့သည်ကို ဂုဏ်ပြုသည့် အနေဖြင့် ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ညတွင် မြန်မာ့အသံ ငွေရတုသဘင် အထူးအစီအစဉ်၌ အသံလွှင့်ခဲ့သည့် အောက်ပါ တေးသီချင်းကို စာရေးသူ ယနေ့တိုင် ကြားယောင် နေမိပါသည်။

မြန်မာ့အသံ ငွေရတုသဘင်၊ မင်္ဂလာရှိစွာအောင်ပွဲဆင်၊ ကောင်း မြတ်သော အခါသမယကြုံကြိုက်တဲ့ အခုအချိန်အခါတွင်၊ သောတ ရှင် အပေါင်း၊ ချမ်းမြေ့ရွှင်လန်း အောင်ပန်းဆင်စေအစဉ်၊

သတင်းမှန်များကို အမြန်ထုတ်ပြန်တဲ့၊ ပြန်ကြားရေး တာဝန် ကျေပြွန်တဲ့အပြင်၊ ပညာပေးအစီအစဉ်များလဲ အရေးပေး၊ ဖျော် ဖြေမှုကဏ္ဍစုံလင်၊ ပြည်သူ့အတွက် ဦးထိပ်ရွက်ကာ ၂၅ နှစ်တာခရီး မှာ အပြီးမနားတမ်း ထုတ်လွှင့်လာတာနေ့စဉ်၊

ပြည်သူ့အတွက် မြန်မာ့အသံ ကေန်အမှန်ပင်၊ စေတနာမေတ္တာ ရေစင် (မြေကြည်လင်)၂ မြန်မာ့အသံ ငွေရတုသဘင်၊

## ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန

မြန်မာ့အသံ ငွေရတုသဘင်ကို ဆင်ယင်ကျင်းပခဲ့ပြီးသည့်နောက် နောက်တနှစ် ၁၉၇၂ ခုနှစ်၊ မတ်လတွင် ဗျူရိုကရေစီ အုပ်ချုပ်ပုံ အုပ် ချုပ်နည်းများကို ချုပ်ငြိမ်းစေခဲ့ပြီး ဆိုရှယ်လစ်ဒီမိုကရေစီ အဆောက် အအုံနှင့် လိုက်လျောညီထွေရှိမည့် အုပ်ချုပ်ရေးစနစ်သစ်ကို အကောင် အထည် ဖော်လိုက်သောကြောင့် အသံလွှင့်ဌာနခွဲ (မြန်မာ့အသံ)ကို ၁၉၇၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပြန်ကြားရေးဌာနခွဲနှင့်ပူးပေါင်း၍ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ် ဖွဲ့စည်းပေးလိုက်လေသည်။

ဤဦးစီးဌာန အသစ်တွင် ယခင်အသံလွှင့်ဌာနခွဲ ညွှန်ကြားရေးဝန် ဦးတင်မောင်ကြည်က ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင် ကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် တိုင်းပြည်အ တွက် လိုအပ်မည့်တာဝန်များကို ဆက်လက်ထမ်းဆောင်နေ၏။ ဤကာလ အတွင်း ထူးခြားသည့် အစီအစဉ်တရပ်မှာ ဘောလုံးပွဲများ တိုက်ရိုက် အသံလွှင့်ခြင်းပင် ဖြစ်လေသည်။ ဘောလုံးပွဲများကို ယခင့်ယခင်က ရန်ကုန်မြို့ အောင်ဆန်းကွင်းမှနေ၍သာ တိုက်ရိုက်အသံလွှင့်နိုင်ခဲ့ခြင်းကို ၁၉၇၂ ခုနှစ်မှစ၍ နယ်များမှနေ၍ တိုက်ရိုက်အသံလွှင့်နိုင်အောင် ကြိုး ပမ်းနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲများကို ၁၉၇၂ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်များတွင် အခြေအနေအရ နယ်ရှိမြို့ကြီးများတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့အသံကလည်း ထိုဘောလုံးပွဲများမှ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲများကို နယ်များမှနေ၍ တိုက်ရိုက်အသံလွှင့်ပေးနိုင်အောင် ကြေးနန်းဆက်သွယ်ရေး ဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၏။ ၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၂၇ ရက်နေ့တွင် မန္တလေးမြို့ ဗထူးကစားကွင်းတွင် ကျင်းပသော အကြိမ် ၂၀ မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို မန္တလေးမြို့မှနေ၍ အဝေးစကားပြော ကြေးနန်းလိုင်းများဖြင့် ပထမဆုံးအကြိမ် အောင်မြင်စွာ တိုက်ရိုက် အသံလွှင့် နိုင်ခဲ့သည်။ မန္တလေးမြို့မှ ဘောလုံးပွဲ သုံးပွဲကို တိုက်ရိုက်အသံလွှင့်ခဲ့ရာ ဒုတိယ အကြိုဗိုလ်လုပွဲဖြစ်သော ရန်ကုန်နှင့် မန္တလေးတိုင်းအသင်းတို့ စိတ်မကြေပွဲထပ်မံ ကစားသည့်ပွဲတွင် ပွဲမပြီးမီ ဆူဆူပူပူဖြစ်ပွားသဖြင့် ဘောလုံးပွဲကို ရပ်နားခဲ့ရပြီးနောက် ထိုအကြိမ် ၂၀ မြောက် ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲ (ရန်ကုန်တိုင်းနှင့် မကွေးတိုင်း) ကို ၂၃၊၂၊၇၂ နေ့၌ မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ကျင်းပသောအခါ၌လည်း မော်လမြိုင်မြို့မှနေ၍ တိုက်ရိုက်အသံလွှင့်ပေးနိုင်ခဲ့သည်။

ဤနည်းဖြင့် ၁၉၇၃ ခုနှစ်တွင် ဟသ်ာတမြို့မှလည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ပုသိမ်မြို့မှလည်းကောင်း တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲများကို နယ်များမှနေ၍ တိုက်ရိုက်အသံလွှင့်ပေးနိုင်ခြင်းဖြင့် မြန်မာ့အသံသည် အားကစား ဝါသနာရှင်များ၏ စိတ်ဆန္ဒကို ရာနှုန်းပြည့် ဖြည့်စွမ်းပေးနိုင်ခဲ့ပေသည်။

အခြား ထူးခြားချက်တရပ်မှာ ယခင်က နေ့လည်ပိုင်းများတွင်သာ အသံလွှင့်နေသော ကျောင်းသင်ခန်းစာများကို ၁၅၊၂၊၇၂ နေ့မှ အစပြု၍ ကျောင်းသူကျောင်းသားအများစု နားထောင်နိုင်ရန် ညနေပိုင်း အစီအစဉ်များသို့ ပြောင်းလွှဲအသံလွှင့်ပေးခဲ့ခြင်းပင် ဖြစ်၏။ ညနေပိုင်းသို့ ပြောင်းလွှဲ အသံလွှင့်ပေးရုံသာမက အသံလွှင့်ချိန်ကိုလည်း ယခင်က တပတ်လျှင် နှစ်ကြိမ်လွှင့်ခဲ့ရာမှ တပတ်လျှင် ခုနစ်ကြိမ်အထိ တိုးမြှင့်အသံ

လွှင့်ခွင့်ပေးခဲ့သည်။ ထို့ပြင် မွန်ဘာသာအစီအစဉ်နှင့် ရခိုင်ဘာသာ အစီအစဉ်များကိုလည်း ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မြန်မာ့အသံ၏ အနှစ် ၃၀ မြောက် နှစ်ပတ်လည်နေ့မှစ၍ နောက်ထပ် မိနစ် ၃၀ စီ ထပ်မံတိုးချဲ့ အသံလွှင့်လိုက်ပြန်ရာ မြန်မာ့အသံ၏ တနေ့တာ အသံလွှင့်ချိန် စုစုပေါင်းမှာ ၁၆ နာရီ ၄၅ မိနစ် ဖြစ်လာခဲ့ပြန်သည်။ တနင်္ဂနွေနေ့များတွင် ၁၇ နာရီ ၄၅ မိနစ်အထိ အသံလွှင့်နေလေသည်။ အစီအစဉ်ကဏ္ဍအသီးသီးလည်း ပို၍ ဝေဝေဆာဆာ ဖြစ်လာသည်။

၁၉၄၆ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၃၀ အတွင်းတွင် မြန်မာ့အသံကို ယနေ့အခြေအနေသို့ရောက်ရှိအောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များတွင် ဦးခင်ဇော်သည် ပထမဦးဆုံးဖြစ်၏။ ၁၉၄၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၁ ရက်နေ့အထိ မြန်မာ့အသံ ညွှန်ကြားရေးဝန်အဖြစ်ဖြင့် ၁၆ နှစ်မျှကြာအောင် အမှုထမ်းခဲ့စဉ် မြန်မာ့အသံအား မြန်မာ့အသွင်၊ မြန်မာ့သဏ္ဍာန်၊ မြန်မာ့ဟန်အမူအရာ ပေါ်ပေါက်ရန် စီစဉ် ဆောင်ရွက်ပေးခဲ့သည်။ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးသည့်နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တိုင်းကျိုး ပြည်ကျိုးပြု လုပ်ငန်းများကို မြန်မာ့အသံမှ ပီပီပြင်ပြင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် ဦးစီးဦးဆောင် ပြုလုပ်ပေးခဲ့၏။

တော်လှန်ရေးအစိုးရတက်ရောက်လာပြီးသည့်နောက် နိုင်ငံတော်ကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ်စနစ်ဆီသို့ ဦးတည်ချီတက်နေသည့်ကာလများတွင် မြန်မာ့အသံကို ပဲ့ကိုင်ထိန်းမတ် ပေးခဲ့သူ ဗိုလ်မှူးကျော်ဆန်းကိုလည်း ဖော်ပြရန်လိုမည်ထင်ပါသည်။ ဗိုလ်မှူးကျော်ဆန်းသည် ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့အထိ ခုနစ်နှစ်နီးပါး မြန်မာ့အသံ၏ ညွှန်ကြားရေးဝန် ရာထူးကို ထမ်းရွက်ခဲ့ရာ၌လည်း မြန်မာ့အသံ၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အကြံကောင်းဉာဏ်ကောင်း မြောက်မြားစွာပေးအပ်ပြီး မားမားမတ်မတ် ရပ်တည်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

ထို အနှစ် ၃၀ ကာလအတွင်း တိုင်းပြည်အတွက် သောတရှင်များအတွက် အကျိုးသက်ရောက်နိုင်မည့် အစီအစဉ်သစ်များ ရေးဆွဲတီထွင်

ရေး၊ လွှင့်နေဆဲ အစီအစဉ်များ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် မနားတမ်း စိတ်ရောကိုယ်ပါနှင့် အထက်ဖော်ပြပါ ညွှန်ကြားရေးဝန်များအားကူညီ၍ အမှုထမ်းခဲ့သူကား စာရေးသူပင် ဖြစ်သည်။ စာရေးသူသည် ၁၉၄၆ ခုနှစ်မှအစပြု၍ မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှူး၊ ထို့နောက် ဒုတိယ ညွှန်ကြားရေးဝန်၊ ထို့နောက် တွဲဖက်ညွှန်ကြားရေးဝန် အဖြစ်နှင့် အမှုထမ်းခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် အသံလွှင့်ဌာနခွဲ ညွှန်ကြားရေးမှူး ဖြစ်လာသည့်အချိန်အထိ နိုင်ငံတကာ အသံလွှင့်ဌာနများမှ လေ့လာတွေ့ရှိခဲ့ရသော အတွေ့အကြုံများဖြင့် အသံလွှင့် အစီအစဉ်သစ်များကို တီထွင်ထုတ်လွှင့်နိုင်ရန် အမြဲတန်း ကြံစည်စိတ်ကူးနေသူဖြစ်သည့်အတိုင်း ယနေ့ယခု မြန်မာ့အသံမှ ထုတ်လွှင့်နေသည့် အသံလွှင့်အစီအစဉ်ကဏ္ဍအသီးသီးသည် စာရေးသူ၏ လက်ရာများဟု ဆိုပါက မှားအံ့မထင်ပေ။ စာရေးသူ စီစဉ်တီထွင်ပေးလိုက်သည့် အစီအစဉ်များကို အောင်မြင်ခဲ့ရသည်မှာ မြန်မာ့အသံ ဝန်ထမ်းကြီးငယ် အပေါင်း၏ စေတနာနှင့် လုပ်ဆောင်ချက်များကြောင့်ဖြစ်သည်ကို အထူး ချီးကျူးဖော်ပြလိုပါသည်။ ယင်းတို့၏ စိတ်ဓာတ်နှင့်စေတနာကို ဤစာအုပ်တွင် အထူး မှတ်တမ်းတင်အပ်ပါသည်။

အနှစ် ၃၀ ကာလအတွင်း ရန်ကုန်မြို့တော်တွင် မငြိမ် မသက်မှု အရေးအခင်း အမျိုးမျိုးကို ကြုံတွေ့ကြရလင့်ကစား မိမိတို့၏ အသက်ဘေး အန္တရာယ်ကိုပင်မမှုပဲ မြန်မာ့အသံမှ အသံမတိတ်ရလေအောင် အားကြိုးမာန်တက်ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသူများဖြစ်သည့် ဤဝန်ထမ်းအပေါင်းကို ဂုဏ်ပြုလိုက်ပါ၏။

မြန်မာ့အသံ၏ အသံလွှင့်အစီအစဉ်ကဏ္ဍအသီးသီးတို့မှာ နားထောင်ချင့်စဘွယ် တိုးတက်ကောင်းမွန်လာခဲ့သော်လည်း ယနေ့ မြန်မာ့အသံ၏ စက်အင်အားအခြေအနေမှာ တစတစ ဟောင်းနွမ်းယိုယွင်း လာနေပါသည်။ ၁၉၅၁ ခုနှစ်ဆီလောက်က ဝယ်ယူထားခဲ့သော အသံလွှင့်စက်ကြီးများအတွက် အပိုအရန် စက်ပစ္စည်းများကို ပင်ရင်းနိုင်ငံများသို့ မှာကြားခဲ့သော်လည်း ယင်းစက်များအတွက် အရန်ပစ္စည်းများ ထုတ်လုပ်ခြင်း မပြုတော့သဖြင့် နောက်ထပ်ရရှိနိုင်ရန် အလားအလာများ

အထူးနည်းပါးနေသည်ဟု သိရ၏။ သို့ဖြစ်လင့်ကစား မြန်မာ့အသံမှ အသံများ လေလှိုင်းတွင်ပျံ့ဝဲနေနိုင်အောင် (ယခင် အင်ဂျင်နီယာချုပ်) ယခု ညွှန်ကြားရေးမှူး(စက်မှု)ဦးဝင်းမောင်နှင့် အသံလွှင့်စက်ရုံ၊ အကြီးတန်း ကြီးကြပ်မှုအင်ဂျင်နီယာ ဦးစိုးဝင်းတို့၏ မလျော့သောဇွဲလုံ့လဖြင့် စွမ်းဆောင် ကြိုးပမ်းမှုများကြောင့် မြန်မာ့အသံ၏ အသံများသည် ပျံ့လွင့်နေမည်သာ ဖြစ်သည်။

သို့သော် မည်မျှကြာအောင် စွမ်းဆောင်နိုင်ကြပေမည်နည်း။

မြန်မာ့အသံ၏ ရှေ့အနာဂတ် ခရီးလမ်း ဖြောင့်ဖြူး သာယာရေး၊ တိုင်းပြည်အတွက် လိုအပ်မည့်အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ရေး၊ သောတရှင် ရေဒီယိုပိုင်ရှင်များအဖို့ ကြည်လင် ပြတ်သားစွာ နားသောတဆင်နိုင်ရေးတို့အတွက် အလွန် အရေးတကြီး လိုအပ်နေသော အသံလွှင့်စက်သစ်ကြီးများကို မှာကြားဝယ်ယူကာ ဟောင်းနွမ်းယိုယွင်းနေပြီ ဖြစ်သော စက်ဟောင်းကြီးများ နေရာတွင် အစားထိုးသင့်ပြီ ဖြစ်ကြောင်းကိုကား စေတနာကောင်းနှင့်ရေးသားဖော်ပြလိုပါသည်။

ယနေ့လက်ရှိ စက်အခြေအနေမှာကား သိပ်အားရ ကျေနပ်ဖွယ်ရာ မရှိသေးပါ။ လှိုင်းတိုစက်များနှင့် လွှင့်ပေးနေသည့် အသံလွှင့်ချက်များကို အချို့အရပ်ဒေသများတွင် ကြည်ကြည်လင်လင် ပြီပြီသသ မကြားကြရဟူသောပြောသံဆိုသံများကို ကြားနေရပေသည်။ နိုင်ငံတော်၏ လမ်းစဉ် မူဝါဒများနှင့် ဆိုရှယ်လစ်ရေး လုပ်ကိုင်ဆောင်ရွက်ချက် များကို တတိုင်းတပြည်လုံး ကောင်းမွန်ကြည်လင်စွာ နားထောင်နိုင်ရေး၊ ကြားနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သင့်ပြီဟု ယူဆမိပေသည်။

"ခင်ဗျားတို့ မြန်မာ့အသံက ပြည်တွင်းမှာတောင် မကြားတချက် ကြားတချက်ဖြစ်နေတာ ကမ္ဘာက ကြားနိုင်ပါ့မလား" ဟူသောမေးခွန်းကို အချို့မိတ်ဆွေများက စာရေးသူနှင့် တွေ့သည့်အခါတိုင်း မေးမြန်းခဲ့ကြပါသည်။ ထိုမေးခွန်းကို စာရေးသူက ဤသို့ဖြေကြားခဲ့ပါသည်။

"မြန်မာ့အသံဟာ နိုင်ငံရပ်ခြား ပြည်ပကို အသံမလွှင့်ပါဘူး၊ ကိုယ့်ပြည်တွင်းမှာရှိတဲ့ လုပ်သားပြည်သူတွေအတွက်သာ အဓိက ရည်စူးပြီး

အသံလွှင့်နေခြင်း ဖြစ်ပါတယ်။ အဲ ဒါပေမယ့် မြန်မာ့အသံက လှိုင်းတိုနဲ့ လွှင့်ပေးတဲ့ အသံလွှင့်ချက်တွေကို တချို့နိုင်ငံတွေမှာ ဖမ်းယူနားထောင်နိုင်ကြပါတယ်။”

စာရေးသူ၏ ဖြေကြားချက်ကို အချို့မိတ်ဆွေများက လက်ခံပုံမရကြပါ။ သို့သော် စာရေးသူ ဖြေကြားခဲ့ခြင်းမှာ မြန်မာ့အသံသို့ နေ့စဉ်ရောက်ရှိလာသော နိုင်ငံခြားသောတရှင်များထံမှ (Reception Reports) ခေါ် စာများအရ ဖြေကြားခဲ့ခြင်း ဖြစ်လေသည်။ နိုင်ငံခြား သောတရှင်များထံမှ စာများတွင် မြန်မာ့အသံကို မည်သည့်နေ့ မည်သည့်အချိန်က မည်သည့်မီတာတွင် ဖမ်းမိကြောင်း ရေးသားဖော်ပြကြရုံမက မိမိတို့ ကြားရသည့် အစီအစဉ် အသေးစိတ်များကိုပါ ထည့်သွင်းဖော်ပြကြ၏။ အချို့စာရေးသူများဆိုလျှင် မိမိတို့ဖမ်းမိသည့် အစီအစဉ်များကို ကက်ဆက်ကြိုးခွေတွင်ကူးပြီး ယင်းကက်ဆက်ကိုပါ မြန်မာ့အသံသို့ ပို့ပေးကြလေသည်။ မြန်မာ့အသံကလည်း ယင်းတို့ ရေးသားချက်များ မှန်မမှန်ကို နေ့စဉ်အသံလွှင့် ဇယားများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ပြီး မှန်ကန်ခဲ့လျှင် မှန်ကန်ကြောင်း ပို့စကဒ်များကို စာရေးသူများထံသို့ ပြန်လည် ပေးပို့ရလေသည်။

၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်အတွင်း နိုင်ငံခြားတိုင်းပြည်များမှ မြန်မာ့ အသံ အသံလွှင့်ချက်များကို ဖမ်းမိကြောင်း ရေးသားပေးပို့ကြသည့် စာအရေအတွက်ကို အောက်ပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။

| စဉ် | နိုင်ငံအမည် | ၁၉၇၄ ခုနှစ် | ၁၉၇၅ ခုနှစ် |
|---|---|---|---|
| ၁။ | အမေရိကန်ပြည်ထောင်စု | ၂၅ | ၁၉ |
| ၂။ | ဩစတြေးလျ | ၉ | ၁၂ |
| ၃။ | အိန္ဒိယ | ၁၈ | ၁၆ |
| ၄။ | နယူးဇီလန် | ၁၀ | ၂ |
| ၅။ | အနောက်ဂျာမနီ | ၁၆ | ၁၁ |
| ၆။ | ဖင်လန် | ၇ | ၁၃ |
| ၇။ | ဆွီဒင် | ၁၃ | ၈ |

| | | | |
|---|---|---|---|
| ၈။ | ဗြိတိန် | ၄ | ၅ |
| ၉။ | အီတလီ | ၂ | ၁ |
| ၁၀။ | ဂျပန် | ၃၅ | ၆၉ |
| ၁၁။ | နော်ဝေး | ၅ | ၂ |
| ၁၂။ | ဘယ်လဂျမ် | ၃ | – |
| ၁၃။ | ကနေဒါ | ၂ | ၃ |
| ၁၄။ | ဖိလိပိုင် | ၁ | – |
| ၁၅။ | ဆိုဗီယက်ရုရှား | ၁ | – |
| ၁၆။ | တောင်အာဖရိက | ၂ | ၁ |
| ၁၇။ | ဟဝိုင်ယီ | ၁ | – |
| ၁၈။ | နယ်သာလင် | ၁ | ၂ |
| ၁၉။ | ဘန်ဂလာဒက် | ၁ | ၅ |
| ၂၀။ | ဘရာဇီး | ၁ | – |
| ၂၁။ | ဒင်းမတ် | ၁ | – |
| ၂၂။ | အာဂျင်တီးနား | ၃ | – |
| ၂၃။ | သီရိလင်္ကာ | ၃ | – |
| ၂၄။ | ပြင်သစ် | ၁ | – |
| ၂၅။ | မလေးရှား | – | ၅ |
| ၂၆။ | အိုင်ယာလန် | – | ၄ |

မှတ်ချက်။ ။ ဖေဖော်ဝါရီလ၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် စာအများဆုံး ရရှိလေ့ရှိသည်။

ယနေ့လက်ရှိ အသံလွှင့်နေသော အသံလွှင့် အစီအစဉ် များမှာ ၁၉၇၁ ခုနှစ်၊စက်တင်ဘာလ ၁၅ ရက်နေ့တွင် အချို့အစီအစဉ်ဟောင်းများကို ဖြုတ်ပစ် ရပ်ဆိုင်းခဲ့ခြင်း၊ အစီအစဉ်သစ် အချို့ကို တီထွင်ခြင်းများ ပြုလုပ်ခဲ့ရာမှ ပေါ်ပေါက်လာနေခြင်း ဖြစ်လေသည်။ ထိုအချိန်က ရေးဆွဲခဲ့သော အစီအစဉ်များကို ကဏ္ဍအလိုက် ရာခိုင်နှုန်းခွဲ၍ ကြည့်လိုက်မည် ဆိုလျှင် ပြန်ကြားရေး ၁၇း၉၆ ရာခိုင်နှုန်း၊ ပညာပေး ၁၃.၁၅

ရာခိုင်နှုန်း၊ ဖျော်ဖြေရေး ၆၀.၇၉ ရာခိုင်နှုန်း ဟူ၍ တွေ့ရမည် ဖြစ်လေသည်။

ဖျော်ဖြေရေး အစီအစဉ်များအနက် အဆင့်အတန်းရော အရည်အသွေးပါ တိုးတက်လာသော အစီအစဉ်မှာ အသံလွှင့်ဇာတ်လမ်းများပင် ဖြစ်သည်။ ၁-၁၁-၆၄ နေ့မှ စတင်အသံလွှင့်လာခဲ့သော အသံလွှင့် ဇာတ်လမ်းများတွင် နိုင်ငံက သိပြီးမြင်ပြီးဖြစ်သော ရုပ်ရှင်လောကမှ မင်းသမီး၊ မင်းသား၊ ဇာတ်ဆောင်များကို ပါဝင် အသံလွှင့်စေခြင်းအားဖြင့် ယင်းအစီအစဉ်များကို လက်မလွှတ်တမ်း နားထောင်သူများပေါများလာလေသည်။ ကောင်းလည်း ကောင်း၍ ကြိုက်လည်း ကြိုက်ကြသည်။

အလားတူပင် ဘဝကြေးမုံဇာတ်လမ်းစုံ၊ ဇာတ်လမ်းပမာ နားဆင်စရာများနှင့် ဟာဒယရှင်ဆေး အခန်းများမှာ တိုးတက်ကောင်းမွန် လာကာ နားမထောင်ရလျှင် မနေနိုင်သည့် အစီအစဉ်များဖြစ်နေပေသည်။ နံနက်တိုင်း အသံလွှင့်သည့် "ယနေ့နားဆင်ဖွယ်ရာ" အခန်းမှ တနေ့တာ အသံလွှင့် အစီအစဉ် အသီးသီးထဲမှ ကောင်းနိုးရာရာတို့ကိုကောက်နုတ် တင်ဆက်သည့် အစီအစဉ်ကိုလည်း လူတိုင်းလိုလို နှစ်ခြိုက်လျက်ရှိနေကြောင်း တွေ့ရှိရပေသည်။

## သောတရှင် သုတေသနပြုခြင်း

အသံလွှင့် အစီအစဉ်များနှင့် ပတ်သက်၍ သောတရှင်များက မည်မျှ လက်ခံ နှစ်ခြိုက်ကြသည်၊ မနှစ်ခြိုက်ကြသည်ကို စာရင်းဇယားဖြင့် သိရှိနိုင်ရန် မြန်မာ့အသံက သုတေသန ပြုခဲ့သည်။ ၁၉၇၂ ခုနှစ် ဧပြီလတွင်တကြိမ်၊ ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် တကြိမ် မြန်မာ့ အသံသို့ လာရောက် လုပ်အားပေးကြသော ကျောင်းသူ ကျောင်းသားများ၏ အကူအညီဖြင့် ရန်ကုန်မြို့ မြေနီကုန်း၊ ကြည့်မြင်တိုင်နှင့် အလုံရပ်ကွက်များသို့ကွင်းဆင်း၍ နမူနာစစ်တမ်း ကောက်ယူခဲ့ပါသည်။ နောက်ဆုံး

တွေ့ရှိရချက်အရ သောတရှင်များ အနှစ်ခြိုက်ဆုံး အစီအစဉ် များမှာ အောက်ပါ အစီအစဉ်အတိုင်း ဖြစ်လေသည်။

၁။ အသံလွှင့်ဇာတ်
၂။ ရုပ်ရှင်သီချင်း
၃။ ခေတ်ဟောင်းသီချင်း
၄။ ဟာဒယရွှင်ဆေး

အသံလွှင့်ဇာတ်ကို အမျိုးသား ၉၄ ရာခိုင်နှုန်းက နှစ်ခြိုက်၍ အမျိုးသမီး ၉၈ ရာခိုင်နှုန်းက နှစ်ခြိုက်ကြလေသည်။ ရုပ်ရှင်သီချင်းကို အမျိုးသား ၇၃ ရာခိုင်နှုန်းက နှစ်ခြိုက်ပြီး အမျိုးသမီး ၉၄ ရာခိုင်နှုန်းက နှစ်ခြိုက်ကြသည်။ ဖျော်ဖြေမှု အစီအစဉ်များအနက် ဟာဒယရွှင်ဆေးကို အမျိုးသား ၉၄ ရာခိုင်နှုန်း၊ အမျိုးသမီး ၉၀ ရာခိုင်နှုန်းတို့က နှစ်ခြိုက်ကြ၍ လူကြိုက်အများဆုံး အအောင်မြင်ဆုံး အစီအစဉ်ဟု ဆိုရပေမည်။ ဆိုင်းအဖွဲ့၊ ကွက်စိပ်၊ ရုပ်သေး အစီအစဉ်တို့မှာ နားထောင်သူနည်းပါးပြီး လူကြိုက်လည်း နည်းကြောင်း တွေ့ရလေသည်။

ဟောပြောချက်များတွင် အမျိုးသားများက သိပ္ပံပညာသိကောင်းစရာနှင့် ကျန်းမာရေးအတွက် ဆေးတခွက်အခန်းကို အများဆုံး နားထောင်ကြပြီး အမျိုးသမီးများက ကျန်းမာရေးအတွက် ဆေးတခွက်အခန်းနှင့် ယနေ့နားဆင်ဘွယ်ရာတို့ကို အများဆုံးနားထောင် ကြလေသည်။ ယနေ့ဖတ်စရာ မှတ်စရာ၊ ယဉ်ကျေးမှုအနုပညာနှင့် စည်ပင်သာယာ ပြည်မြန်မာ အစီအစဉ်တို့ကို နားထောင်မှုနည်းပါးပြီး ကြိုက်နှစ်သက်မှုလည်း နည်းပါးကြလေသည်။

ဤသို့ကွင်းဆင်း၍ သုတေသနပြုရာတွင် ကျား၊ မ ခွဲခြား၍ သုတေသန ပြုခြင်း၊ အမှုထမ်း၊ ကျောင်းသူကျောင်းသား၊ ကိုယ်ပိုင်လုပ်ငန်းလုပ်သူ၊ မှီခိုသူနှင့် အငြိမ်းစားများစသည်ဖြင့် လူတန်းစား လေးမျိုးခွဲခြား၍ ကြိုက်နှစ်သက်မှုကို သုတေသနပြုခြင်း၊ အသက်အရွယ်အားဖြင့် ၁၄ နှစ်မှ ၂၅ နှစ်အထိ လူငယ်၊ ၂၆ နှစ်မှ ၃၀ နှစ်အထိ လူရွယ်၊ ၃၀

နှစ်မှ ၄၉ နှစ်အထိ လူလတ်၊ ၅၀ နှစ်အထက် လူကြီးဟူ၍ အသက်အပိုင်းအခြားဖြင့် အစီအစဉ် ကြိုက်နှစ်သက်မှုကိုလည်း သုတေသနပြုလုပ်ခဲ့လေသည်။

သတင်းများ အသံလွှင့်ခြင်းနှင့် ပတ်သက်၍မူ အမျိုးသားများသည် ညပိုင်း ပြည်တွင်းသတင်းနှင့် တပတ်အတွင်း နိုင်ငံခြား သတင်းများကို အများဆုံး နားထောင်ကြပြီး တပတ်အတွင်း သတင်းပဒေသာနှင့် နေ့လည်ပိုင်း သတင်းများကိုမူ နားထောင်မှုအနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရလေသည်။ အမျိုးသမီးများသည် ညပိုင်းသတင်းများကို အများဆုံး နားထောင်ကြပြီး တပတ်အတွင်း သတင်းပဒေသာ၊ တပတ်အတွင်း နိုင်ငံခြားသတင်းနှင့် နေ့လည်ပိုင်း သတင်းများကိုမူ နားထောင်မှုနည်း၍ ကြိုက်နှစ်သက်မှုလည်း နည်းကြောင်း တွေ့ရလေသည်။

အခြားအစီအစဉ်များနှင့် ပတ်သက်၍ သုတေသနပြု၍ ရရှိချက်များကို ရှည်လျားသွားမည်စိုး၍ မဖော်ပြလိုတော့ပါ။ အားလုံးကိုခြုံ၍ ကြည့်လိုက်မည်ဆိုလျှင် ယနေ့ မြန်မာ့အသံမှ အစီအစဉ်အားလုံးတွင် ကောင်းသည်များရှိ၍ လူကြိုက်များသည့် အစီအစဉ်များ ရှိသကဲ့သို့ လူအများ စိတ်မဝင်စား၍ နားမထောင် မနှစ်ခြိုက်သည့် အစီအစဉ်များလည်း ရှိနေသေးကြောင်း တွေ့ရှိရပေသည်။

မည်သို့ပင်ဖြစ်စေ အနှစ် ၃၀ ပြည့်မြောက်ခဲ့ပြီးသည့် အချိန်အခါတွင် မြန်မာ့အသံ၏ အသံလွှင့်လုပ်ငန်းရပ်များသည် နိုင်ငံတော်၏အခြေအနေ၊ အချိန်အခါနှင့် အကိုက်ညီဆုံးဖြစ်အောင် ဆောင်ရွက် လုပ်ကိုင်နေကြောင်းကိုမူကား မည်သူမျှ ငြင်းဆိုနိုင်လိမ့်မည် မဟုတ်ပေ။ ရှေ့အနာဂတ်ခရီးတွင် မြန်မာ့အသံသည် နိုင်ငံတော်၏အကျိုး၊ လုပ်သားပြည်သူများ၏အကျိုးကိုပိုမို၍စွမ်းစွမ်းတမံဆောင်ရွက်နိုင်စေရန် စက်အင်အား၊ လူအင်အားများ ပိုမိုဖြည့်တင်းကာ အသံလွှင့် အစီအစဉ်များကို ယခုထက်ပိုမိုကောင်းမွန် ဆန်းသစ်လာစေအောင် စီမံ ဖန်တီး လုပ်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

နောက်ဆက်တွဲ

# အသံလွှင့်ရုံတခွင်
# လှည့်လည်မည်ဆိုလျှင်

ပြည်ထောင်စု တဝန်းလုံးရှိ ရေဒီယိုပိုင်ရှင်များအားလုံး ကြားနိုင်ရန်အတွက် ရန်ကုန်မြို့မှနေ၍ အသံလွှင့်ပေးနေသော ပြည်လမ်းရှိ အသံလွှင့်ရုံသစ်ကြီးကို လူတကာ ဝင်ရောက်ကြည့်ရှု လေ့လာ လိုကြသည်။ အထူးသဖြင့် ဇာတ်လမ်းများ အသံလွှင့်ပုံ၊ တီးဝိုင်းအဖွဲ့သားများ အသံသွင်းပုံနှင့် အစီအစဉ်ကြေငြာသူ အမျိုးသမီး အသံရှင်များကို တွေ့လိုမြင်လို ကြည့်လိုကြသည်။ ဤသို့ လူအများက အသံလွှင့်ရုံကို ကြည့်ရှုလိုကြသည့်ဆန္ဒပြင်းပြလျက်ရှိသည်ကို သိရှိသော တော်လှန်ရေးအစိုးရသည် ၁၉၆၃ ခုနှစ် အောက်တိုဘာလတွင် အသံလွှင့်ရုံသို့ စနေနှင့်တနင်္ဂနွေနေ့များ၌ မည်သူ့ကိုမဆို ဝင်ရောက်ကြည့်ရှုခွင့် ပြုခဲ့ပေသည်။ ယင်းသို့ လာရောက်ကြည့်ရှုကြသူများအား အုပ်စုခွဲ၍ လိုက်လံပြသ ရှင်းလင်းပြောကြားနိုင်ရန်အတွက် ဝန်ထမ်း အချို့ကိုလည်း တာဝန် ချထားပေးခဲ့သည်။

သို့သော်လည်း တပတ်ထက်တပတ် ကြည့်ရှုသည့်လူဦးရေမှာ များပြားလာသည်သာမက ရဟန်း သံဃာတော်များ၊ ကလေးငယ်များပါ အများအပြားပါဝင်လာသဖြင့် လိုက်လံပြသသူများအနေဖြင့် မနိုင်မနင်းဖြစ်လာကြသည့်ပြင်အသံလွှင့်ရုံ၏လုံခြုံရေးကိုပါ ထိပါးမည့်စိုးရိမ်ဘွယ်ရာအခြေအနေသို့ ရောက်ရှိလာသောကြောင့် နောက်တနှစ်ခန့်အကြာတွင်

ဤသို့ အများတကာ ကြည့်ရှုခွင့်ကို ပိတ်ပင်ရပ်ဆိုင်းလိုက်ရ ပါတော့သည်။ လာရောက်ကြည့်ရှုကြသည့် သူများအနေဖြင့်လည်း အသံလွှင့်ခြင်း၊ အသံသွင်းခြင်း လုပ်ငန်းရပ်များကို လေ့လာခြင်းထက် အသံလွှင့်ရုံ ဝန်ထမ်းများဖြစ်သော အဆိုတော် မာမာအေး၊ တင်တင်မြ၊ ချစ်စပယ်၊ ရီလေး စသူများအပြင် အသံလွှင့်ဇာတ်လမ်းများတွင် စေတနာဖြင့် အခမဲ့ လာရောက်ကူညီ အသံသွင်းပေးကြသော ရုပ်ရှင်မင်းသားမင်းသမီးများကို တွေ့လိုမြင်လိုကြသူများက ပိုမိုများပြား နေသည်ကိုတွေ့ရပေသည်။

သို့ဖြစ်၍ ယခုအခါတွင် အသံလွှင့်ရုံအတွင်းသို့ အလုပ်ကိစ္စတာဝန်မရှိပဲနှင့် မည်သူကိုမှ ဝင်ရောက်ခွင့် မပြုတော့ပေ၊ ကျောင်းသူ ကျောင်းသားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လမ်းစဉ်လူငယ်များစသည့် နယ်များမှ လေ့လာရေး အဖွဲ့များပင်လျှင် ပြန်ကြားရေး ဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုချက်ဖြင့်သာ ဝင်ရောက် ကြည့်ရှုခွင့် လေ့လာခွင့် ရကြလေသည်။

အသံလွှင့်ရုံသို့တကြိမ်တခါမှ မရောက်ဘူးကြသူများအတွက် အသံလွှင့်ရုံတခွင် လှည့်လည်မည်ဆိုလျှင် မည်သို့တွေ့ရကြုံရမည်ကို ရေးသားဖော်ပြပါမည်။

အသံလွှင့်ရုံသစ်ကြီး ဆောက်လုပ်ရာတွင် ကျပ် ၆၂ သိန်းကျော် ကုန်ကျခဲ့၏။ အထဲတွင် တပ်ဆင်ထားသော စက်ပစ္စည်းများနှင့်ပါ ဆိုလျှင် စုစုပေါင်း ၇၇ သိန်းကျော် ကုန်ကျခဲ့လေသည်။ စုစုပေါင်း အကျယ်အဝန်းမှာ ၆၃,၇၇၀ စတုရန်းပေရှိသည်။ အသံသွင်း အသံလွှင့် နိုင်သည့် စတူဒီယိုအခန်းများအားလုံးမှာ မြေညီထပ်တွင်ရှိ၍ အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ အက်ဖ၊ ဂျီ၊ အိပ်ချ်ဟူ၍ စတူဒီယိုအခန်းပေါင်း ရှစ်ခန်းတိတိ ရှိလေသည်။ စတူဒီယို အခန်းတိုင်းတွင် မှန်ချပ်ကြီးများကာထားသည့် စက်ခန်း ဟူသော အခန်းငယ်တခုစီ တွဲဖက်ထားသည်။ ထိုစက်ခန်းများမှနေ၍ အသံသွင်းသည့် စက်ဆရာများက စတူဒီယိုထဲမှ အသံများကို ပီပီသသရှိရန်နှင့် အတိုးအကျယ်ကို လိုသလိုရအောင် အသံထိန်းပေးရသည်။ အသံသွင်းသည့်အခါများတွင် ယင်းစက်ခန်းများထဲမှနေ၍ စတူဒီယိုထဲမှအသံ

များကို အသံသွင်း ကြိုးခွေထဲသို့ရောက်အောင် အသံသွင်းယူ ကြရသည်။ အသံလွှင့်သည့်အခါများတွင်မူ လူကိုယ်တိုင် သတင်းဖတ်သည့်အသံ၊ကြိုးခွေထဲမှာ ကြိုသွင်းထားသည့် အစီအစဉ်များ၊ ဓာတ်ပြားများကို ပီပီသသ ကြည်ကြည်မြမြနှင့် အသံ အတိုးအကျယ်မှန်အောင် ယင်း အသံထိန်းစက်ခန်းများမှထိန်းချုပ်ပေး၍ အသံထိန်းစက်ခန်းမကြီးဆီသို့ ပို့ပေးရသည်။ အသံထိန်း စက်ခန်းမကြီးမှတဖန် ရေကူးရှိ အသံလွှင့် စက်ရုံသို့ အသံလွှင့်ပေးနိုင်ရန်အတွက် မြေအောက်ကြိုးများနှင့် ဆက်၍ပို့ရသည်။

စတူဒီယိုခန်းများအားလုံးနှင့် စက်ခန်းများ၊ ထို့အပြင် ဓာတ်ပြားကြိုးခွေများ ထားရှိရာ ဓာတ်ပြားတိုက်နှင့် လွှင့်သံထောက် အခန်းများတွင် အအေးဓာတ်များ လွှတ်ပေးထားရာ ယင်းအခန်းများမှာ နွေ၊ မိုး၊ ဆောင်းရာသီ ဥတုမရွေး အမြဲတန်း အေးစိမ့်လျက်ရှိနေသည်။

## စတူဒီယို အေ

အသံလွှင့်ရုံ အရှေ့ဖက် ဆင်ဝင်အောက်မှ မှန်တံခါးကြီး နှစ်ချပ်ကို တွန်းဖွင့်၍ ဝင်သွားလျှင် စတူဒီယို အေ ခေါ်သည့် အသံလွှင့်ခန်းမကြီးကို မြင်တွေ့ရပေမည်။ စတူဒီယို အေမှာ အသံသွင်း အသံလွှင့်ခန်းများတွင် အကြီးဆုံးဖြစ်၍။ ပရိသတ် ၅၀၃ ဦးထိုင်၍ ကြည့်ရှုနိုင်ရန်အတွက် သမတ ရုပ်ရှင်ရုံမှာကဲ့သို့ ဆိုဖာထိုင်ခုံများ တပ်ဆင်ထားရှိသည်။ ရှေ့ကဇာတ်ခုံပေါ်တွင် ကပြသီဆိုတီးမှုတ် အသံလွှင့်ကြသည်များကို ညှိ့ပရိသတ်များက ကြည့်ရှုကြပြီး လွတ်လွတ်လပ်လပ် ရယ်နိုင်မောနိုင်သည်။ လက်ခုပ်တီး၍ ဩဘာပေးနိုင်ကြသည်။ ယင်းအသံများအားလုံး အသံလွှင့်ရာတွင် သဘာဝကျကျနှင့် ပါဝင်သွားနိုင်ရန် စီစဉ်ထားသည်။

ယင်းအခန်းကြီးတွင် ပဲ့တင်သံများ၊ လိုဏ်သံများ၊ ခြောက်ကပ်ကပ်အသံများ မထွက်ပေါ်ရလေအောင် ဇာတ်ခုံနံရံပေါ်တွင် အလုံးဝိုင်းဝိုင်းကြီးများ၊ မျက်နှာကျက်တွင် အခုံးအခုံးများဖြင့် တန်ဆာ ဆင်ထားသည်ကိုလည်း တွေ့ရပေလိမ့်မည်။ ယင်းတို့မှာ စတူဒီယို ခန်းမကြီးကို အခြားအခန်းများနှင့် မတူအောင် တမူထူးခြားစွာကြည့်၍လည်း လှပအောင် တမင်လုပ်ယူထားခြင်းဖြစ်သည်။ နံရံများမှာလည်း အသံဘောင်

ဘင်မခတ်ရအောင်အသံများအထဲသို့စိမ့်ဝင်သွားအောင် (Accoustics) ခေါ် အပေါက်ငယ်ကလေးများပါသည့် အချပ်များ ကပ်ထားသည်ကို တွေ့ရပေလိမ့်မည်။

အသံလွှင့်ရုံသစ်ကြီး စတင်ဖွင့်လှစ်သည့် ၁၉၆၀ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဤအခန်းကြီးထဲမှနေ၍ အပျိုတော်ကနှင့် ဆိုကြကကြ တီးမှုတ်ကြသည်များကို တိုက်ရိုက်အသံလွှင့်ပေးခဲ့သည်။ နောက်တခါ ထိုလ ၂၅ ရက်နေ့တွင် ဘိုကလေးတင့်အောင်၏ "မောင့်ဖြစ်အင်ရေး" ဟာသအသံလွှင့်ဇာတ်ကို ဖိတ်ကြားထားသော ပရိသတ်များရှေ့မှောက် တွင် ပထမဆုံး အသံလွှင့်ပေးခဲ့သည်။ ၁၉၆၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁၅ ရက် မြန်မာ့အသံ၏ ၁၅ ကြိမ်မြောက် နှစ်ပတ်လည်နေ့တွင် အထူးအစီ အစဉ်တရပ်အနေဖြင့် ရေဒီယိုအဆိုကျော်များက ဤခန်းမကြီးထဲမှနေ ၍ ဧည့်ပရိသတ်များအား သီဆိုဖျော်ဖြေကြယင်း တိုက်ရိုက်အသံလွှင့် ပေးခဲ့သည်။ နောက်တဖန် ထိုနှစ် မတ်လ ၁၂ ရက်နေ့ညတွင် ရုပ်သေး ပညာရှင် ဒဂုံဆရာလင်း၏ ရုပ်သေးအဖွဲ့ကလည်း ဧည့်ပရိသတ်များအား ရုပ်သေးပဒေသာဖြင့် တင်ဆက်ဖျော်ဖြေယင်း တိုက်ရိုက်အသံလွှင့်ခဲ့၏။ ကရင်နှစ်သစ်ကူးနေ့များတွင် ကရင်အမျိုးသား တီးဝိုင်းများကိုလည်း ပရိသတ်များ ထိုင်ကြည့်နားထောင်ကြရင်းနှင့် တိုက်ရိုက်အသံလွှင့်ပေး ခဲ့သည်။

၁၉၆၂ ခုနှစ်မှ အစပြု၍ စတူဒီယိုအောမှ ဤကဲ့သို့ ပရိသတ်များအား ဖိတ်ကြားပြီး တိုက်ရိုက်အသံလွှင့်ပေးသည့် အစီအစဉ်များ မရှိတော့ပဲ ယခုအခါတွင် ယင်းခန်းမကြီးကို ရုပ်ရှင် အကယ်ဒမီ ဆုပေးပွဲ၊ သတင်း စာ ရှင်းလင်းပွဲများလောက်သာ အသုံးများလျက်ရှိသည်။ တခါတရံ အထူးတေးဂီတအစီအစဉ်များ အသံသွင်းရန်အတွက် အသုံးပြုနေသည်။

## စတူဒီယို ဘီ

အသံလွှင့်ရုံတွင် ဒုတိယအကြီးဆုံး စတူဒီယိုဖြစ်သည်။ ယင်းအခန်း တွင် ပညာရှင် ၂၀ ခန့် သီဆို တီးမှုတ်နိုင်သည့်အတွက် ဇာတ်သဘင်၊ အငြိမ့်၊ ဆိုင်း၊ ကာလပေါ် တီးဝိုင်းကြီးများ အသံသွင်းသည်။

## စတူဒီယို စီ

ဤစတူဒီယိုမှာ များသောအားဖြင့် ဓာတ်လမ်းဆန်ဆန် အသံလွှင့်သော အစီအစဉ်များကို အသံသွင်းသည့်အခန်းဖြစ်၍ ဓာတ်လမ်း အသံသွင်းခန်းဟုလည်း ခေါ်ဆိုနိုင်သည်။ အသံလွှင့်ဓာတ်၊ ဓာတ်လမ်းဆမာနားဆင်စရာ၊ ဘဝကြေးမုံဓာတ်လမ်းစုံ၊ ကျောင်းသင်ခန်းစာ၊ လူငယ်ကဏ္ဍ၊ ကျေးလက်ဓာတ်လမ်း၊ ဒို့ကျေးရွာစသည့် အစီအစဉ်များကို အဓိက အသံသွင်းသည့် အခန်းဖြစ်သည်။ ပညာရှင် လေး ငါး ခြောက်ဦးခန့်သာ ပါဝင်သည့် သီချင်းကြီးတီးဝိုင်းများကိုလည်း ဤစတူဒီယိုထဲတွင် အသံသွင်းသည်။

ဓာတ်လမ်းများ အသံသွင်းသည့်အခန်း ဖြစ်သောကြောင့်လည်း ဤအခန်းထဲတွင် တံခါးဖွင့်သံ၊ ပိတ်သံ၊ လမ်းလျှောက်သံ၊ လှေကားတက်သံ ဆင်းသံများကို ဓာတ်လမ်းနှင့် ဆီလျော်အောင် လုပ်ယူ၍ ရနိုင်ရန် အတွက် လှေကားခုံ၊ တံခါးဘောင်၊ ပြူတင်းပေါက် စသည့် ပုံစံများ လုပ်ထားသည်ကို တွေ့ရပေလိမ့်မည်။

## စတူဒီယို ဒီ

စတူဒီယို ဒီ မှာ စတူဒီယို ဘီ ကဲ့သို့ပင် တီးဝိုင်းများ အသံသွင်းသော အခန်းဖြစ်၏။ ဘီ ထက် အနည်းငယ်သေးသည်။ ပညာရှင် ၁၀ ဦးမှ ၁၅ ဦးအထိ ပါဝင်သည့် တီးဝိုင်းများ၊ အင်္ဂလိပ် တီးဝိုင်းများနှင့် တိုင်းရင်းသား တီးဝိုင်းများ အသံသွင်းလေ့ရှိသော စတူဒီယိုဖြစ်သည်။

## စတူဒီယို အီး နှင့် အက်ဖ

ဤစတူဒီယိုနှစ်ခုမှာ ပုံစံတူ အရွယ်တူ အခန်းနှစ်ခန်းဖြစ်၍ ဟောပြောချက်များ၊ ဆွေးနွေးခန်းများကို အသံသွင်းသော အခန်းနှစ်ခန်း ဖြစ်သည်။ ညပိုင်းတွင် စတူဒီယို အက်ဖ မှနေ၍ ညနေ ၄ နာရီခွဲမှ ည ၉ နာရီ ၁၅ မိနစ်အထိ တိုင်းရင်းသား အစီအစဉ်များကို အသံလွှင့်ပေး လျက်ရှိသည်။

# စတူဒီယို ဂျီ နှင့် အိပ်ချ

ဤစတူဒီယိုနှစ်ခုမှာ စက်ခန်းတခန်းထဲနှင့် တွဲထားသည်။ စက်ခန်းကို အလယ်မှထား၍ စက်ခန်း၏ လက်ဝဲနှင့် လက်ျာတို့တွင် စတူဒီယို တခုစီရှိသည်။ ယင်းစတူဒီယိုနှစ်လုံးကို နံနက်ပိုင်း၊ နေ့လည်ပိုင်းနှင့် ညပိုင်း အစီအစဉ်များကို အသံလွှင့်ရာမှာ နေ့စဉ်အသုံးပြုရသည်။ လူကိုယ်တိုင်( Live )အသံလွှင့်သည့် အစီအစဉ်များဖြစ်သည်။ အစီအစဉ် ကြေငြာသူ အမျိုးသမီးများနှင့် သတင်းဖတ်သူများ အများဆုံးအသုံး ပြုသည့် အခန်းများဖြစ်၏။ တဖက်ခန်းထဲမှ အစီအစဉ် ကြေငြာသူက အစီအစဉ် ကြေငြာလိုက်သည့်အခါ အခြားတဖက်ခန်းထဲမှ သတင်းဖတ် သူက ဆက်လက်၍ သတင်းများကို ကြေငြာသွားနိုင်အောင် ပြုလုပ် ထားခြင်းပင် ဖြစ်လေသည်။ ဤသို့ နှစ်ခန်းမရှိလျှင် တခန်းထဲတွင် လူ နှစ်ယောက်ဝင်ရပြီး တယောက်အသံလွှင့်တာမပြီးမဆုံးမချင်းတယောက် က အနှောင့်အယှက်မဖြစ်ရအောင် ငြိမ်နေရမည်ဖြစ်သည်။ ယခုသော် ဤသို့မဟုတ် တခန်းမှ အသံလွှင့်နေလျှင် အခြား အခန်းထဲ ရှိသူက ချောင်းဆိုးချင်ဆိုး၊ ခံတွင်းရှင်းလိုလျှင်ရှင်းနှင့် လွတ်လွတ်လပ်လပ် သက် တောင့်သက်သာ နေနိုင်ပေသည်။

## အသံထိန်းစက် ခန်းမကြီး ( Master Control Room )

စတူဒီယိုဂျီနှင့် အိပ်ချ ၏ လက်ျာဘက် ကပ်လျက်တွင် အသံထိန်း စက်ခန်းမကြီးဟုခေါ်သော မှန်ချပ်ကြီးများ ပတ်လည်ကာရံထားသည့် အခန်းကြီးရှိသည်။ ယင်းအခန်းကြီးမှနေ၍ စတူဒီယိုများမှ အသံလွှင့် နေသော အသံများကို ရေကူးရှိ အသံလွှင့်စက်ရုံသို့ မြေအောက်ကြိုး များနှင့် ပို့ပေးရသည်။ ယင်းအသံထိန်း ခန်းမကြီးမှနေ၍ စတူဒီယို ဂျီ ထဲသို့ လှမ်း၍မြင်နိုင်အောင်လည်း မှန်ချပ်ကာရံထားသည်။

## အသံသွင်းစက် ခန်းမ ( Recording Room )

အသံထိန်းစက်ခန်းမကြီးနှင့် မျက်နှာချင်းဆိုင်တွင် အလားတူ မှန် ချပ်ကြီးများ ပတ်လည်ကာရံထားသော အခန်းမှာ အသံသွင်းကြိုးခွေ များနှင့် အသံသွင်းယူသော အသံသွင်းစက်ခန်း ဖြစ်သည်။ အသံလွှင့်ရှုံ

ဖွင့်ပြီးကာစက စတူဒီယို အားလုံးမှ အသံသွင်းသော အသံများကို ဤစက်ခန်းကြီးထဲသို့ရောက်အောင် တဆင့်ပို့ပေးပြီး ဤအခန်းထဲမှ အသံသွင်းစက် ရီကော်ဒါများနှင့် အသံသွင်းယူခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ်လောက်တွင် လုပ်ငန်းပိုမိုလွယ်ကူ အဆင်ပြေသွားရန်အတွက် စတူဒီယိုတလုံးလျှင် အသံသွင်းစက်တလုံးကျစီခွဲ၍ တပ်ဆင်ပေးလိုက်ရာ ယခုအခါ ဤအခန်းထဲရှိ ရီကော်ဒါများကို တိပ်ကြိုးခွေတခွေမှ တခွေသို့ အသံကူးသည့်အခါ သို့မဟုတ် တည်းဖြတ်သည့်အခါများတွင်သာ အသုံးပြုတော့သည်။ ယင်း အသံသွင်းစက်များအပြင် ဤစက်ခန်းထဲတွင် အနောက်ဂျာမနီနိုင်ငံလုပ် နွိုင်းမင်း ( Neumann ) ခေါ် ဓာတ်ပြားခုတ်စက်ကြီးနှစ်လုံး ရှိသေးသည်။ ယင်းဓာတ်ပြားခုတ်စက်မှာ ဓာတ်ပြားရသင့်သည်ဟု တေးဂီတစိစစ်ရေး ဘုတ်အဖွဲ့က ဆုံးဖြတ်သည့် တေးသီချင်းများကို ဓာတ်ပြားအဖြစ် ပြုလုပ်ပေးနိုင်သည့် စက်ကြီးများ ဖြစ်၏။ ယင်းစက်ကြီးများအပြင် ( Duplicating Machine ) ဟုခေါ်သည့် တိတ်ကြိုးခွေအသံကူးသည့် စက်ကြီးများလည်း ဤအခန်းထဲတွင် ရှိသေးသည်။ ဤအသံကူးစက်ကြီးများမှာ တိပ်ကြိုးခွေ လေးခွေကို တချိန်တည်း တပြိုင်တည်း အသံကူးပေးနိုင်သည်။ မိနစ် ၃၀ စာရှိသည့် ကြိုးခွေလေးခွေကို ၂ မိနစ်အတွင်းတွင် အံ့ဩဘွယ် ကောင်းလောက်အောင် အသံကူးပေးနိုင်သော စက်ကြီးများပင်တည်း။ ။

# စာကြည့်တိုက်တွင် သုံးရန်

တိုက်ပိုင်အမှတ်

၃၇၄.၅ ကျော်ညိန်း၊ ဦး (မာတလိ)

ကျော် နှစ် ၃၀ မြန်မာ့အသံ။ ရန်ကုန်၊

စာပေဗိမာန်၊ ၁၉၇၉။

၁၀၉ စာမျက်နှာ၊ ပြည်သူ့သက်စွဲစာစဉ်။

မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်းနှင့် နှစ် ၃၀ အတွင်း အသံလွှင့်လုပ်ငန်း အတွေ့အကြုံများကို ရေးထားသည်။

အဖိုး ၃ ကျပ်

* မြန်ကြားပေးရန် မြန်မာ့အသံ

* ပညာပေးရန် မြန်မာ့အသံ

* ဖျော်ဖြေမှုပေးရန် မြန်မာ့အသံ

၁၉၃၇ ခုနှစ် အင်္ဂလိပ်ခေတ် အသံလွှင့်လုပ်ငန်းမှသည် ယနေ့ မြန်မာ့အသံ ဖြစ်လာသည်အထိ မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်း၏ သမိုင်းကြောင်း....

လူထုဆက်သွယ်ရေး ပညာတရပ် ဖြစ်သော အသံလွှင့် လုပ်ငန်း၏ သဘော သဘာဝနှင့် အနှစ်သာရများ....

မာတလိ အမည်ခံ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးကျော်ညိန်း၏ အနှစ် ၃၀ မျှသော အသံလွှင့် လုပ်ငန်း အတွေ့အကြုံများ....

စသည်....စသည်တို့ကို သိဖွယ် မှတ်ဖွယ်
စိတ်ဝင်စားစဖွယ် တင်ပြထားသော....

# နှစ် ၃၀ မြန်မာ့အသံ

အာဖိုး
ရ